# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဒါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝင်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက် ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၃၃၁)


## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး



ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၂၆**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့တွင် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦး ပေးပို့တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင်းတနေသည့် နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်ကို ပြင်ဆင်ပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်ကို လေ့လာကြည့်သည့်အခါတွင် ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်ခြင်းမရှိသည့် ပြဋ္ဌာန်းချက်များ၊ ရှေ့နောက်ညီညွတ်ခြင်းမရှိ ဆန့်ကျင်ကွဲလွဲနေသည့် ပြဋ္ဌာန်းချက်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ဖော်ဆောင်ရာတွင် အဟန့်အတားဖြစ်စေသည့် ပြဋ္ဌာန်းချက်များ ပါရှိနေပါကြောင်း။ *စာမျက်နှာ ၅ ကော်လံ ၁* ❁

### ဆတက်ထမ်းပိုး တိုးတက်လာမည့် မြန်မာ - ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု

စာ - ၆

### တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာ - ၈




မြန်မာ့အလင်း

# ခေတ်စနစ်ပြောင်းလဲချိန်သဘာဝ

ခေတ်စနစ်ပြောင်းလဲရေး ဖြစ်စဉ်ကြီးတစ်ခု ဖြစ်ပေါ်လာအောင် မိမိတို့ ကြိုးပမ်းဆောင်ရွက်နေကြသည်။ ခေတ်ဟောင်း စနစ်ဟောင်းသည် နိုင်ငံကိုရော ပြည်သူကိုပါ အကျိုးမပြုနိုင်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် မစွမ်းဆောင်နိုင်၊ နိုင်ငံတကာနှင့် ရင်ပေါင်မတန်းနိုင်သည့်အပြင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအပါအဝင် ကဏ္ဍပေါင်းစုံတို့တွင် ချွတ်ခြုံကျစေခဲ့သည်ဟူ၍ ယုံကြည်ခဲ့ကြသည့်အလျောက် ခေတ်ပြောင်းစနစ်ပြောင်းကာ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ဖို့ မျှော်မှန်းခဲ့ကြသည်။

မိမိတို့နိုင်ငံ၏ ခေတ်ဟောင်းစနစ်ဟောင်းသည် ရာစုနှစ်တစ်ဝက်စာမျှ ရှည်ကြာခဲ့သည်။ ယင်းကာလအတွင်း အစိုးရအဆက်ဆက်တို့ ပြောင်းလဲခဲ့သည့်တိုင် ဗဟိုဦးစီးချုပ်ကိုင်သည့်စနစ်ကသာ အဓိကဖြစ်ခဲ့သည်။ နှစ်ပေါင်း ၅၀ ကြာမျှ ပြည်သူတို့ ယဉ်ပါးခဲ့ရသည်မှာ အမိန့်ညွှန်ကြားချက်များဖြစ်ပြီး အထက်တွင် အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်နှင့် အောက်ဆုံးလွှာတွင် သာမန်ပြည်သူများရှိသည့်ပုံစံသာလျှင် ဖြစ်သည်။ ယင်းအခြေအနေတွင် အောက်ခြေမှ ပြည်သူတို့၏အသံကို အထက်အဆင့်ဆင့်မှ ကြားသိရန် ခက်ခဲသလို အထက်မှအဆင့်ဆင့် ဆင်းသက်လာသည့် အမိန့်၊ ညွှန်ကြားချက် တစ်စုံတစ်ရာတို့သည်လည်း အောက်ဆုံးအဆင့်သို့ ရောက်လာသည့်အခါ တစ်ခါတစ်ရံတွင် ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်နေတတ်သလို တစ်ခါတစ်ရံတွင်လည်း ပြင်းပြင်းထန်ထန်ဖြစ်နေတတ်သည်ကို အတိတ်ကာလက တွေ့ကြုံခဲ့ကြရသည်။ ထိပ်ဆုံးနှင့် အောက်ဆုံးတို့၏ ကြားအဆင့်များတွင်လည်း အဂတိလိုက်စားမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ အားနည်းမှု၊ လုပ်ငန်းမကျွမ်းကျင်မှု၊ လုပ်ပိုင်ခွင့်နှင့် အာဏာယစ်မူးမှု စသည်တို့၏ အကျိုးဆက်များကို နောက်ဆုံးတွင် ပြည်သူတို့ကသာ ခံစားခဲ့ကြရသည်။ သို့ဖြစ်သည့်အတွက် ခေတ်ပြောင်းစနစ်ပြောင်း၊ အပြောင်းအလဲကို အလိုရှိခဲ့ကြခြင်းဖြစ်သည်။ ကာလကြာရှည်စွာ တည်ရှိခဲ့သည့် ဗဟိုဦးစီးစနစ်အောက်မှ ရုန်းထွက်ကာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန် အလိုရှိခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် ခေတ်စနစ်တစ်ခုကို ပြောင်းလဲခြင်းသည် စာမျက်နှာတစ်ခုမှ တစ်ခုသို့ ပြောင်းရာတွင် စာရွက်လှန်သလို အလွယ်တကူ မဖြစ်နိုင်သည်ကို မိမိတို့အားလုံး သိရှိကြပြီးလည်းဖြစ်သည်။ ခေတ်စနစ် ပြောင်းလဲရန် လိုလားသည်ဟူသော ဆန္ဒသည် အများညီဆန္ဒတစ်ခုဖြစ်သည်ဟု ဆိုစေကာမူ ခေတ်ဟောင်းစနစ်ဟောင်းနှင့် အသားကျခဲ့သူများ၊ ခေတ်ဟောင်းစနစ်ဟောင်းတွင် နေရာကောင်းရခဲ့သူများ၊ ခေတ်ဟောင်းစနစ်ဟောင်းတွင် စီးပွားဖြစ်ထွန်းခဲ့သူများလည်း ရှိခဲ့သည်ဖြစ်ရာ ခေတ်စနစ်အပြောင်းအလဲကို မလိုက်ပါလိုသူ၊ ဆန့်ကျင်လိုသူ၊ ဖျက်လိုဖျက်ဆီးလုပ်လိုသူများလည်း ရှိသည်သာပင်ဖြစ်သည်။ ခေတ်ပျက်သူဌေးသည် ခေတ်ကောင်းကို အလိုမရှိခြင်းမှာ ၎င်း၏အကျိုးစီးပွားကြောင့်သာဖြစ်ပြီး ခေတ်ကြောင့် မဟုတ်ဟူ၍သာဆိုရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ခေတ်စနစ်တစ်ခုပြောင်းလဲတိုင်း အပြောင်းအလဲဖြစ်စဉ်များနှင့်အတူ အပြောင်းအလဲကို ဆန့်ကျင်မှု(**Anti-Change elements**) များလည်း ပေါ်ပေါက်လာတတ်သည်မှာ သဘာဝပင်ဖြစ်သည့်အတွက် ရင်ဆိုင်ဖြတ်သန်းကြရသည်မှာလည်း ဓမ္မတာသဘောပင်ဖြစ်သည်။

ခေတ်ပြောင်းစနစ်ပြောင်းကာလတစ်ရပ်ဟူသည် ခေတ်ဟောင်းစနစ်ဟောင်းကာလ၏အခြေအနေနှင့် အမွေတို့ကို ဆက်ခံထားရသလို ခေတ်စနစ်အသစ်၏ ခြင်းရာလက္ခဏာများသည်လည်း အခြေတည်ဆဲ၊ မခိုင်မြဲသေးဘဲ ရှုပ်ထွေးနေဆဲကာလဖြစ်သည်။ ပညာရှင်တို့၏ အဆိုအရ ယင်းကာလမျိုးတွင် အစဉ်ပြတ်တောက်မှု (**Discontinuity**)၊ ချိတ်ဆက်ပျက်မှု (**Dislocation**)၊ အစည်းပြေမှု (**Disorganization**) နှင့် ပြိုကွဲမှု(**Disruption**) တို့ ကြုံတွေ့ရတတ်သည့် သဘာဝရှိသည်ဟုဆိုသည်။ ခေတ်ဟောင်းကို ဖက်တွယ်လိုသူနှင့် ခေတ်သစ်ကို လိုလားသူများအကြား အားပြိုင်မှုများနှင့်အတူ ထိပ်တိုက်တွေ့ဆုံသည့် အခြေအနေမျိုးလည်း ကြုံရမြဲပင်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် အားသာချက်များစွာရှိသည်။ ပထဝီအနေအထား၊ သယံဇာတအရင်းအမြစ်၊ အလုပ်လုပ်နိုင်သော လူဦးရေ စသည်တို့တွင် အခြေအနေကောင်းများရှိသည်။ မိမိတို့ပြည်သူများတွင်လည်း အားသာချက်များစွာရှိသည်။ အပြောင်းအလဲကို မျှော်မှန်းသည့် ပြင်းပြသောဆန္ဒသည် အားသာချက်များအနက်မှ အဓိကအကျဆုံးသောအချက်ဖြစ်သည်။ ထို့ပြင် မိမိတို့ပြည်သူများတွင် အားနည်းချက်များလည်း ရှိနေသည်။ စည်းမျဉ်း၊ စည်းကမ်း ဥပဒေတို့ကို လိုက်နာမှုအားနည်းခြင်းနှင့် သူတစ်လူ ငါတစ်မင်း ဗိုလ်မထားတတ်သည့်စရိုက်တို့သည် အားနည်းချက်များအနက်မှ အဓိကကျသည့်အချက်များဟု ဆိုချင်သည်။ အားနည်းချက်တို့ကို ပြုပြင်ကာ အားသာချက်ကို ကြိုးပမ်းဖော်ဆောင်နိုင်သည်နှင့်အမျှ မိမိတို့ မျှော်မှန်းသည့်ပန်းတိုင်သို့ မလွဲကေန်လှမ်းကိုင်နိုင်မည်ဖြစ်ပါကြောင်း။ ။

## ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) (၁)မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၄)မှုကို စီရင်ချက်ချမှတ်

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးစိုးနိုင်တို့ ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး ရာဇဝတ် အထွေထွေလျှောက်ထားမှု (စာချွန်တော်) (၁)မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၄)မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထွေထွေလျှောက်ထားမှု(စာချွန်တော်)(၁)မှုနှင့် တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်)(၄)မှု တို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ Siam Commercial Bank ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် ထိုင်းနိုင်ငံ Siam Commercial Bank မှ President ၊ Mr. Sarut Ruttanaporn နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများ တိုးချဲ့ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် **Siam Commerical Bank** ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်သည့် နှစ်(၇၀)ပြည့်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပန်းချီကားများခင်းကျင်းပြသ

**မူဆယ် ဩဂုတ် ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်သည့် နှစ်(၇၀) ပြည့်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လက်ရေးပန်းချီနှင့် ပန်းချီကားများ ခင်းကျင်းပြသပွဲကို ရွှေလီမြို့၌ ဩဂုတ်လ တတိယပတ်က ကျင်းပခဲ့သည်။

အဆိုပါ လက်ရေးပန်းချီနှင့် ပန်းချီကား ခင်းကျင်းပြသပွဲကို နမ့်ခမ်းမြို့ စာရေးဆရာ ဦးညွန့်ကြည် (ဉာဏ်မင်း-နမ့်ခမ်း)၏ ဦးဆောင်မှုဖြင့် မူဆယ်-နမ့်ခမ်းစာရေးဆရာများနှင့် ပန်းချီကာတွန်း၊ စာပေ၊ ဂီတနှင့် အနုပညာရှင်များ တက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံမှလည်း စာရေးဆရာနှင့် ပန်းချီဆရာများ၊ ကာတွန်းဆရာ၊ ဂီတဆရာများ၊ အနုပညာရှင်များနှင့် ရွှေလီမြို့ ပြန်ကြားရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။



အခမ်းအနားတွင် ရွှေလီမြို့ ပြန်ကြားရေးဌာနမှ ဌာနမှူး မစ္စကျူးယုန်နှင့် တရုတ်-မြန်မာနှစ်နိုင်ငံ နယ်စပ်ယဉ်ကျေးမှုဖလှယ်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာဖိုင်စင်းတို့က အမှာစကားများပြောကြားကြပြီး မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရေးအသင်း မူဆယ်(ရုံးခွဲ)မှ နမ့်ခမ်းမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက် အမှာစကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**



# ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၂၆**

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၉) ကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဦးစီးကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးပြီး လိုအပ်သည်များ ဆုံးဖြတ်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ လုံခြုံရေး လုပ်ငန်းအစီအမံများ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်များကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက လုံခြုံရေးစီမံချက်ကို အခြေအနေအချိန်အခါအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီများအလိုက် ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က နိဂုံးချုပ်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၉)တွင် ပြည်ထောင်စု လွှတ်တော်ဒုတိယနာယက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# အားကစားခရီးသွားလုပ်ငန်းနှင့် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာနိုင်ငံတွင် အားကစားခရီးသွား လုပ်ငန်း(Sports Tourism)နှင့် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း (Gastronomy Tourism) ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မြန်မာနိုင်ငံရှိ ခရီးသွားအရင်းအမြစ်များ ရှိပြီးဖြစ်သော အားကစားခရီးသွား လုပ်ငန်းနှင့် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍ အလိုက် ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။ (ဝဲပုံ)




ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေးက အားကစား ခရီးသွားလုပ်ငန်းနှင့် အစားအသောက် ဆိုင်ရာ ခရီးသွားလုပ်ငန်းကို စနစ်တကျ နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် နိုင်ပါက နိုင်ငံခြားသားခရီးသွားများ ပိုမို တိုးတက်ဝင်ရောက်လာနိုင်မည် ဖြစ်ပြီး ယင်းလုပ်ငန်းမှ အကျိုးအမြတ်များကို လည်း ရရှိမည်ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးသည် ဖြစ်နိုင်ခြေရှိသည် များကို ဖော်ထုတ်ဆွေးနွေးခြင်းဖြစ် ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မိမိ တို့ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည် များကို ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မြန်မာနိုင်ငံတွင် အားကစားပွဲများ လက်ခံကျင်းပနေမှုများ၊ နိုင်ငံတကာ အားကစားအဖွဲ့အစည်းများ နှင့် ချိတ်ဆက်၍ အားကစားပွဲများ စီစဉ် ကျင်းပနေမှုများကို ရှင်းလင်းတင်ပြပြီး အားကစားခရီးသွားလုပ်ငန်း ဖွံ့ဖြိုး အောင် အကောင်အထည်ဖော်ရေး အတွက် ကော်မတီဖွဲ့စည်းဆောင်ရွက်ရေး၊ စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက် ရေးအတွက် လိုအပ်သော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊ မဟာ ဗျူဟာလုပ်ငန်းစဉ်များ ရေးဆွဲရေးတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဟိုတယ် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက် မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေး စောင့်ရှောက်မှုအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းနှင့် တာဝန်ရှိသူများက အားကစားခရီးသွားလုပ်ငန်းနှင့် အစား အသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကို ဆွေးနွေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ပေးသည်။

**သတင်းစဉ်**

# ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းစီမံချက်(မူကြမ်း)အတည်ပြုနိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၆**

ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသား အဆင့် ကော်မတီ၏ လုပ်ငန်းစီမံချက် (မူကြမ်း) အတည်ပြုနိုင်ရေးနှင့် Technical Working Group ဖွဲ့စည်းဆောင်ရွက်နိုင်ရေး အကြံပြု ဆွေးနွေးခြင်းများအတွက် ညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းစီမံချက်(မူကြမ်း)အတည်ပြုနိုင်ရေးနှင့် Technical Working Group ဖွဲ့စည်းဆောင်ရွက်နိုင်ရေး အကြံပြုဆွေးနွေးခြင်းများအတွက် ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

အစည်းအဝေးတွင် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကုလသမဂ္ဂ ဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ် နှင့် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူး ကိုယ်စားလှယ်တို့အကြား ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဆိုင်ရာ ပူးတွဲကြေညာချက်ကို လက်မှတ် ရေးထိုးခဲ့ကြောင်း၊ ထို့အတွက် မိမိတို့ အနေဖြင့် အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ယနေ့အစည်းအဝေး၌ ပဋိပက္ခ အတွင်း လိင်အကြမ်းဖက်မှု တားဆီး ကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံ ရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၀၁၆၊ အပိုဒ် (၁၀) အရ အကောင် အထည်ဖော်ရမည့် အချက်(၃)ချက်နှင့် ပူးတွဲကြေညာချက်ပါ ဦးစားပေးကဏ္ဍ (၆) ရပ်တို့အပေါ် အခြေတည်၍ ရေးဆွဲ ထားသော အမျိုးသားအဆင့် လုပ်ငန်း စီမံချက်(မူကြမ်း)ကို အတည်ပြုနိုင်ရေး ညှိနှိုင်းကြမည်ဖြစ်ကြောင်း၊ လုပ်ငန်း စီမံချက်(မူကြမ်း)နှင့် ပတ်သက်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာအသီးသီး၏ သဘောထားမှတ်ချက်များ ရယူခဲ့ပါ ကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ သဘောထား အကြံပြုချက်များကိုလည်း ရယူခဲ့ပါကြောင်း၊ အဆိုပါ အကြံပြုချက် များနှင့် ယခင်အစည်းအဝေးမှ ရရှိထား သော သုံးသပ်ချက်များကိုလည်း ကော်မတီဝင်များထံသို့ ပေးပို့ထားပြီး ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေးဥပဒေ ထွက်ပေါ် လာရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ယခု လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံသည် အမျိုးသမီးများနှင့် ပတ်သက်၍ရပ်တည်မှု၊ ဖွံ့ဖြိုးတိုးတက် မှုနှင့် ကာကွယ်စောင့်ရှောက်မှုများ အတွက် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ နည်းတူ ဆောင်ရွက်နေသည်ကို နိုင်ငံတကာသို့ ပြသနိုင်မည်ဖြစ်သည့် အပြင် မိမိတို့နိုင်ငံအပေါ် တစ်ဖက်သတ် စွပ်စွဲမှုများကိုလည်း လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် သဘောထား မှတ်ချက်အရပြင်ဆင်ထားသည့် လုပ်ငန်း စီမံချက်(မူကြမ်း)အပေါ် အကြံပြု ဆွေးနွေးပေးကြရန်နှင့် ဆုံးဖြတ်ချက်များ တစ်ပါတည်းချမှတ်နိုင်ပါရန် တိုက်တွန်း ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်း စီမံချက်(မူကြမ်း)ကို ကဏ္ဍအလိုက်၊ အကြောင်းအရာ တစ်ခုချင်းစီအလိုက် အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းစီမံချက်(မူကြမ်း) အပေါ် သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်များအရ ပြင်ဆင် ထားသည့် အချက်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ပေးပို့လာသော အကြံပြုချက်များအပေါ် သက်ဆိုင်ရာ ဌာနများက ပြင်ဆင်လိုသည့်အချက်များ ကို ဖတ်ကြားဆွေးနွေးရာ ကော်မတီဝင် ဝန်ကြီးဌာနအသီးသီးက ပြန်လည် ဆွေးနွေးခြင်း၊ ပြင်ဆင်ဖြည့်စွက် အတည် ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာ စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၈/၂၀၁၉) ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၈/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၈/၂၀၁၉) ကျင်းပစဉ်။ သတင်းစဉ်

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## စီမံခန့်ခွဲရေးဥပဒေအရ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်များကို ပြန်လည်သိမ်းဆည်းရန် ဆုံးဖြတ်



**နေပြည်တော် ဩဂုတ် ၂၆**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**ထိရောက်မှန်ကန်စွာအသုံးချ**

အစည်းအဝေးတွင် စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို လျော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ကတိကဝတ်များအား လိုက်နာထိန်းသိမ်းဆောင်ရွက်ရန် အမြဲတမ်းသစ်တောနယ်မြေများအဖြစ် တိုးချဲ့ဖွဲ့စည်းသတ်မှတ် ပေးနိုင်ရေး ဆောင်ရွက်သည့်နည်းတူ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၀-က၊ ပုဒ်မခွဲ (ခ)နှင့် (ဂ)ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်မြေများ၊ အများပြည်သူနှင့် တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိအသုံးပြုထားသည့် မြေများကို အမြဲတမ်းသစ်တောနယ်မြေအဖြစ် ဖွဲ့စည်းသတ်မှတ်ပေးနိုင်ရေး လျာထားသတ်မှတ်ရာတွင် ပါဝင်မှုမရှိရေးကို သတိပြုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ၂၀၁၈ ခုနှစ် ယာယီစာရင်းအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧက ၄၇ သန်းကျော်ရှိကြောင်း၊ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်မည့်အကြောင်းအရာ တစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြရာ ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေး ဆုံးဖြတ်ကြသည်။

**မြေခွန်ကို သတ်မှတ်ကာလအတွင်းအချိန်မီပေးသွင်းနိုင်ရေး**

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့် လျှောက်ထားလာသည့် လုပ်ငန်းစာတွဲများ၊ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၇/၂၀၁၉)၊ (၁၈/၂၀၁၉)၊ (၁၉/၂၀၁၉)နှင့် (၂၀/၂၀၁၉)တို့၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ ပြန်လည်စိစစ်ရန် အကြောင်းကြားထားခြင်းအပေါ် ပြန်လည်တင်ပြလာမှုများ၊ တိုင်းဒေသကြီး၊ ပြည်နယ်စီမံခန့်ခွဲရေးကော်မတီများ ပြင်ဆင်ဖွဲ့စည်းပေးရန် တင်ပြလာမှုများ၊ စည်းကမ်းချက်သတ်မှတ်ကာလ (၄)နှစ်ပြည့် မြောက်ပြီးချိန်အထိ မြေပြင်အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှုမရှိသော လုပ်ကိုင်ခွင့်ချထားမြေများကို ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းနိုင်ရေး၊ လုပ်ကိုင်ခွင့်ချထားမြေများအား ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းပြီးဖြစ်၍ ပေးသွင်းထားသည့် အာမခံကြေးငွေများကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းနိုင်ရေးနှင့် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုအမိန့်စာအသစ်ထုတ်ပေးနိုင်ရေး၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူမှ မြေခွန်ကို သတ်မှတ်ကာလအတွင်း အချိန်မီပေးသွင်းနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စီမံခန့်ခွဲရေးဥပဒေအရ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်များကို ပြန်လည်သိမ်းဆည်းရန် ဆုံးဖြတ်ကြပြီး ယနေ့အထိ သတ်မှတ်ဥပဒေစည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ပြန်လည်သိမ်းဆည်းမြေဧရိယာမှာ စုစုပေါင်းဧက ၁၅ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၂၆**

အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများအကောင်အထည်ဖော်**

အစည်းအဝေးတွင် အမျိုးသားအဆင့်ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြီးနောက်ပိုင်းတွင် လျှပ်စစ်ကဏ္ဍနှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကဏ္ဍများ၌ ထူးခြားသည့်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ယခုနှစ်ကုန်တွင် တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိရေး ရည်မှန်းချက်အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် မဟာဓာတ်အားလိုင်းပြင်ပဒေသများကို နည်းမျိုးစုံဖြင့် လျှပ်စစ်မီးရရှိရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မာန်အောင်ကျွန်းနှင့် ကိုကိုးကျွန်းဒေသများအား ဆိုလာဖြင့် လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရေးကို စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ အကောင်အထည်ဖော်ရန် အဆိုပြုချက်များ လက်ခံရရှိထားပါကြောင်း၊ အဆိုပါ စီမံကိန်းများ လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည့် ဥပဒေပိုင်းဆိုင်ရာများ ရေးဆွဲပြဋ္ဌာန်းရေးနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၉)တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ဥပဒေရေးရာအကြံပြုချက်များ ရှင်းလင်းတင်ပြ**

ထို့နောက် လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်က အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီကို အထောက်အကူပြုနိုင်ရန် လုပ်ငန်းကော်မတီများ ဖွဲ့စည်းမည့်အဆိုပြုအစီအမံများ၊ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ စီမံကိန်းအဆိုပြုချက်များနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့ဝင် ဦးမင်းစိန်က ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ဥပဒေရေးရာ အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

**ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်**

ယင်းနောက် အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီအဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူများက ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**



ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့်



တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးလွင်မောင်စိုး



မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း



ဒုတိယဝန်ကြီး ဦးကျော်လင်း



ဒုတိယဝန်ကြီး ဦးလှကျော်



ဒုတိယဝန်ကြီး ဦးကျော်မျိုး

❀ *ရှေ့ဖုံးမှ*

နိုင်ငံတော်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအားလုံး အပြည့်အဝနားလည်ယုံကြည်မှု၊ လုပ်ရဲကိုင်ရဲသည့် သတ္တိရှိမှု၊ အပြုသဘောဆောင်မှုတို့နှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲညီညီ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုဖော်ဆောင်ရန် အချိန်တန်ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအား လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးလွင်မောင်စိုးက လွှတ်တော်၏ဆောင်ရွက်ချက်အားလုံးသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီဖြစ်ရန် လိုပါကြောင်း၊ ဥပဒေနှင့်မညီသည့် ဆောင်ရွက်ချက်များကို တားဆီး ထောက်ပြရန် လွှတ်တော်ကိုယ်စားလှယ်တိုင်းတွင် တာဝန်ရှိပါကြောင်း၊ ယခုကဲ့သို့ အစီရင်ခံစာအပေါ်တွင် အဆုံးအဖြတ်ရယူပြီး မတူညီသည့် လုပ်ငန်းစဉ်နှစ်ခုကို ပေါင်းစည်းရန် ဆောင်ရွက်နေခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆောင်ရွက်ချက်ကို ကန့်သတ်ပိတ်ပင်ရာရောက်နေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနည်းလမ်းများနှင့်လည်း လုံးဝ ကိုက်ညီမှုမရှိပါကြောင်း၊ ထို့ကြောင့် အစီရင်ခံစာအပေါ်တွင် ဆုံးဖြတ်အတည်ပြုဆောင်ရွက်ခြင်းကို ကန့်ကွက်ပါကြောင်းနှင့် ဥပဒေမူကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်တွင် ဆက်လက်ဆွေးနွေး ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက မိမိတို့ အဓိကလိုအပ်ချက်မှာ အားလုံးစေတနာပါပါဖြင့် ညှိနှိုင်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ အဓိကအခက်အခဲမှာ အချိန်အလွန်နည်းနေခြင်းဖြစ်ပါကြောင်း၊ သီးခြား(သို့မဟုတ်) တစ်ပေါင်းတည်း တင်စေကာမူ ညှိနှိုင်း၍မရပါက လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူကြရမည် ဖြစ်သည့်အတွက် လွှတ်တော်သို့ အမြန်ဆုံးရောက်စေရန် ကြိုးစားပေးရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖွဲ့စည်းပုံပြင်ဆင်ရေးသည် များစွာအရေးကြီးသည့်အချိန်ကာလကို ရောက်နေပါကြောင်း၊ မိမိတို့ပြောဆိုချက် အနိုင်ရရန်အတွက် ငြင်းခုံနေကြရန် မဟုတ်ဘဲ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် အမြင်ကျယ်ကျယ်ဖြင့် ဆွေးနွေးကြရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာအပေါ် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းဦး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး သောင်းထိုက်စိုး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး အောင်သွင်စိုး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနေဝင်း၊ မချမ်းဘော မဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး စိန်ထွန်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဆီဟူးဒွေ့တို့က ဆွေးနွေးကြသည်။

## ကျေးလက်လမ်းများဆက်သွယ်ရေးစီမံကိန်း ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၂၀ သန်း ချေးငွေရယူရေး ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးလက်လမ်းများဆက်သွယ်ရေးစီမံကိန်းဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်** (ADB) **ထံမှ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၂၀ သန်းချေးငွေရယူရေးကိစ္စ**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

**ဒုတိယဝန်ကြီး ဦးကျော်လင်း**က အဆိုပါစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ရောဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်းရှိ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကျေးလက်လမ်းကွန်ရက်အား သဘာဝဘေး အန္တရာယ်ကာကွယ်ဆောင်ရွက်နိုင်ခြင်းစသည့် နည်းပညာအသစ်များနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာများရရှိမည်ဖြစ်ပြီး ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ခြင်းနှင့် စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်သို့ လျင်မြန်စွာ ပို့ဆောင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း၊ ကျေးလက်နေ ပြည်သူများအတွက် သဘာဝဘေးအန္တရာယ်ခံနိုင်သော လမ်းများအဖြစ် ပြင်ဆင်တည်ဆောက်ပေးရန်၊ ပြုပြင်ထိန်းသိမ်း၍ အဆင့်မြှင့်တင်ရန်၊ ကျေးလက်လမ်းများအန္တရာယ်ကင်းရှင်းစေရန်စသည့် လုပ်ငန်းစဉ် (၃)ရပ်ကို အခြေခံပြီး ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၊ မြို့သစ်မြို့နယ်အတွင်းရှိ ကျေးလက်လမ်း အရှည် ၁၅၂ ကီလိုမီတာကို ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်း၊ ကျေးလက်လမ်းပြုပြင်ထိန်းသိမ်းရေးစနစ် အဆင့်မြှင့်တင်ခြင်း၊ ကျေးလက်လမ်းကွန်ရက်အား သဘာဝဘေးအန္တရာယ်ထိခိုက်မှုကို တုံ့ပြန်ရန်နှင့် အန္တရာယ်ကင်းရှင်းရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၂၀ သန်း ချေးငွေရယူရေးကိစ္စအား ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် က အဆိုပါ ချေးငွေနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော **၂၀၁၈ - ၂၀၁၉ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ပထမ ၆ လပတ် အခွန်ရငွေစာရင်းများနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၂/ ၂၀၁၉) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ** အပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်**က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရမည့် မြေခွန်များကို လုပ်ကိုင်ခွင့်ပြုသည့်နေ့မှစ၍ လုပ်ငန်းအမျိုးအစားအလိုက်၊ သီးနှံ အမျိုးအစားအလိုက် မြေခွန်ကင်းလွတ်ခွင့်ကာလကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ၃၉ အရ သတ်မှတ်ထားရှိပါကြောင်း၊ ကောက်ခံရန်ကျန်ရှိသော မြေခွန်များနှင့် ပတ်သက်၍ မြေခွန်ကောက်ခံရန် ညွှန်ကြားချက်တွင် သတ်မှတ်ကာလထက်နောက်ကျ၍ မြေခွန်ပေးသွင်းလာပါက ဒဏ်ကြေးပေးဆောင်စေခြင်း၊ မြေခွန်ပေးဆောင်မှုမရှိဘဲ ရှောင်တိမ်းနေကြောင်း (သို့မဟုတ်) ပျက်ကွက်နေကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ ကောက်ခံရန်လည်း ညွှန်ကြားထားရှိပြီးဖြစ်ပြီး မြေခွန်ပေးသွင်းရန် ကျန်ရှိသူများကိုလည်း နှိုးဆော်စာများ ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်း။

## မြေခွန်ထမ်းဆောင်ရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်ပါက ပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းရမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၁ အရ မြေခွန်ထမ်းဆောင်ရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်ပါက ပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းရမည့်အပြင်လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိပါကြောင်း၊ ယင်းနှင့်စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ခုနှစ် မြေခွန်ကြွေးကျန်များနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စကိုလည်း ဗဟိုကော်မတီ (၂၀/ ၂၀၁၉) ကြိမ်မြောက်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် မြေခွန်ကင်းလွတ်ခွင့်ကာလ ကင်းလွတ်သည့်စည်းကြပ်ရမည့် ဦးရေ ၃၄၀၄ ဦး၊ မြေဧရိယာဧက ၅၁၂၀၀၀ ကျော်အတွက် စည်းကြပ်ရန်ငွေပမာဏမှာ ငွေကျပ် ၁၄၂၁ သန်းလျာထားပြီးဖြစ်သည့် အလျောက် ဥပဒေနှင့်အညီ ယခု စက်တင်ဘာလမှ စတင်ကောက်ခံရန် ကာယကံရှင်များအား အသိပေးနှိုးဆော် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၈-၂၀၁၉ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ပထမ ၆ လပတ်တွင် မိမိဝန်ကြီးဌာနအနေဖြင့် ငါးလုပ်ငန်းဆိုင်ရာ အခွန်အခရငွေ ကောက်ခံရရှိငွေသည် ငွေကျပ် ၃၄၈၄ ဒသမ ၃၃၂ သန်း ဖြစ်ပါကြောင်း၊ တစ်နှစ်လုံး လျာထားချက် ငွေကျပ် ၂၆၀၇ သန်းပေါ်တွင် ၁၃၄ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းကဏ္ဍဆိုင်ရာ အခွန်အခများကို နိုင်ငံတော်မှ ချမှတ်ထားသည့် ရည်မှန်းချက်များနှင့်အညီ အပြည့်အဝကောက်ခံရရှိရေး လျာထားချက်နှင့်အညီ စီမံအကောင်အထည်ဖော်သွားနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး** က အော်ပရေတာများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောက်ခံထားသည့် ကုန်သွယ်လုပ်ငန်းခွန်များကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ လစဉ်ပေးသွင်းခြင်းနှင့် (၃)လပတ်အလိုက် အခွန်ဦးစီးဌာနနှင့် စာရင်းညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာနှင့် မြန်မာနိုင်ငံ စာရင်းကောင်စီအသိအမှတ်ပြု 3RD Party Audit အဖွဲ့အစည်းများဖြင့် တစ်နှစ်တစ်ကြိမ် အခွန်ပေးဆောင်မှုစာရင်းများအပါအဝင် စာရင်းများစစ်ဆေး ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတစ်ဝန်းတွင် အော်တိုတယ်လီဖုန်းလိုင်းပေါင်း ၅၈၀၀၀၀ ကျော်နှင့် အိတ်ချိန်းပေါင်း ၄၃၈ ခု တပ်ဆင်သုံးစွဲလျက်ရှိရာ ၂၀၁၉ ခုနှစ် ဇူလိုင်လကုန်အထိ အော်တိုတယ်လီဖုန်းလိုင်းပေါင်း ၃၃၀၀၀၀ ကျော်နှင့် အိတ်ချိန်းပေါင်း ၁၁၀ ကို MSAN အိတ်ချိန်းများဖြင့် လဲလှယ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ပထမဦးစားပေးအနေဖြင့် သက်တမ်းလွန်အိတ်ချိန်းများကို MSAN အိတ်ချိန်းများဖြင့် အဆင့်မြှင့်တင်လဲလှယ်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး ကျန်အိတ်ချိန်းများကိုလည်း ဆက်လက်အစားထိုးလဲလှယ်သွားမည်ဖြစ်သဖြင့် တစ်နိုင်ငံလုံးရှိ အိတ်ချိန်းအားလုံးကို ၂၀၂၀ ဘဏ္ဍာရေးနှစ်အကုန်တွင် လဲလှယ်ပြီးစီးနိုင်ရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါကြောင်း၊ အဆိုပါစီမံကိန်း ဆောင်ရွက်ပြီးစီးပါက အော်တိုတယ်လီဖုန်းသုံးစွဲမှု တိုးတက်လာသည်နှင့်အညီ ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရှိ မြစ်ချောင်းများအတွင်း နှစ်စဉ်များပြားလှသော အနည်ကျဆင်းမှုများကြောင့် ရေအောက်သောင်စွယ်များ၊ သဲသောင်များဖြစ်ပေါ်ပြီး ရေလမ်းကြောင်းပြောင်းလဲမှုများ၊ ကမ်းပြိုကမ်းစားမှုများ ပိုမိုဖြစ်ပေါ်ခံစားနေရပါကြောင်း၊ သို့ဖြစ်ပါ၍ လိုအပ်သော နေရာများတွင် မြစ်သဲကျောက်စရစ်များအား ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုနေရာများတွင်သာ ဆောင်ရွက်ရေး၊ တရားမဝင်ထုတ်လုပ်မှုမရှိစေရေးတို့ကို ကြပ်မတ်ထိန်းသိမ်းပြီး ခွင့်ပြုဆောင်ရွက်မည်ဆိုပါက ကမ်းပြိုမှုများလည်း သက်သာ၊ နိုင်ငံတော်ဘဏ္ဍာငွေ ကုန်ကျမှုလည်း သက်သာပြီး ထိုက်သင့်သည့် အခွန်ဘဏ္ဍာငွေလည်းရရှိခြင်း စသည့်အကျိုးကျေးဇူးများ ရှိနိုင်မည်ဖြစ်ပါကြောင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း မော်တော်ယာဉ်များ၏ အချက်အလက်မှတ်တမ်းများကို ထိန်းသိမ်းရသည့် ဌာနတစ်ခုဖြစ်သောကြောင့် လက်ရှိယာဉ်ပိုင်ရှင်၏ အမည်၊ နေရပ်လိပ်စာ မှန်ကန်ရေးသည် အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ၂၀၀၃ ခုနှစ် မတိုင်မီအထိ ပိုင်ရှင်အမည်ပြောင်း ဆောင်ရွက်ပေးရာတွင် အမျိုးသားမှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်၊ ဓာတ်ပုံပါစိစစ်ရေးကတ်နှင့် အရောင်းအဝယ်စာချုပ်များကို မူရင်းနှင့် တိုက်ဆိုင်စိစစ်၍ အမည်ပြောင်းခကောက်ခံလျက် အမည်ပြောင်းမှတ်တမ်းတင်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

## ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန် ပုံစံ (၁) (အခွန်စိမ်း)ပါရှိမှသာ အခွန်ပုံစံတွင်ပါရှိသော အမည်၊ နေရပ်လိပ်စာအတိုင်း ပိုင်ရှင်အမည်ပြောင်း ဆောင်ရွက်ပေးခြင်းကို လက်ခံဆောင်ရွက်ပေးလျက်ရှိ

သို့ရာတွင် ၂၀၀၃ ခုနှစ်မှစ၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ညှိနှိုင်းမေတ္တာရပ်ခံချက်အရ ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ပုံစံ (၁) (အခွန်စိမ်း)ပါရှိမှသာ အခွန်ပုံစံတွင်ပါရှိသော အမည်၊ နေရပ်လိပ်စာအတိုင်း ပိုင်ရှင်အမည်ပြောင်း ဆောင်ရွက်ပေးခြင်းကို လက်ခံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မော်တော်ယာဉ်ပိုင်ရှင်အများစုသည် ဝယ်ယူခွန် အခွန်နှုန်းထားများပြားသဖြင့် အခွန်တိမ်းရှောင်ပြီး မိမိအမည်သို့ မပြောင်းလဲလိုသောကြောင့် နေရပ်လိပ်စာများ မမှန်ကန်ခြင်းများ ရှိနေခြင်းကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ၂၀၁၉ ခုနှစ် ဧပြီလတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းခဲ့ရာ နိုင်ငံတော်က ရသင့်ရထိုက်သည့်အခွန်များ လျော့နည်းမှုမရှိစေရန် ယခင်အတိုင်း ယာဉ်ပိုင်ရှင်အမည်ပြောင်းလဲချိန်တွင် အခွန်ကိစ္စ စိစစ်ဆောင်ရွက်ပြီးမှသာ ယာဉ်ပိုင်ရှင်အမည်ပေါက် ဆောင်ရွက်ပေးခြင်းကို ဆက်လက်ကျင့်သုံး ဆောင်ရွက်ပေးစေလိုပါကြောင်းကို ညှိနှိုင်းပြန်ကြားလာသည့်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

*စာမျက်နှာ ၇ သို့*

# ဆတက်ထမ်းပိုး တိုးတက်လာမည့် မြန်မာ - ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု

**လှသစ် (မကွေး)**

မြန်မာနိုင်ငံနဲ့ ကိုရီးယားသမ္မတနိုင်ငံအကြား သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့တာက ၁၉၇၅ ခုနှစ်၊ မေလ ၁၆ ရက်နေ့ဖြစ်လို့ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဟာ ၄၄ နှစ်ကျော် သက်တမ်းရှိသွားပါပြီ။ ဒီ ၄၄ နှစ် ကျော် သက်တမ်းအတွင်း နှစ်နိုင်ငံရဲ့ ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ ခိုင်မာသထက်ခိုင်မာ၊ တိုးတက်သထက်တိုးတက်လာနေပါတယ်။

**ရင်းနှီးမြှုပ်နှံတဲ့ကဏ္ဍတွေ စုံလင်**

မြန်မာနိုင်ငံနဲ့ အာရှနိုင်ငံတွေအကြား စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုကို လေ့လာသုံးသပ်ကြည့်ရင် ကိုရီးယားသမ္မတနိုင်ငံဟာ မြန်မာနိုင်ငံနဲ့ အနီးကပ် လက်တွဲဆောင်ရွက်နေတဲ့ နိုင်ငံဖြစ်တယ်ဆိုတာကို တွေ့ရမှာပါ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလကုန် အနေအထားကိုကြည့်ရင် ကိုရီးယားသမ္မတနိုင်ငံဟာ မြန်မာနိုင်ငံမှာ ပဥ္စမမြောက် အများဆုံးရင်းနှီးမြှုပ်နှံတဲ့နိုင်ငံပါ။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏဟာ အမေရိကန်ဒေါ်လာ ၂၅၄ သန်း ဝန်းကျင်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံတဲ့ စီးပွားရေး ကဏ္ဍတွေကလည်း စုံလင်ပါတယ်။ ရေနံနဲ့ သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးလို လုပ်ငန်းမျိုးမှာ ရင်းနှီးမြှုပ်နှံသလို အခြေခံအဆောက်အအုံ စီမံကိန်းတွေမှာလည်း ရင်းနှီးမြှုပ်နှံပါတယ်။ လက်လီဖြန့်ဖြူးရောင်းချတဲ့ စီးပွားရေးကဏ္ဍမျိုးမှာ ရင်းနှီးမြှုပ်နှံသလို အိုးအိမ်ခြံမြေကဏ္ဍမှာလည်း ရင်းနှီးမြှုပ်နှံပါတယ်။

Korea Land and Housing Corporation ဟာ လှည်းကူးမြို့နယ်မှာ ကိုရီးယားစက်မှုဇုန်တစ်ခုကို တည်ဆောက်နေပါတယ်။ GS Engineering and Construction ဟာ ရန်ကုန်မြို့နဲ့ ဒလမြို့နယ်အကြား ၄ ဒသမ ၃ ကီလိုမီတာရှည်တဲ့ မြစ်ကူးတံတားကို တည်ဆောက်နေပါတယ်။ ဒီမြစ်ကူးတံတားစီမံကိန်းရဲ့ ကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကျော် ရှိမှာဖြစ်ပြီး ၂၀၂၂ ခုနှစ်မှာ ပြီးစီးဖို့ မျှော်မှန်းထားပါတယ်။

**အခွင့်အလမ်းကောင်းတွေ ဖန်တီးပေးမယ့် တံတားကြီး**

ဒလမြို့နေ ပြည်သူတွေအတွက်ကတော့ ဒီတံတားကြီးဟာ အနာဂတ်အတွက် အခွင့်အလမ်းကောင်းတွေ ဖန်တီးပေးမယ့် တံတားကြီးပါ။ ဒီတံတားကြီး ဝန်းကျင်ဒေသမှာ တောင်ကိုရီးယားကုမ္ပဏီဖြစ်တဲ့ Wooree ဟာ စက်မှုမြို့နယ်သစ်တစ်ခု ဖော်ဆောင်ဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးထားပါတယ်။ ထို့အပြင် တောင်ကိုရီးယားကုမ္ပဏီတစ်ခုဖြစ်တဲ့ HUBS MK Co.,Ltd. ကလည်း ရွှေလင်ဗန်းစက်မှုဇုန်မှာ ကမ္ဘာ့အဆင့်မီ ထောက်ပံ့ဖြည့်ဆည်းပေးရေးဗဟိုဌာန (Logistics hub) ထူထောင်ဖို့ မြန်မာ့ကုန်သွယ်ရေး မြှင့်တင်မှုဌာနနဲ့ နားလည်မှုစာချွန်လွှာ ရေးထိုးထားပါတယ်။

**အရေးပါတဲ့ ခြေလှမ်းတွေ ဖော်ဆောင်**

ပြန်သုံးသပ်ကြည့်ရင် ၂၀၁၈ ခုနှစ်ဟာ မြန်မာနိုင်ငံနဲ့ ကိုရီးယားသမ္မတနိုင်ငံတို့အကြား အရေးပါတဲ့ ခြေလှမ်းတွေ ဖော်ဆောင်ခဲ့တဲ့နှစ်ပါ။ နှစ်နိုင်ငံကြားရင်းနှီးမြှုပ်နှံမှု ကာကွယ်ရေးနဲ့ မြှင့်တင်ရေးစာချုပ်ဟာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှာ စတင်သက်ဝင်ရှင်သန်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြှင့်တင်ဖို့အတွက် တောင်ကိုရီးယားကုမ္ပဏီတွေရော၊ မြန်မာကုမ္ပဏီတွေကိုပါ ကူညီနိုင်ရေးကို ရည်ရွယ်ပြီး မြန်မာ-ကိုရီးယား ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းအဖွဲ့ချုပ် (Myanmar Korean Chamber of Commerce and Industry-MKCCI) ထူထောင်ခဲ့တာကလည်း ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလပါ။

နှစ်နိုင်ငံအကြားကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက်လည်း အဆက်မပြတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မြန်မာနိုင်ငံနဲ့ ကိုရီးယားသမ္မတနိုင်ငံတို့အကြား ကုန်သွယ်မှုစုစုပေါင်းပမာဏဟာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၉၀ ရှိခဲ့ပါတယ်။ နှစ်နိုင်ငံကြား ဝန်ကြီးအဆင့် ဆွေးနွေးပွဲတစ်ရပ်ကိုလည်း နေပြည်တော်မှာ ၂၀၁၈ ခုနှစ်၊ ဧပြီလက ကျင်းပခဲ့ပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ဦးဆောင်ခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံရဲ့ ကိုယ်စားလှယ်အဖွဲ့ကိုတော့ ကုန်သွယ်ရေး၊ စက်မှုနဲ့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Kim Hyun-chong ဦးဆောင်ခဲ့ပါတယ်။ ဒီဝန်ကြီးအဆင့်ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံရဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ကုန်သွယ်ရေးနဲ့ ဆက်စပ်တဲ့ ကိစ္စရပ်တွေ လေ့လာသင်ယူနိုင်ဖို့ ကိုရီးယားသမ္မတနိုင်ငံသို့ စေလွှတ်ရေး ထည့်သွင်းဆွေးနွေးခဲ့တာဟာ မြန်မာနိုင်ငံရဲ့ ကုန်သွယ်ရေးကဏ္ဍမြှင့်တင်ရေးအတွက် အရေးပါတဲ့ ခြေလှမ်းတစ်ခုပါ။



◆ **မြန်မာနိုင်ငံနဲ့ အာရှနိုင်ငံတွေအကြား စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုကို လေ့လာသုံးသပ်ကြည့်ရင် ကိုရီးယားသမ္မတနိုင်ငံဟာ မြန်မာနိုင်ငံနဲ့ အနီးကပ်လက်တွဲ ဆောင်ရွက်နေတဲ့ နိုင်ငံဖြစ်တယ်ဆိုတာကို တွေ့ရမှာပါ။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလကုန်အနေအထားကို ကြည့်ရင် ကိုရီးယားသမ္မတနိုင်ငံဟာ မြန်မာနိုင်ငံမှာ ပဥ္စမမြောက် အများဆုံး ရင်းနှီးမြှုပ်နှံတဲ့နိုင်ငံပါ။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏဟာ အမေရိကန်ဒေါ်လာ ၂၅၄ သန်း ဝန်းကျင်ရှိပါတယ်။**

**ပံ့ပိုးကူညီ**

ဒါ့အပြင် ကိုရီးယားနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency-KOICA) ဟာ မြန်မာနိုင်ငံကို ပညာရေး၊ ကျန်းမာရေးနဲ့ အသေးစားချေးငွေလို ကဏ္ဍရပ်တွေမှာ ပံ့ပိုး ကူညီပေးလျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ်၊ မေလက ဆရာဖြစ် သင်တန်းကျောင်းတစ်ခုကို ရန်ကုန်မြို့မှာ အမေရိကန်ဒေါ်လာ ၁၂ သန်း အကုန်အကျခံပြီး ထူထောင်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ကိုရီးယားနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) က မြန်မာနိုင်ငံအတွက် ပံ့ပိုးကူညီပေးတဲ့ကိစ္စရပ်ထဲမှာ မူဝါဒသုတေသန ဌာနတစ်ခု ထူထောင်ပေးခဲ့တာက မြန်မာနိုင်ငံရဲ့ပကတိ လိုအပ်ချက်တစ်ရပ်ကို ထင်ဟပ်ဖော်ဆောင်ပေးလိုက်တာလို့ ပြောနိုင်ပါတယ်။ ဒီမူဝါဒသုတေသနဌာနကတော့ မြန်မာနိုင်ငံရဲ့ လူမှု-စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိက အာရုံစိုက်လေ့လာ သုတေသနပြုလုပ်မယ့် Myanmar Development Institute ပါ။

အားလုံးသိတဲ့အတိုင်း ကိုရီးယားသမ္မတနိုင်ငံရဲ့ New Southern Policy အရ အာရှနိုင်ငံတွေကို အဓိက အာရုံစိုက်ပြီး ချိတ်ဆက်ဆောင်ရွက်တဲ့နေရာမှာ မြန်မာနိုင်ငံဟာ ကိုရီးယားသမ္မတ နိုင်ငံက အလေးထားဆောင်ရွက်နေတဲ့ နိုင်ငံတစ်နိုင်ငံပါ။ ဒါကြောင့်လည်း ကိုရီးယား သမ္မတနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ အရေးကြီးတဲ့ကဏ္ဍတွေဖြစ်တဲ့ အခြေခံအဆောက်အအုံ၊ စက်မှုထုတ်ကုန်လုပ်ငန်းနဲ့ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ဖြန့်ဖြူးရေးကိစ္စ ရပ်တွေမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**ကဏ္ဍနှစ်ရပ်ဖွံ့ဖြိုးလာစေဖို့**

အာဆီယံ-ကိုရီးယားဗဟိုဌာန (ASEAN-Korea Centre) ရဲ့အထွေထွေ အတွင်းရေးမှူး Kim Young-sun က “ကျွန်တော်တို့ဟာ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းတွေရှာဖွေဖို့ တောင်ကိုရီးယားနိုင်ငံရဲ့အလားအလာ အရှိဆုံးဆိုတဲ့ စက်မှုထုတ်ကုန်နဲ့အခြေခံအဆောက်အအုံ ကုမ္ပဏီတွေကို ရွေးချယ်ပြင်ဆင်ထားပါတယ်။ ပြောရရင် ကိုရီးယားသမ္မတနိုင်ငံ အစိုးရကလည်း မြန်မာနိုင်ငံမှာ ဒီကဏ္ဍနှစ်ရပ်ဖွံ့ဖြိုးလာစေဖို့ အာရုံစိုက် ဆောင်ရွက်လျက်ရှိပါတယ်” လို့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (National Comprehensive Development Plan for 2011-30) မှာ တိုင်းပြည်ရဲ့ ဂျီဒီပီတိုးတက်မှုကို ၆ ရာခိုင်နှုန်းကနေ ၉ ရာခိုင်နှုန်းအထိ ရရှိဖို့ ရည်မှန်းချက်ချမှတ်ထားပါတယ်။ ဒီရည်မှန်းချက်တွေ ဖြည့်ဆည်းနိုင်ရေးမှာ တောင်ကိုရီးယားကုမ္ပဏီတွေက တက်တက်ကြွကြွပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

**ဆတက်ထမ်းပိုးတိုးတက်လာမည်**

Kim Young-sun က “ကိုရီးယားကုမ္ပဏီတွေဟာ မြန်မာနိုင်ငံက လိုအပ်နေတဲ့အတွေ့အကြုံကောင်းတွေရှိသလို ခေတ်မီနည်းပညာတွေကိုလည်း ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့် ကိုရီးယားကုမ္ပဏီတွေဟာ မြန်မာနိုင်ငံရဲ့အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးမှာ ကဏ္ဍပေါင်းစုံကနေ ပါဝင်ဆောင်ရွက်နိုင်စွမ်း ရှိပါတယ်။ ဆိပ်ကမ်း၊ ကားလမ်းနဲ့ ရထားလမ်းလို ကိစ္စရပ်တွေမှာ ကျွန်တော်တို့အားတက်သရော ပါဝင်ကူညီဆောင်ရွက်လိုပါတယ်” လို့ ပြောကြားခဲ့တာကို ကြည့်ရင် မြန်မာနိုင်ငံနဲ့ ကိုရီးယားသမ္မတနိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုဟာ အနာဂတ်ကာလမှာလည်း ဆတက်ထမ်းပိုးတိုးတက်လာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

**“ကိုရီးယားသမ္မတနိုင်ငံရဲ့ New Southern Policy အရ အာရှနိုင်ငံတွေကို အဓိကအာရုံစိုက်ပြီး ချိတ်ဆက်ဆောင်ရွက်တဲ့နေရာမှာ မြန်မာနိုင်ငံဟာ ကိုရီးယားသမ္မတနိုင်ငံက အလေးထား ဆောင်ရွက်နေတဲ့ နိုင်ငံတစ်နိုင်ငံပါ။ ဒါကြောင့်လည်း ကိုရီးယားသမ္မတနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ အရေးကြီးတဲ့ကဏ္ဍတွေဖြစ်တဲ့ အခြေခံအဆောက်အအုံ၊ စက်မှု ထုတ်ကုန်လုပ်ငန်းနဲ့ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ဖြန့်ဖြူးရေးကိစ္စရပ်တွေမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိ”**

# ကျောင်းကုန်းဆိပ်ကြီး အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်းနှင့် သန့်စင်မေတ္တာအဖွဲ့မှ လှူဒါန်းသည့် ရေအိမ်နှင့် စကြ်ံလျှောက်လမ်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

ကျောင်းကုန်းဆိပ်ကြီး အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်းနှင့် သန့်စင်မေတ္တာအဖွဲ့မှ လှူဒါန်းသည့် ရေအိမ်နှင့် စင်္ကြံလျှောက်လမ်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျောင်းကုန်းဆိပ်ကြီး အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာ ရွှေလှမ်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေ၊ ကျောင်းကုန်းဆိပ်ကြီး အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆန်းမော်တို့က ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် သန့်စင်မေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးနေအုပ်တို့က ရေအိမ်နှင့် စင်္ကြံလျှောက်လမ်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ **(ယာပုံ)**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန်အတွက် ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်မှုဖြစ်သည့် အခြေခံပညာအထက်တန်း Grade-10 နှင့် Grade-11 တက်ရောက်သည့် ကျောင်းသားဦးရေ ၂၀၀ ပြည့်ရမည် ဖြစ်ပါကြောင်း၊ အနီးဆုံး အခြေခံပညာအထက်တန်းကျောင်းနှင့် ၁၀ မိုင် ကွာဝေးရမည်ဖြစ်ပါကြောင်း၊ ယခု အဆင့်တိုးမြှင့်သည့်ကျောင်းသည် ကျောင်းသား ကျောင်းသူ ၂၆၈ ဦးရှိပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသည့်အတွက် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ခြင်း ဖြစ်ပါကြောင်း၊ ကျောင်းကုန်းဆိပ်ကြီးတွင် နေထိုင်သူ အိမ်ခြေ ၁၀၁၄ အိမ် ကျောင်းသားကျောင်းသူ ၁၃၂၈ ဦးရှိ၍ ရပ်ရွာအနေဖြင့် ပညာရေးကို အားပေးပြီး ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်စေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သည်ကို တွေ့ရှိရသည့်အတွက် အားရဝမ်းသာဖြစ်မိပါကြောင်း၊ အလှူရှင်များအနေဖြင့် ကျောင်းသား ကျောင်းသူ ကလေးငယ်များ ကျန်းမာစွာ ပညာသင်ယူခွင့်ရရှိစေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကျောင်း၏ အနေအထားအရ လိုအပ်နေသည့် သန့်စင်ခန်းများနှင့် စင်္ကြံလျှောက်လမ်းကို လှူဒါန်းဆောက်လုပ်ပေးသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် သန့်စင်မေတ္တာအဖွဲ့ ဥက္ကဋ္ဌ ဦးနေအုပ်က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းကုန်းဆိပ်ကြီး အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆန်းမော်က ကျေးဇူးတင်စကား ပြောကြားသည်။

**အထိမ်းအမှတ်အလံများ ပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆန်းမော်က ကျောင်းအဆင့်တိုးမြှင့်ခြင်း အထိမ်းအမှတ်အလံများ ပေးအပ်သည်။

ထို့နောက် အေးမေတ္တာရပ်ကွက် အုပ်ချုပ်ရေးမှူးက သန့်စင်မေတ္တာအဖွဲ့ ဥက္ကဋ္ဌအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး သန့်စင်မေတ္တာအဖွဲ့မှ ဒေါက်တာရွှေလှမ်းက အလှူရှင်များကို ကျေးဇူးတင်လွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရေဘေးဒဏ်ခံရသည့်ဒေသများအတွက် ထောက်ပံ့မှုများဆောင်ရွက်ရာတွင် အသုံးပြုရန် အလှူငွေများလှူဒါန်း



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလှမ်း အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**
သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ်ခံရသည့် ဒေသများအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည်။

ယနေ့ မွန်းလွဲပိုင်းက မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းက လှူဒါန်းငွေကျပ်သိန်း ၅၀၀၊ SNK (Asia Pacific) PTE; LTD. Myanmar Branch က လှူဒါန်းငွေကျပ် ၇၆ သိန်းနှင့် မြန်မာနွယ်ဖွားတရုတ် လူမှုကူညီရေးပရဟိတအသင်းက လှူဒါန်းငွေကျပ်သိန်း ၄၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်**

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးမှူးရုံးသို့လည်း အလှူငွေများနှင့် ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိရာ Shwe Thazin Family and Myanmar Kindness Foundation က ငွေကျပ် ၂၁ သိန်း တန်ဖိုးရှိ စားနပ်ရိက္ခာနှင့် လူ့အသုံးအဆောင်ပစ္စည်းများ၊ Myanmar Finance Center (MFC) က ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ The Five တေးသံရှင်ညီမများက ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ စောင်အထည် ၁၀၀ နှင့် ငွေကျပ် သုံးသိန်း၊ ကွယ်လွန်သူ ဒေါက်တာကောင်းမြတ် (အရိုးအထူးကုဆရာဝန်ကြီး)အား ရည်စူး၍ ဒေါက်တာတင်မိမိ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးနှင့် မိသားစု)က ငွေကျပ် ငါးသိန်း၊ Strategy First University မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများက ငွေကျပ်သိန်း ၅၀၊ Asia Hlaing Kyaw Family က ငွေကျပ်သိန်း ၂၀၊ ဦးစံသာဟန်+ဒေါ်အေးအေးမြင့် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးကျော်လင်းဇော်+ ဒေါ်အေးမြတ်စံ မိသားစုက ငွေကျပ်ခုနစ်သောင်း၊ ဦးစိုးမိုးကျော် မိသားစုက ငွေကျပ်တစ်သောင်းတို့အား လာရောက်ပေးအပ်လှူဒါန်းကြရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံးမှ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၅ မှ*

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဒေါ်နီနီဒွန်း က ယင်းအစီရင်ခံစာ (၁၂/ ၂၀၁၉) ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၂/ ၂၀၁၉)ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကပေးပို့သည့် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ပထမ (၆)လပတ် အခွန်ရငွေစာရင်းများကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဩဂုတ် ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဩဂုတ် ၂၆**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ယနေ့နံနက် ၁၁ နာရီက လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့ဆေးရုံကြီး တောင်ဘက်ပြင်ပလူနာဌာနနှင့်တစ်ဝိုက် ယာဉ်ရပ်နားနေရာထားရန်လျာထားဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့ဆေးရုံ မြောက်ဘက် ဝင်ပေါက်နေရာတစ်ဝိုက်တွင် ယာဉ်ရပ်နားနေရာ ဆောင်ရွက်နိုင်ရေး လျာထားမှု အခြေအနေများ၊ ဆေးရုံသို့ လာရောက်သူများ ခေတ္တနားနေရန် နေရာများ၊ အများသုံးလက်ဆေးကန် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ နားနေဆောင်များနှင့် စားသောက်ဆိုင်များ ဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်နေသည့် အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ တာဝန်ရှိဌာနများအားလုံးက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**လွိုင်ကော်သား**

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၂ / ၂၀၁၉**

**၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်**

**(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည် -

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | တနင်္သာရီတိုင်းဒေသကြီး၊ဘုတ်ပြင်းမြို့နယ်၊ အေးချမ်းမြိုင်(၁) ကျေးရွာနေ နောင်ကိုင်း(ခ)ကျော်စိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၈-၂၀၁၉ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ အေးချမ်းမြိုင် (၁)ကျေးရွာနေ နောင်ကိုင်း(ခ)ကျော်စိုး(၃၀)နှစ်၊ (ဘ) ဦးကျော်လှိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘုတ်ပြင်း) မယ(ပ)၁၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇) အရှေ့ရပ်ကွက်၊ မေတ္တာရှင်လမ်းနေ သိန်းဇော်နှင့် ဇနီး မဇင်မာတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၈-၂၀၁၉ ရက်နေ့တွင် သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ မေတ္တာရှင်လမ်းနေ သိန်းဇော်(၄၇)နှစ်၊ (ဘ)ဦးဘိုနီ နှင့်ဇနီး မဇင်မာ(ခ) ဇင်မာနွယ်(၃၄)နှစ်၊ (ဘ)ဦးသိန်းအောင်တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ အောင်သပြေအနောက်(၁၃)လမ်းနေ ဝင်းသိန်းထွန်း(၃၀) နှစ်၊ (ဘ)ဦးကျော်ငြိမ်းတို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သာကေတ) မယ(ပ)၃၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ ခွေးဟောင်တုံးကျေးရွာနေ ကျော်လွင်နှင့် ဇော်နောင်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၈-၂၀၁၉ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ခွေးဟောင်တုံးကျေးရွာနေ ကျော်လွင်(၄၆)နှစ်၊ (ဘ)ဦးစိုးသိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မဘိမ်း) မယ(ပ)၇၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ဆက်လက်၍ ခွေးဟောင်တုံးကျေးရွာအနောက်ဘက် ရွှေလီမြစ်ကမ်းဘေး၌ ၎င်းကျေးရွာနေ ဇော်နောင်(၂၇)နှစ်၊ (ဘ)ဦးအေးဂျင်အား ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း) မယ(ပ)၇၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၂၄-၈-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၇၃၀)မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၉၅၇)ဦး၊ မ (၁၈၁) ဦး၊ ပေါင်း(၁၁၃၈)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၆၇၀၇.၂၇၉၄) ဂရမ်၊ ICE (၁၃၁၈.၇၂)ဂရမ်၊ ဘိန်း (၃၉၇၇၆.၉၅) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃၂၉.၆) ဂရမ်၊ ဘိန်းစာမှုန့် (၁၉၈၀၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၃၈၁၇၇)ပြား၊ ဆေးခြောက် (၈၃၆၃.၂၂) ဂရမ်၊ ဘိန်းရည် (၀.၁) လီတာ၊ ဘိန်းဆီခဲ (၅၁၃.၂၆) ဂရမ်၊ ဘိန်းစေ့ (၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၂၉.၁၅) ဂရမ်၊ Ecstasyအကြေ (၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ (၂၅၇) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ကံဦးရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၄)ပြား၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ (၂၄၀) ဂရမ်၊ မိုးညှင်းမြို့၊ အမှတ်(၂) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၃.၅)ဂရမ်၊ ဘိန်း(၃၀၀)ဂရမ်၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်း(၁၃၀၀)ဂရမ်၊ မော်ဟန်ကျေးရွာ၌ တရားခံအမျိုးသမီး(၂)ဦးထံမှ ဘိန်းဖြူရည်(၀.၄)လီတာ၊ မိုးကောင်းမြို့နယ်၊ နမ္မတီးကျေးရွာအနီး မိုးကောင်း-မြစ်ကြီးနားသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၀၀)ပြား၊ ဘိန်းဖြူ(၁၁၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ဖားကန့်မြို့နယ်၊ ဗလခကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ လွယ်ဂျယ်မြို့၊အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၅၁၀)ပြား၊ ရွှေကူမြို့နယ်၊ စီမော်ကျေးရွာ သင်္ချိုင်းအနီး လမ်းဘေး၌ ရပ်တန့်ထားသည့် ဆိုင်ကယ်(၃)စီးအား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၄) ဦး၊ အမျိုးသမီး(၁) ဦး၊ ပေါင်း(၅)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၇၅၇၅၀)ပြား၊ ဆိုင်ကယ်(၃)စီး၊ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါတဝီစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဆီခဲ (၂၄၄.၉၄)ဂရမ်၊ နန်းမယ်ခုံမြို့၊ မြို့မကယန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၁၀)ပြား၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၄၂)ပြား၊ စစ်ဆေးဖော်ထုတ်ချက်အရ တရားခံခေတ္တတည်းခိုသည့် တည်းခိုခန်းအတွင်းမှ စိတ်ကြွဆေးပြား (၈၀၈)ပြား၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဇေယျာသီရိရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ ဆေးခြောက် (၄၀၀)ဂရမ်၊ သံဖြူဇရပ်မြို့နယ်၊ သင်္ကေ့ကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက်(၃၂.၆၆)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဂုံနားကျေးရွာ၌ သတင်းအရ စိစစ်ရာ လူမနေသည့် နေအိမ်အိပ်ခန်းမြေကြီးအတွင်းမှ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား (၉၇၅၀၀)ပြား၊ လသာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၆၇၅၀)ပြား၊ ချောင်းဝကျေးရွာအနီး ပုစွန်ကန်တာရိုးပေါ်၌ အမျိုးသား(၃)ဦးအား မသင်္ကာတွေ့ရှိ စိစစ်ရန် ခေါ်ယူစဉ် အထုပ်(၁)ထုပ်အား ပစ်ချကာ ထွက်ပြေးသွားပြီး အထုပ်အတွင်းမှ စိတ်ကြွဆေးပြား(၇၈၀၀၀)ပြား၊ စစ်တွေမြို့ ဘောဒုဖ ကယ်ဆယ်ရေးစခန်း၊ အဆောင်(၁၅၆)အား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၁၂၅၀)ဂရမ်၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေပူကျေးရွာအနီး ရွှေညောင်-ရပ်စောက်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၄၀၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ဟိုပုံးမြို့နယ်၊ လွိုင်လင်-တောင်ကြီးသွားကားလမ်း မိုင်တိုင်(၁၄၄/၃)၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁) ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀၀) ပြား၊ အောင်ပန်းမြို့၊ မင်္ဂလာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၄၅)ပြား၊ ဘိန်းဆီခဲ(၄၀၀) ဂရမ်၊ ရွာငံမြို့နယ်၊ ကျောက်ကူပြင်ကျေးရွာအနီး ရွာငံ-ကျောက်ဆည်သွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်း(၁၁၂၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ သီပေါမြို့နယ်၊ ဆောင်ကြဲကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၁၀)ပြား၊ ခိုလမ်မြို့နယ်၊ နမ့်မောင်းကျေးရွာအနီးလမ်းပေါ်၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ICE (၆၀၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မိုးမိတ်မြို့နယ်၊ ရွှေဇာလီကျေးရွာလမ်းဆုံ၊ မိုးမိတ်-မဘိမ်းသွား ကားလမ်း၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၅၉၆၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ မိုင်းပွန်မြို့၊ ပွန်ချောင်းတံတားအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂) ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၁၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ လောက်ကိုင်မြို့နယ်၊ ပယ်ဖိန်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၉၆၀)ပြား၊ ICE (၁၃၀၀) ဂရမ်၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၅၀၁၅)ပြား၊ ဘိန်းဖြူ(၆၈၄)ဂရမ်၊ ICE (၂၀၀၀) ဂရမ်၊ စဥ့်ကိုင်ကျေးရွာအနီးလမ်းပေါ်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းကျေးရွာနေအိမ်၌ စိတ်ကြွဆေးပြား (၉၈၅၀)ပြား၊ ICE (၂၈၅)ဂရမ်၊ မိုင်းပျဉ်းမြို့နယ်၊ ဝမ်ယန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၁၆) ပြား၊ တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၆၀) ပြား၊ ဘိန်း(၁၅၀)ဂရမ်၊ မိုင်းယောင်းမြို့၊ အမှတ်(၂) ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၈၆၀)ပြား၊ ဘိန်းဖြူ(၀.၄)ဂရမ်၊ မုန်းလိုက်ကျေးရွာ စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁) ဦးထံမှ ဘိန်းဖြူ (၂၈၀၀) ဂရမ်၊ ICE (၁၀၀၀)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ သားရိုးကုန်းကျေးရွာအနီး မုံရွာ-ရေဦးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၀၅)ပြား၊ ဗန်းမောက်မြို့နယ်၊ ပင်ဟင်းခါးကျေးရွာ၊ ဗန်းမောက်-မံစီကြီးသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၀)ဂရမ်၊ ဘိန်း (၃၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တမူးမြို့နယ်၊ ရန်ငြိမ်းအောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၃၄၁)ဂရမ်၊ ဝိတ်တုတ်ကျေးရွာအထွက် တမူး-ကလေးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ(၃၉၆)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ခမ်းပါတ်မြို့နယ်၊ နန်စပါတံတားအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၂)ဦးထံမှ ဘိန်းဖြူ (၁၁၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖောင်းပြင်မြို့အဝင် ဖောင်းပြင်-ပင်လည်ဘူးသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၁၆၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ၎င်းကားလမ်း မိုင်တိုင်(၁၂/၆)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၆၄)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ရာပြည့်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၃၆၄)ပြား၊ ICE (၂.၉၅)ဂရမ်၊ ကန်ဖျားရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၃၀၀)ဂရမ်၊ ပုလောမြို့၊ အမှတ်(၄) ရပ်ကွက်၊ နေကြာလမ်းပေါ်၌ ကော်ဘူးများအတွင်း ထည့်သွင်းစွန့်ပစ်ထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၅၂၈)ပြား၊ ICE (၂)ဂရမ်၊ ဘိန်းစာမှုန့်(၁၆.၃၃)ဂရမ်၊ တနင်္သာရီမြို့နယ်၊ တောင်တိန်း(၁) ကျေးရွာရေဆိပ်၌ ဆိုက်ကပ်ထားသည့် စက်လှေအား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၂) ဦးထံမှ ဘိန်းစာမှုန့်(၉၆၅၀၀၀)ဂရမ်၊ စက်လှေ(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းရည်(၀.၁)လီတာ၊ အဆင့်နိမ့်ဘိန်း(၆)ဂရမ်၊ ကျောက်ဆည်မြို့နယ်၊ တောင်တော်ကျေးရွာအနီး ဟန်မြင့်မိုရ်-ရွာငံသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဆီခဲ (၂၈၀၀)ဂရမ်၊ ဘိန်း(၃၉၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံ Mobile X-Ray ဂိတ်၌ ဆိုင်ကယ်(၁)စီးသည် စစ်ဆေးရေးဂိတ်အတွင်း မဝင်မီ အထုပ်(၁)ခု ပစ်ချ၍ နောက်ပြန်လှည့် မောင်းနှင်ထွက်ပြေးသဖြင့် စိစစ်ရာ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား (၉၈၀)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်လမ်းပေါ်၌ စွန့်ပစ်ထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား (၅၉၆)ပြား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်လမ်းပေါ်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ဆေးဖော်ထုတ်ချက်အရ (၄၁)တိုးချဲ့ရပ်ကွက်ရှိ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား(၃၀၄)ပြား၊ ဆေးခြောက်(၀.၀၂)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဇလီကုန်းမြို့၊ အမှတ်(၂) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၂)ပြားအားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခု ရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ပန်းသာကျေးရွာအထွက် တမူး-ကလေးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စိစစ်ရာ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ ဘိန်းဖြူ (၆၂.၅) ဂရမ်၊ ဆိုင်ကယ်(၂)စီးအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု ဖြစ်စဉ် (၃)ခု ရှိခဲ့ပြီး ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့ကသောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄)ပြား၊ တစ်လုံးထိုး ပွိုင့် ၄၅ လုပ်သေနတ်(၁)လက်၊ ၎င်းကျည်(၂)တောင့်၊ မွန်ပြည်နယ်၊ ပေါင်မြို့၊ မိုးနိုင်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၇၈၇) ပြား၊ လုပ်သေနတ်(၁)လက်၊ ခဲသီး(၆၅)လုံး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ နားပွဲကျေးရွာနှင့် နောင်ပိန်းကျေးရွာ အနီးဝန်းကျင်တစ်ဝိုက်သို့ သတင်းအရ နယ်မြေစိုးမိုးရေးနှင့် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ဘိန်းဖြူမှုန့်/ခဲ (၄၅၀၀) ဂရမ်၊ စိတ်ကြွဆေးပြား(၈၁၀၀၀)ပြား၊ စိတ်ကြွဆေးပြားများထည့်ထားပြီး Packing ပြုလုပ်ထားသည့် ဆာလာအိတ်(၂၇)အိတ် (ဆေးပြားအရေအတွက် စိစစ်ဆဲ)၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁၈၁၄၀)ဂရမ်၊ ICE အရည်(၁၅၀) လီတာ၊ ဘိန်းမည်းအရည်(၂၀)ဂါလန်၊ မူးယစ်ဆေးဝါးချက်လုပ်သည့် ပစ္စည်းများနှင့်အတူ မူးယစ်ဆေးဝါးချက်လုပ်နေသည့် သွပ်မိုး/မိုးကာ တဲ(၂၀) လုံးနှင့် ဆက်စပ်ပစ္စည်းနှင့် ဓာတုပစ္စည်းများဖြစ်သည့် အက်စစ်ပုံး (၇၀၈)လုံး၊ အက်စစ်အရည်ထည့်ထားသည့်ပီပါ(၃)လုံး၊ ဟိုက်ဒရိုကလိုရစ်အက်စစ်များ ထည့်ထားသည့် သံပီပါ (၅၈)လုံး၊ အရက်ပြန်(၁၀)လီတာ၊ အနံ့အရသာအဖြစ် အသုံးပြုသည့် ဆေးဘူး (၁၈) ဘူး၊ စိစစ်ဆဲဆေးဘူးမျိုးစုံ (၅၉)ဘူး၊ CCL တံဆိပ်ပါ အဖြူရောင်အတုံး(၂၀)တုံး၊ ရေခဲသေတ္တာ(၁၄)လုံး၊ စတီးပေါင်းအိုး(၂၇)လုံး၊ အခြောက်ခံစတီးဗန်း(၁၇)ချပ်၊ ကော်ဇလုံ(၁၀၇)လုံး၊ ပီပါအခွံ (၁၁၀) လုံး၊ ဂက်စ်အိုး(၁၃၅၉)လုံး၊ ဒစ်ဂျစ်တယ်ကတ္တား (၃) ခု၊ ကြိတ်စက် (၁) လုံး၊ ဆေးမွှေစက်(၂)လုံး၊ ဆေးပြားရိုက်စက်(၆)လုံး၊ ဆေးချက်ကန်(၆)ကန်၊ စက်သုံးဆီတိုင်ကီ (၅) လုံး၊ မီးစက်ကြီး (၁) လုံး၊ ပွိုင့်-၂၂ သေနတ်(၁)လက်၊ ၎င်းကျည်အိမ် (၁) ခု၊ ၇.၆၂ကျည်(၃၆၀) တောင့်၊ လက်ပစ်ဗုံး(၄၆) လုံး၊ မော်တော်ယာဉ်(၅)စီး၊ မူးယစ်ဆေးဝါးချက်လုပ်ရေးစခန်းမှ ထွက်ပြေးသဖြင့် စိစစ်ဖမ်းဆီးရမိသူ အမျိုးသား (၃၉)ဦးတို့အား ဖော်ထုတ်ရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၁၈-၈-၂၀၁၉ရက်နေ့မှ ၂၄-၈-၂၀၁၉ ရက်နေ့အထိ)အတွင်း အမှုပေါင်း (၂၃၂) မှု၊ တရားခံ ကျား(၂၇၂) ဦး၊ မ (၃၃) ဦး၊ ပေါင်း (၃၀၅) ဦး၊ စိတ်ကြွဆေးပြား(၆၆၄၇၆၅) ပြား၊ စိတ်ကြွဆေးပြားများထည့်ထားပြီး Packing ပြုလုပ်ထားသည့် ဆာလာအိတ်(၂၇)အိတ် (ဆေးပြားအရေအတွက် စိစစ်ဆဲ)၊

*စာမျက်နှာ ၉ သို့*

# ပြည်တက္ကသိုလ်၌ တက္ကသိုလ်များ စာပေပွဲတော်(ပြည်) ကျင်းပမည်

**ပြည် ဩဂုတ် ၂၆**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း(ပဲခူးတိုင်းဒေသကြီး)တို့ ပူးပေါင်း၍ တက္ကသိုလ်များ စာပေပွဲတော် (ပြည်) ကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေတစ်ချောင်းလမ်းရှိ ပြည်တက္ကသိုလ် Multipurpose Hall ၌ ဩဂုတ် ၃၀ မှ ၃၁ ရက်ထိ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာပေပွဲတော်တွင် စာပေဟောပြောပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ သုတ/ရသ စာအုပ်စာစောင်မျိုးစုံ၊ အရောင်းဆိုင်များနှင့် ပြခန်းမျိုးစုံ ပါဝင်မည်ဖြစ်ကာ စာပေပွဲတော်သို့ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# မြို့နယ်အဆင့် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

**ကန်ပက်လက် ဩဂုတ် ၂၆**

မွေးစမှ ငါးနှစ်အထိ ကလေးများအား မြို့နယ်အဆင့် ဒေသအလိုက် ပိုလီယိုကာကွယ်ဆေး အစုလိုက်တိုက်ကျွေးခြင်းကို ကန်ပက်လက်မြို့ ထေရဝါဒဗုဒ္ဓဘာသာဗဟိုကျောင်း၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဆက်လက်၍ ဩဂုတ် ၂၇ ရက်တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဌာန၌ လည်းကောင်း၊ ဩဂုတ် ၂၈ ရက်တွင် ကန်ပက်လက်မြို့ အ မ က (၃) တွင် လည်းကောင်း ဆေးတိုက်ကျွေးသွားမည်ဖြစ်ပြီး ဆေးတိုက်ကျွေးရာ၌ ကျန်းမာရေးဌာနမှ ဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက လိုက်ပါကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ချင်းခရစ်ယာန်သဟာယအဖွဲ့မှ ဥက္ကဋ္ဌ ဒေါက်တာဦးစောထွန်းအောင်မြင့် ဦးဆောင်သောအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ချင်းခရစ်ယာန်သဟာယအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ချင်းခရစ်ယာန်သဟာယအဖွဲ့မှ ဥက္ကဋ္ဌ ဒေါက်တာဦးစောထွန်းအောင်မြင့် ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၁ နာရီက ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် ချင်းခရစ်ယာန်သဟာယအဖွဲ့က ရုပ်သံလိုင်းထုတ်လွှင့်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းပြီး ပြည်ထောင်စုဝန်ကြီးက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေထွက်ရှိကာ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီပေါ်ပေါက်လာသည့် အချိန်ရောက်မှသာ ကောင်စီက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်နိုင်မည့်အခြေအနေများကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ရေကြီးနစ်မြုပ်ဒေသများရှိ မိုးစပါးစိုက်ကွင်းများတွင် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုပြီး ရာသီအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေး ကူညီဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များ၌ မိုးသည်းထန်စွာရွာမှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော မိုးစပါးများ၊ ရေကျချိန်တွင် အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် သက်တမ်းတိုမျိုးစပါးများ ထောက်ပံ့ပေးခြင်း၊ စက်များဖြင့် စိုက်ထယ်ရေး ပြန်လည်ထွန်ယက်ပေးခြင်း၊ ကောက်စိုက်စက်ဖြင့် ဝင်ရောက်စိုက်ပျိုးနိုင်သော လယ်မြေများတွင် စက်ဖြင့် ကူညီစိုက်ပျိုးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ ရေကြီးနစ်မြုပ်ခဲ့သော လယ်ယာသုံးစက်ကိရိယာများအား ကွင်းဆင်းပြုပြင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ရေကျသွားပြီဖြစ်၍ မိုးစပါး အချိန်မီ ပြန်လည်စိုက်ပျိုးရာတွင် လက်တွန်းထွန်စက်များ အသုံးပြုနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်နှင့် တာဝန်ရှိသူများက ဩဂုတ် ၂၄ ရက်တွင် မွန်ပြည်နယ် ပေါင်မြို့နယ် ကတွန်ကျေးရွာ ရွှေဇင်းကျိုက်မွှောရုံ၌ ကတွန်ကျေးရွာ၊ ဖြူဘကျေးရွာ၊ နတ်ကြီးချောင်းကျေးရွာ၊ ပန်းကုန်းကျေးရွာ၊ ရင်းငြိမ်တောင်ကျေးရွာများမှ ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးပျက်စီးခဲ့သော တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် တောင်သူများ၏ လိုအပ်ချက်အရ ဌာနပိုင် လက်တွန်းထွန်စက် အစီး၂၀ ကို ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ အပ်နှံ၍ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အသုံးပြုနိုင်ရေးအတွက် လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးခဲ့သည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် သထုံစက်မှုလယ်ယာစခန်းသို့ သွားရောက်၍ ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေများတွင် ကောက်စိုက်စက်ဖြင့် ကူညီစိုက်ပျိုးပေးနိုင်ရန် စက်မှုလယ်ယာစခန်း ဝန်ထမ်းများက ကောက်စိုက်စက် ပျိုးဗန်းများ ပျိုးထောင်နေမှုနှင့် ကောက်စိုက်စက်များ ရောက်ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ **(ဝဲအောက်ပုံ)** တာဝန်ရှိသူများအား စိုက်ပျိုးချိန်အမီ ကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့အပြင် ယခုအချိန်အထိ စိုက်ပျိုးမြေများ၌ ရေကြီးနစ်မြုပ်လျက်ရှိသော ကျိုက်မရောမြို့နယ် ဘာဘူကုန်းကျေးရွာ တောင်သူများနှင့် တွေ့ဆုံပြီး တောင်သူများ၏ တောင်းဆိုမှုအရ ယခုလကုန် ရေကျချိန်တွင် မိုးစပါး ပြန်လည်စိုက်ပျိုးလိုသော တောင်သူများအတွက် ဝန်ကြီးဌာနက မျိုးစပါး ကူညီဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မော်လမြိုင်စက်မှုလယ်ယာစခန်းတွင် ပျိုးဗန်းများဖြင့် ကြိုတင်ပျိုးထောင်နေမှုအခြေအနေများ၊ ရေကျချိန်တွင် ကူညီစိုက်ပျိုးပေးနိုင်ရန် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) တို့မှ ကောက်စိုက်စက်များ ရောက်ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဘီးလင်းမြို့နယ် စက်မှုလယ်ယာစခန်းသို့ ရောက်ရှိကြပြီး စက်များ အသင့်ရောက်ရှိနေမှု၊ ဝန်ထမ်းများက ကောက်စိုက်စက်၊ ပျိုးဗန်းများ ပျိုးထောင်ပေးနေမှုတို့ကို အားပေးကြည့်ရှုခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး**





# ကရင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် မန္တလေးတိုင်းဒေသကြီး ရွှေသူငယ်ချင်းအဖွဲ့မှ ငွေကျပ် ၄၆ သိန်း ထောက်ပံ့လှူဒါန်း

**ဘားအံ ဩဂုတ် ၂၆**

ကရင်ပြည်နယ်အတွင်း ဩဂုတ်လဆန်းပိုင်းက မိုးသည်းထန်စွာရွာခြင်း၊ တောင်ကျရေများစီးဆင်းခြင်းနှင့် မြစ်ရေ၊ ချောင်းရေများ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိခဲ့ခြင်းတို့ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်ရာ မန္တလေးတိုင်းဒေသကြီး ရွှေသူငယ်ချင်းအဖွဲ့မှ ယနေ့မွန်းတည့် ၁၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ဆန်အိတ် ၂၀၀ အတွက် ငွေကျပ် ၄၆ သိန်းကို ထောက်ပံ့လှူဒါန်းသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ရွှေသူငယ်ချင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အလှူငွေများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ မန္တလေးတိုင်းဒေသကြီး ရွှေသူငယ်ချင်းအဖွဲ့က ဆန်အိတ် ၂၀၀ အတွက် ငွေကျပ် ၄၆ သိန်းကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး**(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

စိတ်ကြွဆေးပြားအကြေမှုန့် (၁၀၁၄၀) ဂရမ်၊ ဘိန်းဖြူ(၉၈၂၅.၉၀၄)ဂရမ်၊ ဘိန်းဖြူရည် (၀.၄) လီတာ၊ ICE (၆၄၅၉၂.၃၂)ဂရမ်၊ ICE အရည် (၁၅၀)လီတာ၊ ဘိန်း(၁၇၂၃၉.၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းမည်းအရည်(၂၀)ဂါလန်၊ အဆင့်နိမ့်ဘိန်း (၆)ဂရမ်၊ ဘိန်းဆီခဲ (၃၄၄၅.၂၄) ဂရမ်၊ ဘိန်းစာမှုန့်(၉၆၅၅၂၆.၂၃) ဂရမ်၊ ဘိန်းစာရွက်(၃၂.၆၆)ဂရမ်၊ ဆေးခြောက် (၂၀၂၄.၇)ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်နေသည့် သွပ်မိုး/မိုးကာတဲ(၂၀)လုံး၊ ဆက်စပ်ပစ္စည်းနှင့် ဓာတုပစ္စည်းများဖြစ်သည့် အက်စစ်ပုံး(၇၀၈) လုံး၊ အက်စစ်အရည် ထည့်ထားသည့်ပီပါ (၃)လုံး၊ ဟိုက်ဒရိုကလိုရစ်အက်စစ်များ ထည့်ထားသည့် သံပီပါ (၅၈)လုံး၊ အရက်ပြန်(၁၀) လီတာ၊ အနံ့အရသာအဖြစ် အသုံးပြုသည့်ဆေးဘူး (၁၈) ဘူး၊ စိစစ်ဆဲဆေးဘူးမျိုးစုံ (၅၉) ဘူး၊ CCL တံဆိပ်ပါ အဖြူရောင် အတုံး(၂၀)တုံး၊ ရေခဲသေတ္တာ(၁၄)လုံး၊ စတီးပေါင်းအိုး (၂၇)လုံး၊ အခြောက်ခံစတီးဗန်း(၁၇)ချပ်၊ ကော်ဇလုံ(၁၀၇)လုံး၊ ပီပါအခွံ (၁၁၀)လုံး၊ ဂက်စ်အိုး(၁၃၅၉)လုံး၊ ဒစ်ဂျစ်တယ်ကတ္တား (၃) ခု၊ ကြိတ်စက်(၁)လုံး၊ ဆေးမှုတ်စက်(၂)လုံး၊ ဆေးပြားရိုက်စက်(၆) လုံး၊ ဆေးချက်ကန် (၆) ကန်၊ စက်သုံးဆီတိုင်ကီ (၅) လုံး၊ မီးစက်ကြီး (၁) လုံး၊ သေနတ်မျိုးစုံ (၃) လက်၊ ကျည်မျိုးစုံ(၄၀၅) တောင့်၊ ခဲသီး (၆၅) လုံး၊ ကျည်အိမ်(၁) ခု၊ လက်ပစ်ဗုံး(၄၆)လုံးတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၉ ခုနှစ် ဇွန်လနှင့် ဇူလိုင်လတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၆

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။**

၂၀၁၉ ခုနှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၆၆၀ ဒသမ ၃၂၈ သန်း၊ ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၆၆ ဒသမ ၄၇၄ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ဇွန်လ | | ဇူလိုင်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၂၈၇.၀၉၃* | - | ၆၄. ၀၀၀* |
| (ခ) | စက်မှုကဏ္ဍ | ၂၁ | ၂၇၉.၀၈၇* | ၂၃ | ၁၅၁.၇၉၄ |
| (ဂ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၄.၉၀၀ | ၁ | ၈၇.၅၀၀ |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | - | ၁ | ၃.၂၀၀ |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၃ | ၆၆.၂၉၇ | - | - |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၂၂.၉၅၁* | ၁ | ၅၅.၀၀၀* |
| (ဆ) | လယ်ယာကဏ္ဍ | - | - | ၁ | ၄.၉၈၀ |
| | စုစုပေါင်း | ၂၇ | ၆၆၀.၃၂၈ | ၂၇ | ၃၆၆.၄၇၄ |

*** ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။**

၂၀၁၉ ခုနှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၉၂၅၂၀ ဒသမ ၇၂၆ သန်းနှင့် ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၁၂၈၇၃၅ ဒသမ ၆၁၄ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ဇွန်လ | | ဇူလိုင်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) |
| (က) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | - | ၁ | ၁၀၀၆၉၃.၈၅၀ |
| (ခ) | စက်မှုကဏ္ဍ | ၆ | ၁၃၅၀၉.၇၀၂* | ၄ | ၁၄၁၇၃.၃၉၈ |
| (ဂ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၁ | ၃၆၉၂၄.၉၉၀ | - | - |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၅ | ၂၃၃၂၇.၄၅၄ | ၁ | ၆၀၁၀.၀၀၀ |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | ၅၀၀.၀၀၀* | ၂ | ၄၀၀၀.၀၀၀ |
| (စ) | လယ်ယာကဏ္ဍ | - | - | ၂ | ၅၀၀.၀၀၀ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၆ | ၁၈၂၅၈.၅၈၀ | ၃ | ၃၃၅၈.၃၆၆ |
| | စုစုပေါင်း | ၁၈ | ၉၂၅၂၀.၇၂၆ | ၁၃ | ၁၂၈၇၃၅.၆၁၄ |

*** ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။**

၂၀၁၉ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | ဇွန်လအတွင်း | ဇူလိုင်လအတွင်း |
| (က) | လယ်ယာကဏ္ဍ | - | ၁၆၀ |
| (ခ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၂၅၈ | - |
| (ဂ) | စက်မှုကဏ္ဍ | ၁၂၅၉၈* | ၁၅၈၄၉* |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | ၉၇ |
| (င) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၄ | ၂၂၄ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၂၅ | ၃၅၃ |
| | စုစုပေါင်း | ၁၃၀၈၅ | ၁၆၆၈၃ |

*** လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်းအပါအဝင်ဖြစ်သည်။**

၂၀၁၉ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | ဇွန်လအတွင်း | ဇူလိုင်လအတွင်း |
| (က) | စက်မှုကဏ္ဍ | ၁၉၉၂ | ၃၁၄ |
| (ခ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၃၆၆ | ၅၁ |
| (ဂ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | ၅၉ |
| (ဃ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | ၂၉၄ |
| (င) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၃၈ | - |
| (စ) | လယ်ယာကဏ္ဍ | - | ၃၂ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄၇၇ | ၁၁၈ |
| | စုစုပေါင်း | ၂၈၇၃ | ၈၆၈ |

သတင်းစဉ်

### စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း

(ရာခိုင်နှုန်း)




**ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

**ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။**

### တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ JICA, Two Step Loan ထုတ်ချေးထားမှုအခြေအနေ (၂၁-၇-၂၀၁၇) မှ (၃၁-၇-၂၀၁၉) ရက်နေ့အထိ

(ကျပ်သန်းပေါင်း)




**တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ JICA, Two Step Loan ထုတ်ချေးထားမှု စုစုပေါင်း ၁၀၅၁၃၂၂.၅၃၅ ကျပ်သန်း ဖြစ်ပါသည်။**

**ဇာစ်မြစ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

**ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။**

## လိုင်လင်းပီမြို့၌ နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေး

လိုင်လင်းပီ ဩဂုတ် ၂၆

လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရေး၊ တိကျပြည့်စုံခိုင်မာသည့် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာနိုင်ရေးအတွက် အိမ်ထောင်စုစာရင်းမရှိသည့် မိသားစုများကို ယာယီအိမ်ထောင်စုစာရင်းပြုလုပ်ပေးခြင်းနှင့် အသက် (၁၈)နှစ်ပြည့်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားမပြုလုပ်ရသေးသူများ စာရင်းကောက်ယူခြင်းကို မင်းတပ်ခရိုင် လိုင်လင်းပီမြို့၌ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးပြီး ဩဂုတ် ၂၆ ရက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လျှောက်လွှာများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများကိုယ်တိုင် မတူပီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ထုတ်ယူခဲ့ကြခြင်းဖြစ်ကြောင်းနှင့် ယခုလမကုန်မီ မတူပီမြို့နယ်သို့ အရောက်ပြန်လည်ပေးပို့ရမည်ဖြစ်သည့်အတွက် အပြီးသတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လိုင်လင်းပီ(မြန်/ဆက်)**

# ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို (၉၉)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အသုံးချဒဿန အမြင်ပြပွဲနှင့် ပညာရှင်ဒဿန စကားဝိုင်းကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို (၉၉) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဒဿနိကဗေဒဌာနမှ ကြီးမှူးကျင်းပသော အသုံးချဒဿနအမြင်ပြပွဲနှင့် ဒဿနစကားဝိုင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် Recreation Center (RC) ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အသုံးချ ဒဿနိကဗေဒပြပွဲတွင် ဒဿနိက သင်တန်းသားများ၊ ဒဿနိက ကျောင်းသားများ၊ ဒဿနိက ဆရာ ဆရာမများနှင့် ဒဿနိကဖြင့် ကျောင်းပြီးသွားသောအနုပညာရှင်များ၏ ဒဿနိက အတွေးအခေါ်ဆိုင်ရာ ပန်းချီ၊ ပန်းပုများ၊ ဓာတ်ပုံ၊ ကာတွန်း၊ တပ်ဆင်ခြင်းအနုပညာ၊ ကဗျာ၊ ဘွန်ဆိုင်းသစ်ပင်များ၏ အလှတရား၊ ပညာပေးရုပ်ပြ၊ ဂျပန်ရိုးရာ ဆာမူရိုင်း သရုပ်ဖော်ရသ၊ ဒဿနိကဗေဒနှင့် ပတ်သက်သော အတွေးအခေါ်နှင့် စာစု များ၊ ကမ္ဘာကျော် ဒဿနိကဗေဒပညာရှင်ကြီးများ အဆိုအမိန့်များနှင့် ၎င်းတို့၏ပုံရိပ်များကို ပြသထားရာ လာရောက်လေ့လာသူများဖြင့် စည်ကားများပြားနေကြောင်း သိရသည်။

အဆိုပါ ပြပွဲကြီးနှင့်အတူ ဒဿနစကားဝိုင်းကို ကျင်းပရာ ဆရာချစ်ဦးညို၊ မင်းကိုနိုင်၊ ပါမောက္ခဒေါက်တာ ဆန်းထွန်း၊ မောင်မောင်ဇေယျ၊ ကိုကျော်မင်းဆွေတို့က လုပသောနိုင်ငံတော်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စမ်းစမ်းနွဲ့ (သာယာဝတီ)၊ ဒေါက်တာဟန်ထူးလွင်၊ အင်းမောင် (ဒဿန)၊ ပါမောက္ခ ဒေါက်တာ မောင်ဆောင်း၊ ဒါရိုက်တာဇာဂနာကြီးတို့က လူငယ်သစ်ရှာပုံတော် ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးကြသည်။ ထိုစကားဝိုင်းတွင် နိုင်ငံတစ်ခုတည်ဆောက်ရာတွင် ဒဿန၏ အရေးပါမှု၊ လူငယ်များအကြား ဒဿန၏ အထောက်အကူပြုမှုနှင့် အရေးပါမှုများကို ဟောပြောဆွေးနွေးကြကြောင်း သိရသည်။ အဆိုပါ ပြပွဲနှင့် စကားဝိုင်းဆွေးနွေးမှုများကို ဩဂုတ် ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**






# မူဆယ်မြို့ သိန်းသန်းချီကားကြီးကွင်းသို့ ခရီးသည်ယာဉ်ခုနစ်စီး ရောက်ရှိလာ

**မူဆယ် ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ သိန်းသန်းချီကားကြီးကွင်း အဝေးပြေးယာဉ်လိုင်းတွင် ဩဂုတ် ၂၆ ရက် ညနေ ၅ နာရီခန့်က ခရီးသည်ယာဉ်ခုနစ်စီး ရောက်ရှိလာခဲ့ကြောင်း သိရသည်။

မူဆယ်မြို့နှင့် ကွတ်ခိုင်မြို့ကြားတွင် တိုက်ပွဲများဖြစ်ခြင်းကြောင့် အဝေးပြေးယာဉ်လိုင်းများ ယာယီပိတ်ထားသည်မှာ ၁၁ ရက် ကြာမြင့်နေပြီဖြစ်ပြီး ယခုရောက်ရှိလာသည့် ခရီးသည်ယာဉ်ခုနစ်စီးသည် မန္တလေးဘက်မှ မူဆယ်မြို့သို့ ပထမဦးဆုံးရောက်ရှိလာသည့် ခရီးသည်ယာဉ်များဖြစ်ကြောင်း သိရသည်။

မူဆယ်မြို့သို့ ရောက်ရှိလာသည့် ခရီးသည်ယာဉ်လိုင်းများမှာ ထက်ဦးယာဉ်လိုင်း နှစ်စီး၊ ကျော်လွှားယာဉ်လိုင်း နှစ်စီး၊ သစ္စာဟိန်းယာဉ်လိုင်း နှစ်စီးနှင့် မြတ်သဇင်ယာဉ်လိုင်းတစ်စီး စုစုပေါင်း ခုနစ်စီးတို့ဖြစ်ပြီး မူဆယ်မြို့ရှိ အဝေးပြေးယာဉ်လိုင်း ဂိတ်မှူးများနှင့် ခရီးသည်များ ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။ ဩဂုတ် ၂၃ ရက်တွင် နေပြည်တော်မှ မူဆယ်မြို့သို့ ခရီးသည်ယာဉ်လိုင်းထွက်ခွာလာသည့် ထက်ဦးယာဉ်လိုင်းမှ ယာဉ်မောင်း ကိုရွှေအေးဦးက "နေပြည်တော်ကနေ လားရှိုးအထိ အဆင်ပြေချောမွေ့စွာ ရောက်ရှိလာပါတယ်။ လားရှိုးကနေ ပေးမသွားခိုင်းတော့ လားရှိုးမှာ တစ်ညအိပ်ရတယ်။ နောက်နေ့ညနေ ၅ နာရီလောက်မှာ လမ်းပွင့်ပြီဆိုတော့ လားရှိုးကနေ ဆက်ထွက်လာတယ်။ ကွတ်ခိုင်မှာ တိုက်ပွဲဖြစ်နေတော့ ခဏနား ရပြန်ပါတယ်။ ကွတ်ခိုင်မြို့ကနေ စောစောထွက်တဲ့ ကားဆရာတချို့နဲ့ ချိတ်ဆက်ပြီးတော့ နမ့်ဖတ်ကာအထိ ရောက်လာပါတယ်။ ညနေ ၃ နာရီမှာ နမ့်ဖတ်ကာ လမ်းပွင့်လာပြီးတော့ မူဆယ်မြို့ကို အဆင်ပြေချောမွေ့စွာ ရောက်လာရခြင်း ဖြစ်ပါတယ်" ဟု လမ်းတွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ပြောကြားခဲ့သည်။

ခရီးသည်ယာဉ်များ မူဆယ်မြို့သို့ ရောက်ရှိလာနိုင်ခြင်းကြောင့် မူဆယ်မြို့ သိန်းသန်းချီ ကားကြီးကွင်းရှိ အဝေးပြေးယာဉ်လိုင်းများသည် ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီမှ စတင်ပြေးဆွဲတော့မည်ဖြစ်ကြောင်း အဝေးပြေးယာဉ်လိုင်း ဂိတ်မှူးများ၏ ပြောကြားချက်အရ သိရသည်။ ခရီးသည်ယာဉ်များ ရောက်ရှိလာခဲ့သော်လည်း ကုန်တင်ယာဉ်ကြီးများ ရောက်ရှိလာခြင်းမရှိသေးကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**



# နမ့်ဖတ်ကာအနီး ပိတ်မိနေသည့် မော်တော်ယာဉ်များနှင့် မူဆယ်ဘက်မှ ကုန်တင်ယာဉ်များ သွားလာနိုင်ပြီဖြစ်

မူဆယ် ဩဂုတ် ၂၆

**တိုက်ပွဲများကြောင့် ကွတ်ခိုင်နှင့်မူဆယ်ကြား ပိတ်မိနေသည့် မော်တော်ယာဉ်များကို ဩဂုတ် ၂၅ ရက် ညနေ ၄ နာရီခန့်တွင် စတင်စေလွှတ်ပေးခဲ့သော်လည်း နမ့်ဖတ်ကာအကျော် နမ့်မွေး၊ ဟန်ကိုင်ကျေးရွာ၊ ခိုမုန်းကျေးရွာနှင့် နမ့်အွန်ကျေးရွာများအနီးတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ကုန်တင်ယာဉ်တချို့နှင့် ခရီးသည်တင်မော်တော်ယာဉ်ငယ်များ ရပ်တန့်နေခဲ့ရကြောင်း သိရသည်။**

"ကျွန်တော်တို့ ကားတွေကို ကွတ်ခိုင်တိုးဂိတ်ကနေ တာဝန်ရှိသူတွေက လွှတ်ပေးလိုက်တာ မှန်ပါတယ်။ ဒါပေမယ့် မူဆယ်မရောက်ခင် လမ်းခုလတ်မှာ တိုက်ပွဲတွေဖြစ်နေလို့ ဆက်သွားလို့ မရသေးပါဘူး။ တချို့ကားတွေတော့ တာမိုးညဲလမ်းကနေ သွားနေကြတယ်" ဟု ကားဆရာတစ်ဦးထံမှ သိရသည်။

မူဆယ်- လားရှိုး- ကွတ်ခိုင်နှင့်ပြင်ဦးလွင် လမ်းပိုင်းများတွင် ကုန်တင်ကား၊ ခရီးသည်ကား၊ အိမ်စီးကား၊ အခြားမော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် လမ်းကြောင်းတစ်လျှောက် တပ်မတော်စစ်ကြောင်းများက လမ်းလုံခြုံရေးကို တာဝန်ယူပေးထားသည့်အပြင် ခရီးသွားကားများနှင့် ခရီးသည်များအတွက် လိုအပ်သည့် ကူညီမှုများကိုလည်း ဆောင်ရွက်ပေးနေကြောင်း ခရီးသွားပြည်သူတစ်ဦးထံမှ သိရသည်။

မူဆယ် - ကွတ်ခိုင်-လားရှိုး - မန္တလေး ပြေးဆွဲနေသည့် ကားလေးမောင်းသူတစ်ဦးက " ကျွန်တော်တို့ မူဆယ်ဘက်ကနေ လားရှိုးကိုသွားရမှာဖြစ်ပါတယ်။ တချို့ခရီးသည်တွေက အရေးကြီးတာရှိသလို သာမန်ခရီးသွားတွေလည်း ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ အဆင်ပြေတဲ့လမ်းကနေ သွားရမှာဖြစ်ပါတယ်။ အခုဆိုရင် လားရှိုးရောက်ဖို့အတွက် နမ့်အွန်တီးမား၊ တက္ကနမ်း၊ တာမိုးညဲလမ်းတွေကို ခက်ခက်ခဲခဲနဲ့ ဖြတ်ကျော်ပြီး ကွတ်ခိုင်မြို့ကို သွားမှာဖြစ်ပါတယ်။ ကွတ်ခိုင်မှတစ်ဆင့် လားရှိုးဘက်ကို လမ်းကြောအခြေအနေကို နားထောင်ပြီး ဆက်လက်ထွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကားသမားအချင်းချင်းလည်း ဖုန်းအဆက်အသွယ်တွေ ရှိပါတယ်"ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

မူဆယ်ခရိုင် နမ့်ဖတ်ကာမြို့အတွင်း တိုက်ပွဲများကြောင့် ပိတ်ဆို့နေသည့် ကုန်တင်ယာဉ်များ၊ ခရီးသည်ကားများနှင့် အိမ်စီးကားများကို ယနေ့ ညနေ ၄ နာရီခန့်က တာဝန်ရှိသူများက စတင်စေလွှတ်ပေးခဲ့သည်။

အဆိုပါ နမ့်ဖတ်ကာအနီးမှ လွှတ်ပေးလိုက်သည့် ကုန်တင်ကား၊ ခရီးသည်များနှင့် အခြားမော်တော်ယာဉ်များကို (၁၀၅)မိုင် အိုရီယမ်တယ်ဟိုင်းဝေးအနီးတွင် တပ်မတော်စစ်ကြောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ကုန်သွယ်ရေးဇုန်မှတာဝန်ရှိသူများနှင့် အိုရီယမ်တယ်ဟိုင်းဝေးမှ တာဝန်ရှိသူများက စောင့်ကြိုပေးခဲ့ကြောင်းနှင့် မူဆယ်မှအထွက်ကားများကို ညနေ ၄ နာရီ ၃၅ မိနစ်တွင် စတင်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

နယ်မြေလုံခြုံရေး တာဝန်ယူထားသောစစ်ကြောင်းမှ စစ်ကြောင်းမှူးက "မူဆယ်ဘက်က ကုန်တင်ကားတွေနဲ့ နမ့်ဖတ်ကာကကျေးရွာမှာ ပိတ်မိနေတဲ့ ကားတွေကို ဒီနေ့ ညနေ ၄ နာရီခန့်မှာ စေလွှတ်ပေးခဲ့ပါတယ်။

" ကျွန်တော်တို့နဲ့အတူ သက်ဆိုင်ရာ တာဝန်ရှိသူတွေ (၁၀၅)မိုင် အိုရီယမ်တယ်ဟိုက်ဝေးကနေ လုံခြုံရေးတာဝန်ယူ ဆောင်ရွက်ပေးထားပါတယ်။ လမ်းကြောမှာအသွားအလာ လုပ်နေတဲ့ကားတွေကို ယာဉ်အန္တရာယ်မဖြစ်အောင် ဂရုစိုက်ပြီး မောင်းသွားကြဖို့လည်း မှာကြားလိုက်ပါတယ်" ဟုဆိုသည်။

**သန့်ဇင်(မူဆယ် )**



# မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် တံခွန်စိုက်ဖလား အမျိုးသား IHEE အသင်းနှင့် အမျိုးသမီးပြည်ထဲရေးအသင်း ဆွတ်ခူး

**ရန်ကုန် သြဂုတ် ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် တံခွန်စိုက်ဖလား အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ အမျိုးသားအလွတ်တန်းတွင် IHEE အသင်းနှင့် အမျိုးသမီးအလွတ်တန်းတွင် ပြည်ထဲရေးအသင်းတို့ တံခွန်စိုက်ဖလား ရရှိသွားသည်။

ဗိုလ်လုပွဲပြိုင်ပွဲများ၌ အမျိုးသားအလွတ်တန်းတွင် IHEE အသင်းက ပြည်ထဲရေးအသင်းကို ၈၅ မှတ်၊ ၆၂ မှတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးအလွတ်တန်းတွင် ပြည်ထဲရေးအသင်းက Western Park အသင်းကို ၆၄ မှတ်၊ ၅၂ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။ ပြိုင်ပွဲအပြီး အမျိုးသားအလွတ်တန်းတွင် ပထမ IHEE အသင်း၊ ဒုတိယ ပြည်ထဲရေးအသင်း၊ တတိယ San Par Oo အသင်း၊ အမျိုးသမီးအလွတ်တန်းတွင် ပြည်ထဲရေးအသင်းက ပထမ၊ Western Park အသင်းက ဒုတိယ၊ လယ်/ဆည် အသင်းက တတိယနှင့် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီးဆုများကို မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ ဒိုင်များက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်နာယက ဒေါ်နီနီက တံခွန်စိုက်ဖလားရရှိသွားကြသော အမျိုးသားအလွတ်တန်း IHEE အသင်းနှင့် အမျိုးသမီးအလွတ်တန်း ပြည်ထဲရေးအသင်းတို့အား ဆုချီးမြှင့်ခဲ့ကြသည်။



မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်နာယက ဒေါ်နီနီ တံခွန်စိုက်ဖလား ရရှိသွားသည့် အမျိုးသားအလွတ်တန်း IHEE အသင်းအား ဆုချီးမြှင့်စဉ်။

ပြိုင်ပွဲတွင် ဝန်ကြီးဌာနအသင်းများ၊ ကလပ်အသင်းများတွင် အမျိုးသား ၁၉ သင်း၊ အမျိုးသမီး ခြောက်သင်းပါဝင်ပြီး ပြိုင်ပွဲကို သြဂုတ် ၁၈ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေကေလင်း**

# မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကစားရန် တရုတ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် သြဂုတ် ၂၆**

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာလတွင် ယှဉ်ပြိုင်ကစားရမည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ၌ ခြေစမ်းပွဲကစားရန် ယနေ့ညနေပိုင်းက တရုတ်နိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ရာဒူလိုဗစ်သည် အပြီးသတ်လူစာရင်းကို သြဂုတ် ၂၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ပုံမှန်ပါဝင်နေသည့် ကစားသမားများအပြင် နန္ဒကျော်၊ ကျော်ဇင်လွင်နှင့် ဆွမ်လမန်တို့ ပြန်လည်ရွေးချယ်ခံခဲ့ရသလို ဂိုးသမား ပြည့်လျှံအောင်လည်း လက်ရွေးစင်အသင်းတွင် ပထမဆုံးရွေးချယ်ခံခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် သြဂုတ် ၃၀ ရက်တွင် တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းပွဲအပြီးတွင် မွန်ဂိုလီးယားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၅ ရက်နှင့် ၁၀ ရက်တို့တွင် ယှဉ်ပြိုင်ရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်ပြီး စက်တင်ဘာ ၅ ရက်တွင် ကစားရမည့် မွန်ဂိုလီးယားအသင်းနှင့် အဝေးကွင်းပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်အသင်းနှင့် ခြေစမ်းခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် စက်တင်ဘာ ၅ ရက်တွင် မွန်ဂိုလီးယားအသင်းနှင့် အဝေးကွင်း၊ စက်တင်ဘာ ၁၀ ရက်တွင် ဂျပန်အသင်းနှင့် အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **ဂိုးသမား**-ကျော်ဇင်ထက် (ရန်ကုန်)၊ ကျော်ဇင်ဖြိုး (ရွှေဝတီ)၊ ပြည့်လျှံအောင် (ရတနာပုံ)၊ **နောက်တန်း**-ဇော်မင်းထွန်း (ချောင်ဘူရီ)၊ စိုးမိုးကျော်၊ ဇော်လင်း၊ ကျော်ဇင်လွင် (ရွှေဝတီ)၊ ပြည့်ဖြိုးဇော် (ရန်ကုန်)၊ ဒေးဗစ်ဒန်း၊ နန္ဒကျော် (ရှမ်း)၊ သိန်းသန်းဝင်း (ရတနာပုံ)၊ **အလယ်တန်း**-ရန်အောင်ကျော်၊ မောင်မောင်လွင် (ရန်ကုန်)၊ လွင်မိုးအောင် (ရွှေဝတီ)၊ လှိုင်းဘိုဘို၊ စည်သူအောင် (ရတနာပုံ)၊ ကြည်လင်း (ဇွဲကပင်)၊ ဆွမ်လမန် (ရှမ်း)၊ ကောင်းစည်သူ (Southern)၊ **ရှေ့တန်း**-ကျော်ကိုကို (ဆာမတ်ပရာခန်)၊ အောင်သူ (မြောင်တောင်)၊ ဝင်းနိုင်စိုး (ရတနာပုံ) နှင့် သန်းပိုင် (ရန်ကုန်) တို့ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဆန်းချက်ဇ်ကို ခေါ်ယူနိုင်ရန် မန်ယူအသင်းနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိ**

အင်တာမီလန်အသင်းသည် ချီလီတိုက်စစ်မှူး ဆန်းချက်ဇ် (၃၀နှစ်) ကို ခေါ်ယူနိုင်ရေးနှင့်ပတ်သက်ပြီး မန်ယူအသင်းနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း၊ ၇၂ နာရီအတွင်း ဆန်းချက်ဇ်ကို အပြီးသတ် ခေါ်ယူလိုကြောင်း မေရာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**အဲရစ်ဆင်အား လက်လွှတ်ဆုံးရှုံးရမည်ကို စိုးရိမ်နေ**

တော့တင်ဟမ်အသင်းသည် ဒိန်းမတ်ကွင်းလယ်ကစားသမား အဲရစ်ဆင် (၂၇နှစ်) အား လက်လွှတ်ဆုံးရှုံးရမည်ကို စိုးရိမ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အယ်နီနီကို အငှားခေါ်ယူလိုနေ**

ပြင်သစ်ကလပ် ဘော်ဒိုးအသင်းသည် အာဆင်နယ်နှင့် အီဂျစ်ကွင်းလယ်ကစားသမား မိုဟာမက် အယ်နီနီ (၂၇နှစ်) ကို အငှားခေါ်ယူလိုနေကြောင်း ပြင်သစ်အခြေစိုက် သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**ဖီးလစ်ပီ လူးဝစ် နာမည်ကြီးအသင်းများကို ပယ်ချခဲ့**

ချယ်လ်ဆီး ဗဟိုခံစစ်ကစားသမားဟောင်း တစ်ဦးဖြစ်သူ ဖီးလစ်ပီ လူးဝစ် (၃၄နှစ်) သည် ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းသို့ မပြောင်းရွှေ့မီတွင် မန်စီးတီး၊ လိုင်ယွန်နှင့် ဒေါ့မွန်အသင်းတို့၏ ကမ်းလှမ်းမှုများကို ပယ်ချခဲ့ကြောင်း ပေါ်တူဂီအခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**အေမီယန်သို့ ပြောင်းရွှေ့ရန် ဆင်ပဆင် ဆွေးနွေးမှုများပြုလုပ်**

လက်စတာ ညာခံစစ်ကစားသမား ဒန်နီဆင်ပဆင် (၃၂နှစ်) သည် ပြင်သစ်ကလပ် အေမီယန်အသင်းသို့ ပြောင်းရွှေ့ရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**တော့တင်ဟမ်အသင်း ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် ၃**

ပရီမီယာလိဂ်ပွဲစဉ် ၃ အဖြစ် ယမန်နေ့က တော့တင်ဟမ်နှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယူးကာဆယ်အသင်းက ဂျိုးလင်တန်၏ တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရခဲ့သည်။ နယူးကာဆယ်အသင်းသည် ပရီမီယာလိဂ် သုံးပွဲကစားထားရာ နှစ်ပွဲရှုံးပြီး တစ်ပွဲသာ အနိုင်ရထားသည်။ တော့တင်ဟမ်အသင်းက ပရီမီယာလိဂ် သုံးပွဲကစားထားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲ ရှုံးထားပြီး ရမှတ်လေးမှတ်ဖြင့် တန်းစီဇယားအဆင့် ၇ နေရာတွင် ရပ်တည်နေသည်။ အခြားပွဲစဉ်အဖြစ် ဝုဖ်နှင့် ဘန်လေအသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သည်။

**ဘာစီလိုနာအသင်းအတွက် ဂရစ်မန်း ဂိုးစတင်သွင်းယူ**

စပိန်လာလီဂါပွဲစဉ် ၂ အဖြစ် သြဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် ဘာစီလိုနာနှင့် ရီးရဲဘက်တစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဇူလိုင်လတွင် ပေါင် ၁၀၇ သန်းဖြင့် ခေါ်ယူထားသော ဂရစ်မန်းသည် ဘာစီလိုနာအသင်းအတွက် ဂိုးစတင်သွင်းယူနိုင်ခဲ့သည်။ ဘာစီလိုနာအသင်းသည် နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် သုံးမှတ်ဖြင့် တန်းစီဇယားအဆင့် ၉ နေရာတွင် ရပ်တည်နေကြောင်း သိရသည်။ ဘာစီလိုနာအသင်းသည် လာလီဂါပွဲစဉ် (၃)အဖြစ် လာမည့် သြဂုတ် ၃၁ ရက်တွင် အိုဆာဆူနာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**အောင်ဇော်**

❑ *ကျောဖုံးမှ*

ONE Championship သည် ယင်းပြိုင်ပွဲကို Part-1 နှင့် Part-2 ခွဲ၍ ကျင်းပမည်ဖြစ်ပြီး Part-1 တွင် ဖိုးသော်နှင့် တောင်ကိုရီးယားကစားသမား ယွန်ချန်မင်တို့ ထိုးသတ်မည့်ပွဲ ပါဝင်ကာ အောင်လအန်ဆန်ပွဲကိုမူ Part-2 ၌ ကျင်းပမည်ဖြစ်သည်။

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲ ထိုးသတ်ထားပြီး ယခုနှစ်အတွင်း ဒုတိယမြောက်ပွဲအဖြစ် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲထိုးသတ်ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် မတ်လက ဂျပန်နိုင်ငံ၌ နောက်ဆုံးထိုးသတ်ထားပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲတွင် ဂျပန်နိုင်ငံသား ဟဆဲဂါဝါကို အလဲထိုး အနိုင်ရခဲ့သည်။

**ညီမြတ်သော်တာ**

# မင်းတပ်ခရိုင် အုပ်ချုပ်ရေးမှူးဖလား အသက်(၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပ

**မင်းတပ် သြဂုတ် ၂၆**

မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူးဖလား အသက်(၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့မဘောလုံးကွင်း၌ ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက အားကစားသမားများ အချင်းချင်း အားကစားစိတ်ဓာတ်ဖြင့် ကြိုးကြိုးစားစားယှဉ်ပြိုင်ကြရန်နှင့် ပိုမိုချစ်ခင်ရင်းနှီးမှုရရှိစေရန် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး အထကကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက ဘင်ခရာ၊ ပန်းဖွား၊ အေရိုးပစ်အကတို့ဖြင့်လည်းကောင်း၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာတီးလုံးနှင့် ရိုးရာအကအလှတို့ဖြင့်လည်းကောင်း ဖျော်ဖြေပေးကြသည်။

၂၀၁၉ ခုနှစ် မိုးရာသီ မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူးဖလား အသက် (၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို မင်းတပ်ခရိုင်အတွင်းရှိ မင်းတပ်၊ ကန်ပက်လက်၊ မတူပီမြို့များမှ အသင်းလေးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဖွင့်ပွဲနေ့တွင် မင်းတပ်(က) အသင်းနှင့် ကန်ပက်လက်အသင်းတို့ ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ခီရှိန်း(ပြန်/ဆက်)**

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

✤ *ကျောဖုံးမှ*

အဲဒီ ၁၅ ပွဲ မှာလည်း ၁၃ ပွဲက ဆုတံဆိပ်တွေရခဲ့တဲ့အတွက် အားရကျေနပ်ပါတယ်။ ပြိုင်ပွဲတစ်လျှောက်မှာတော့ စံချိန်တင်တဲ့ပြိုင်ပွဲပဲ ဖြစ်ပါတယ်။ ဒီပွဲက နယ်နယ်ရရပွဲလည်း မဟုတ်ဘူး။ ကမ္ဘာ့အဆင့်ပြိုင်ပွဲဖြစ်တဲ့အတွက် အဖွဲ့ချုပ်ကိုယ်စားရော နိုင်ငံအတွက်ရော တကယ်ပဲဂုဏ်ယူရပါတယ်”ဟု အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါသွားသည့် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က ပြောသည်။

အောင်ပွဲရ မြန်မာလှေလှော်အားကစားအဖွဲ့အား အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် နာယကများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆွေမျိုး မိဘများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

# နိုင်ငံတကာစက်မှုနည်းပညာပြပွဲနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် သြဂုတ် ၂၆**

နိုင်ငံတကာစက်မှုနည်းပညာပြပွဲနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ (7th International Industrial Technology & Machinery Show 2019 Naypyitaw) ကို သြဂုတ် ၃၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသည် စက်မှုဝန်ကြီးဌာနနှင့် Myanmar Promotional Services (MPS) Co., Ltd တို့ ပူးပေါင်း၍ သြဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ၃ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# မဲခေါင်-လန်ချန်း ဒေသတွင်းရှိ စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင် ဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် သြဂုတ် ၂၆**

Seminar on Innovation and Young Entrepreneurship for Regional Development အခမ်းအနားကို သြဂုတ် ၂၉ ရက်တွင် နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီအထိ နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားကို စက်မှုဝန်ကြီးဌာနမှ မဲခေါင်-လန်ချန်းဒေသတွင်းရှိ စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များ အသိပညာများမျှဝေရန်နှင့် လုပ်ငန်းစတင်သူများအတွက် ဒေသတွင်း ဈေးကွက်ကွန်ရက်ချိတ်ဆက်နိုင်စေရန် ရည်ရွယ်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးစီမံကိန်း ဒုတိယ အသုတ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး သြဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်လူမော် စုစည်းသည်။**

## မြန်မာ့ရုပ်မြင်သံကြား

၂၇-၈-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - ဉပဒေရေးရာအဖြာဖြာ "နှလုံးသားသက်သေ" (အပိုင်း-၂)
၁၁း၃၅ - ဘ၀ထဲက၀တ္ထု၊ ၀တ္ထုထဲကဘ၀ "မနက်ဖြန်ဆို ကြာမှာစိုးလို့ ဒီနေ့ပဲပေးခဲ့မယ်"
၁၄း၀၀ - Yes or No Talk Show
၁၄း၃၀ - မြန်မာနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသော သက်ငယ်မုဒိမ်းမှု အခြေအနေများ

**ညပိုင်း**

၁၆း၂၅ - မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရန်
၁၆း၅၀ - Myanmar Sat-2 "လွှတ်တင်လို့ ဆက်သွယ်ရေး စနစ်ကောင်းမွန်ဖို့"
၁၇း၀၅ - People Talk "ရေစီးရေလာကောင်းမွန်ဖို့ သန့်ရှင်းရေးတွေ လုပ်ကြစို့"
၁၇း၅၅ - မုန်တိုင်းအတွက်ဘာတွေ ပြင်ဆင်နိုင်မလဲ
၁၈း၂၀ - "နည်းပညာကမ္ဘာထဲက ဒေတာစင်တာ"
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်"(၃) (ဘွားဘွားလျူပထမဆုံး အကြိမ် ယွန်းစံအိမ်သို့ လာရောက်ခြင်း)(၂)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေ၀သအခြေအနေ
၂၀း၃၀ - ရေကြီးရေလျှံမှုအတွက် ဘာတွေပြင်ဆင်ထားနိုင်မလဲ
၂၀း၃၅ - စီးပွားရေးစကားဝိုင်း "မြှင့်တင်စီးပွား မြန်ပြည်တစ်လွှား" (ဒုတိယပိုင်း)
- အနုပညာခန်းရိပ်သာ "မန္တလေးသိန်းဇော်နှင့် တွေ့ဆုံခြင်း"
- "စူပါမင်းလည်း မကယ်နိုင်"

# မင်းလှမြို့နယ်၌ ကျောက်မီးသွေးတွင်း မြေပြိုမှုဖြစ်၍ တွင်းတူးလုပ်သားလေးဦး ပိတ်မိနေ



**အထက်မင်းလှ ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ဆပ်ပြာကျေးရွာ၏ တောင်ဘက် (၅) မိုင်ခန့်အကွာ အင်ကြင်းတောင်ကုမ္ပဏီက တူးဖော်လျက်ရှိသည့် ကျောက်မီးသွေးတွင်း၌ ဩဂုတ် ၂၅ ရက် ညနေ ၄ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျောက်မီးသွေးတွင်းထဲသို့ တောင်ကျရေများစီးဝင်ပြီး မြေပြိုမှုဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြေပြိုမှုဖြစ်ခဲ့သည့် ကျောက်မီးသွေးတွင်း၌ ကျောက်မီးသွေး တွင်းတူးလုပ်သားများဖြစ်သည့် မင်းလှမြို့နယ်နေသူများဖြစ်သော မောင်အောင်ချမ်းသာ၊ မောင်နိုင်ထက်ဦး၊ မောင်စိုးအောင်နှင့် အမ်းမြို့နေ မောင်ပိုင်စိုးဝင်းတို့လေးဦးမှာ ကျောက်မီးသွေးတွင်း၌ ပိတ်မိနေပြီး ၎င်းတို့အား ကယ်ထုတ်နိုင်ရေးအတွက် ကျောက်မီးသွေးတွင်းရှိရေများကို ရေစုပ်စက်ဖြင့် စုပ်ယူလျက်ရှိကြောင်း၊ (ဓါတ်ပုံ)မင်းလှနယ်မြေ စခန်းမှူး ရဲအုပ်အောင်မင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ ဆပ်ပြာကျေးရွာနေပြည်သူများ ကျောက်မီးသွေးတွင်းတူးလုပ်သားများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝက်လက်မြို့နယ် ယင်းမတောကျေးရွာတွင် လေဆင်နှာမောင်းတိုက်ခတ် နေအိမ် ၁၃ လုံး ပြို၊ နေအိမ် ၅၀ အမိုးလန်

**ဝက်လက် ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဩဂုတ် ၂၅ ရက် ည ၉ နာရီခွဲက ဝက်လက်မြို့နယ် ယင်းမတောကျေးရွာတွင် လေဆင်နှာမောင်းတိုက်ခတ်သဖြင့် နေအိမ် ၁၃ လုံးပြိုလဲကာ နေအိမ်အလုံး ၅၀ အမိုးလန်ခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံက သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဝက်လက်မြို့နယ် မီးသတ်စခန်း၏ အနောက်ဘက် ၉ မိုင်ခန့်အကွာ ဝက်လက်မြို့နယ် ယင်းမတောကျေးရွာတွင် ဩဂုတ် ၂၅ ရက် ည ၉ နာရီခွဲမှ ည ၁၀ နာရီခွဲထိ လေဆင်နှာမောင်း တိုက်ခတ်သဖြင့် နေအိမ်များ အမိုးလန်ပြီး သစ်ပင်ပြိုလဲ၍ နေအိမ်များပိခြင်းနှင့် သစ်ပင်များပြိုလဲမှုကြောင့် လမ်းပိတ်ခြင်းများကို



သစ်ပင်ပြိုလဲမှုများကို ရှင်းလင်းစဉ်။

ယနေ့နံနက် ၇ နာရီခွဲက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းထွန်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်မောင် ဦးဆောင်သည့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ကူညီဆောင်ရွက်ခဲ့သည်။

**ကူညီဆောင်ရွက်**

ထို့အပြင် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်၍ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၂ ဦးတို့က သွားရောက်ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လေဘေးသင့်ပြည်သူများအား စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးတို့က ယင်းမတောကျေးရွာ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ငွေကျပ် ၃၂၆၃၈၀၀ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**



ဩဂုတ် ၂၅ ရက်က မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်မိုးက ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖ များအား ရဲတပ်ဖွဲ့၏ဆောင်ရွက်ချက်များနှင့်မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။ ကိုကိုရှုပ

# ကျိုက်ထိုမြို့၌ ညောင်ပင်ပြိုလဲ၍ လူနေအိမ်တစ်လုံးပျက်စီး

**ကျိုက်ထို ဩဂုတ် ၂၆**

ကျိုက်ထိုမြို့ တောင်သူစုရပ်ကွက် နှင်းဆီလမ်း ရွာတော်ရှင် ဘိုးဘိုးကြီးနတ်နန်း၌ အမြင့်ပေ ၄၀ ခန့် လုံးပတ် ၂၅ ပေ ခန့်ရှိသော ညောင်ပင်မှာ ယနေ့နံနက် ၄ နာရီခန့်က ပြိုလဲကျမှု ဖြစ်ပွားခဲ့သည်။

အဆိုပါပြိုလဲသည့်ညောင်ပင်မှာ နတ်နန်းဘေးရှိ နေအိမ်အနောက်ဘက်ခြမ်းပေါ်သို့ လဲကျပိမိခဲ့၍ နေအိမ်ပျက်စီးဆုံးရှုံးခဲ့သော်လည်း လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း၊ တောင်သူစုရပ်ကွက် တာ၀န်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းရှင်းလင်း ဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# ဘားအံ-သထုံကားလမ်းမတွင် ကျောက်တင်ယာဉ်တစ်စီးတိမ်းမှောက်

**ဘားအံ ဩဂုတ် ၂၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဖိုးရှိုးကျေးရွာအနီး ဘားအံ-သထုံလမ်း တံတား အမှတ် (၄/၃) အနီး ၌ ဩဂုတ် ၂၅ ရက်က ကျောက်တင်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၅ ရက် နံနက် ၁၁ နာရီကျော်က ဘားအံ-သထုံကားလမ်းအတိုင်း ဘားအံဘက်မှ (တန် ၄၀၀၀) ဘိလပ်မြေစက်ရုံဘက်သို့ ကျောက်များတင်ဆောင်ပြီး ယာဉ်မောင်းဇော်လင်းထွန်း မောင်းနှင်လာသောယာဉ်မှာ မျက်နှာချင်းဆိုင်ဘက်မှ မောင်းနှင်လာသော ဆိုင်ကယ်ကို ရှောင်တိမ်းစဉ် အရှိန်မထိန်း နိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်သွားခြင်းဖြစ်ပြီး ထိခိုက်ဒဏ်ရာမရှိကြောင်း သိရသည်။ ထို့ကြောင့် ယာဉ်မောင်း ဇော်လင်းထွန်း (၃၂ နှစ်) တန်(၄၀၀၀) ဘိလပ်မြေ စက်ရုံဝန်ထမ်းအိမ်ရာဝင်း၊ ဘားအံမြို့နယ်နေသူအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**




# ပေါင်းတည်မြို့ လယ်ကွက်အတွင်း ဓားဒဏ်ရာများနှင့်သေဆုံးမှုမှ ပြစ်မှုကျူးလွန်သူသုံးဦးကို ဖမ်းဆီးရမိ

**ပေါင်းတည် ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ဘိုးသာအောင်ကုန်းအုပ်စု ညောင်ပင်ကုန်းကျေးရွာနှင့် ကင်ပွန်းခြုံကျေးရွာကြား ဆည်မြောင်းပေါင်အနီး လယ်ကွင်းအတွင်း ဩဂုတ် ၂၁ ရက်က လယ်ထဲတွင် ငါးမြှုံးများထောင်သည့်ကိစ္စနှင့် ပတ်သက်၍ လူသတ်မှုဖြစ်ပွားပြီး ပြစ်မှုကျူးလွန်သူ သုံးဦးတို့ကို ဖမ်းဆီးရမိကာ အရေးယူထားကြောင်း ပေါင်းတည်မြို့မရဲ စခန်းမှ သိရသည်။

ဖြစ်စဉ်မှာသေဆုံးသူ ညောင်ပင်ကုန်းရွာနေ ဦးဝင်းအောင် (၅၂ နှစ်)သည် ဩဂုတ် ၂၁ ရက် ညနေ ၅ နာရီခန့်က ဆိုင်ကယ်ဖြင့် နေအိမ်မှ တစ်ဦးတည်းထွက်သွားရာ ပြန်လည်မရောက်ရှိသဖြင့် ရှာဖွေရာ ဩဂုတ် ၂၂ ရက် နံနက် ၆ နာရီခန့်၌ ဦးဝင်းအောင်မှာ ဓားဒဏ်ရာဖြင့် ၎င်းပိုင်လယ်ကွက်အတွင်း သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် ပေါင်းတည်မြို့မရဲစခန်းက အမှုဖွင့်လှစ်ပြီး ပြစ်မှုကျူးလွန်သူများကို ပူးပေါင်းအဖွဲ့များနှင့်အတူ ဖော်ထုတ်ဖမ်းဆီးခဲ့ရာ ဩဂုတ် ၂၄ ရက်တွင် ဖမ်းဆီးရမိကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများ ဖြစ်ကြသည့် ပေါင်းတည်မြို့ ဘိုးသာအောင်ကုန်းအုပ်စု ကင်ပွန်းခြုံရွာနေ ကျော်ကြီး (ခ) ကျော်ကျော် (၄၆ နှစ်)၊ ကျော်ဆန်း (၃၄ နှစ်)၊ ဇော်မိုးအောင် (ခ) ငဇော် (၃၁) နှစ်တို့ကို စစ်ဆေးရာ ၎င်းတို့နှင့်လွန်ခဲ့သော ရက် ၂၀ ခန့်က သေဆုံးသူပိုင်ဆိုင်သော လယ်ထဲတွင်ငါးမြှုံးများ ထောင်သည့်ကိစ္စနှင့် ပတ်သက်၍ စကားများ ရန်ဖြစ်ခဲ့မှုအပေါ် မကျေနပ်၍ ဩဂုတ် ၂၁ ရက်ည ၇ နာရီခန့်တွင် ဦးဝင်းအောင် လယ်ထဲရောက်ရှိလာသည်ကို တွေ့ရှိရာ ကျော်ကြီး၊ ဇော်မိုးအောင်တို့က ဦးဝင်းအောင်အား ဓားဖြင့်ခုတ်ပြီး သေဆုံးသူ၏အလောင်းကို ကျော်ဆန်းနှင့်အတူ



ပြစ်မှုကျူးလွန်သူများအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

သေဆုံးသူ ပိုင်ဆိုင်သော လယ်ကွက်အတွင်း စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပေါင်းတည်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းဇော်( မင်းသားကြီး)**

# ဂျီ ၇ ထိပ်သီးအစည်းအဝေးတက်ရန် အီရန်နိုင်ငံခြားရေးဝန်ကြီး ရောက်ရှိလာခဲ့

**ပါရီ ဩဂုတ် ၂၆**

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာအစ်သည် ပြင်သစ်နိုင်ငံတွင်ကျင်းပသည့် ဂျီ ၇ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် လာရောက်ခဲ့သည်။ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီး ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေဖြစ်နေသည်ကို ဖြေရှင်းရန်အတွက် ဩဂုတ် ၂၅ ရက်တွင် ပြုလုပ်သည့် အစည်းအဝေးသို့ တက်ရောက်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ မစ္စတာ မိုဟာမက် ဂျာဗက်ဇာအစ် အစည်းအဝေးသို့တက်ရောက်မည်ဟု ကြိုတင်အသိပေးထားခြင်းမရှိပေ။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား တင်းမာနေမှုများကို လျှော့ချနိုင်ရေးနည်းလမ်းများရှာဖွေနေသည့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်အတွက် အလောင်းအစားတစ်ခုလည်း ဖြစ်သည်။

ပြင်သစ်နိုင်ငံသို့ ရောက်ရှိစဉ်အတွင်း အမေရိကန်သမ္မတ ထရမ့်နှင့် အီရန် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာအစ်တို့အကြား ဆွေးနွေးပွဲပြုလုပ်ခြင်းမရှိခဲ့ကြောင်း ပြင်သစ်အရာရှိများကပြောသည်။

သို့သော်တစ်နေရာတည်းတွင် ၎င်းတို့နှစ်ဦးတွေ့ဆုံခြင်းမှာ လက်ရှိတင်းမာမှုများ လျှော့ကျနိုင်မည့် မျှော်လင့်ချက်ပင်ဖြစ်သည်။ ခက်ခဲသည့် လမ်းကြောင်းဖြစ်သော်လည်း ထိုက်တန်သည့် ကြိုးပမ်းမှုဟု မစ္စတာ ဇာအစ်က တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

ပြင်သစ်သမ္မတ မက်ခရွန်၊ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး၊ ဗြိတိန်နှင့်ဂျာမနီမှ အရာရှိများနှင့် မစ္စတာဇာအစ် တွေ့ဆုံပြီးနောက် ထိုသို့ရေးသားခဲ့ခြင်း ဖြစ်သည်။ အီရန်နိုင်ငံခြားရေးဝန်ကြီးရောက်ရှိလာခြင်းကို အမေရိကန်သမ္မတ ထရမ့် သတိထားမိကြောင်းလည်း ပြင်သစ်အရာရှိများက ပြောသည်။

ပြင်သစ်သမ္မတ၏ စာချုပ်နှင့်ပတ်သက်ပြီး အဆိုပြုမှုကို ထရမ့်က အပြုသဘောဆောင်သည့် တုံ့ပြန်ချက်များပေးသည်မှာ ကောင်းမွန်သည့် ကိစ္စပင်ဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ ပဋိပက္ခဖြေရှင်းရေးအုပ်စုမှ အကြီးအကဲဖြစ်သူ ရောဘတ်မူလေကပြောသည်။

**အေအက်ဖ်ပီ**



ပြင်သစ်သမ္မတ၊ ပြင်သစ်အရာရှိများနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံကြစဉ်။

# ဘရီးဇစ် စာချုပ်နှင့်ပတ်သက်ပြီး အီးယူနှင့်ဆွေးနွေးနေမှုများ တိုးတက်မှုရှိဟု ဗြိတိန်ဝန်ကြီးချုပ်ပြော

**လန်ဒန် ဩဂုတ် ၂၆**

ဗြိတိန်နိုင်ငံ၏ ဘရီးဇစ်စာချုပ်အတွက် ဥရောပသမဂ္ဂ (အီးယူ)နှင့် ဆွေးနွေးမှုမှာ တိုးတက်မှုအခွင့်ကောင်းများ ရရှိနေပြီဟု ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောသည်။

ပြင်သစ်နိုင်ငံတွင် ကျင်းပသည့် ဂျီ ၇ ထိပ်သီးအစည်းအဝေးတွင် ဗြိတိန်ဝန်ကြီးချုပ်သည် ဗြိတိန်အသံလွှင့်ဌာန၏ မေးမြန်းမှုကို ဖြေကြားခဲ့သည်။ ဗြိတိန် ဥရောပသမဂ္ဂမှ နုတ်ထွက်မည့်အချိန်မှာ အောက်တိုဘာ ၃၁ ရက်ဟု သတ်မှတ်ထားရာ နုတ်ထွက်မည့်နေ့နီးကပ်လာပြီဖြစ်သည့်အတွက် ဘရီးဇစ်နှင့်ပတ်သက်၍ အသိပေးဖြေကြားခြင်းလည်း ဖြစ်သည်။

ဥရောပသမဂ္ဂ အဖွဲ့ကြီးအတွင်း ဗြိတိန်ဆက်လက်ရှိနေရေး ဆန့်ကျင်သည့် နိုင်ငံရေးသမားများ၊ စာချုပ်မရှိဘဲ နုတ်ထွက်မည်ကို ဆန့်ကျင်သည့် နိုင်ငံရေးသမားများအားလုံးတို့သည် ဩဂုတ် ၂၅ ရက်က နည်းဗျူဟာများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်။

ပြင်သစ်တွင်ရောက်ရှိနေစဉ် ဗြိတိန်ဝန်ကြီးချုပ်သည် ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မစ္စတာ ဂျွန်ဆင် ဗြိတိန်ဝန်ကြီးချုပ်အဖြစ် စတင်တာဝန် ထမ်းဆောင်ချိန်မှစ၍ ပထမဦးဆုံးအကြိမ်အဖြစ် ဥရောပကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂမှ နုတ်ထွက်သည့်အခါ စာချုပ်နှင့် နုတ်ထွက်မည်ကို ပို၍လိုလားကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်နှင့် တွေ့ဆုံစဉ် ပြောဆိုခဲ့သည်ဟု စကိုင်းနယူးစ်တွင် ဖော်ပြထားသည်။

ဘရီးဇစ်နှင့်ပတ်သက်ပြီး ဗြိတိန်ပါလီမန်တွင် ဆွေးနွေးမှုများကို ရပ်တန့်သွားမည်မဟုတ်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ လာမည့်လတွင် ပြုလုပ်မည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင်လည်း ခေါင်းဆောင်နှစ်ဦး ထပ်မံတွေ့ဆုံဆွေးနွေးသွားမည်ဟု စကိုင်းနယူးစ်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# စပိန်နိုင်ငံတွင် ရဟတ်ယာဉ်နှင့် လေယာဉ်ငယ်တိုက်မိ၍ လူ ခုနစ်ဦး သေဆုံး

**ဘာစီလိုနာ ဩဂုတ် ၂၆**

စပိန်နိုင်ငံ မော်လိုကာကျွန်း ဝေဟင်တွင် ရဟတ်ယာဉ်နှင့် လေယာဉ်ငယ်တစ်စင်းတို့ ဩဂုတ် ၂၅ ရက်တွင် တိုက်မိပြီး လူ ခုနစ်ဦး သေဆုံးခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

ကလေး နှစ်ဦးအပါအဝင် လူ ငါးဦးမှာ ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာပြီး လေယာဉ်ငယ်တွင် လူ နှစ်ဦးလိုက်ပါလာခဲ့သည်ဟု ဘယ်လာရစ်ကျွန်း အာဏာပိုင်များက ပြောသည်။ ယခု ဦးစားပေးလုပ်ဆောင်ရမည့်ကိစ္စမှာ သေဆုံးသွားသည့် လူ ခုနစ်ဦး၏ မိသားစုဝင်များကို ကူညီပေးရန်ပင်ဖြစ်သည်ဟု ဘယ်လာရစ်ကျွန်း ဥက္ကဋ္ဌ ဖရန်စီနာ အာမန်ဂိုက ပြောသည်။

ရဟတ်ယာဉ်နှင့်လေယာဉ်ငယ်တိုက်မှုမှာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၅၀ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု မော်လိုကာမှ ရဲများကပြောသည်။ လေယာဉ်ငယ်နှင့် ရဟတ်ယာဉ်တို့တိုက်မိရသည့်အကြောင်းရင်းကိုမူ မသိရသေးပေ။

**စီအင်န်အင်န်**



အမေဇုန်တောအတွင်း မီးလောင်နေသည်ကို တွေ့ရစဉ်။

# လာမည့်လအတွင်း ကုန်သွယ်ရေးသဘောတူစာချုပ် ချုပ်ဆိုရန် အာဘေးနှင့်ထရမ့်တို့ ရည်ရွယ်ထား

**ပါရီ ဩဂုတ် ၂၆**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် လာမည့်လတွင် ပြုလုပ်မည့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးတွင် ကုန်သွယ်ရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရန် သဘောတူထားသည်။ ခေါင်းဆောင်နှစ်ဦးသည် ပြင်သစ်နိုင်ငံတွင် ပြုလုပ်သည့် ဂျီ ၇ ထိပ်သီးအစည်းအဝေးတွင် တွေ့ဆုံခဲ့ကြသည်။ လာမည့်လတွင် ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပစဉ်အတွင်း ထပ်မံတွေ့ဆုံရန် သဘောတူထားသည်။

ဩဂုတ် ၂၅ ရက်က ပြုလုပ်သော အစည်းအဝေးတွင် ဂျပန်ကုန်သွယ်ရေးဝန်ကြီး တိုရှီမက်ဆုမိုတီဂီနှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်တင်ဇာတို့ ဆွေးနွေးခဲ့ကြသည့် စက်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာ သဘောတူညီမှုများကို မစ္စတာ အာဘေးက လက်ခံခဲ့သည်။

ဂျပန်နှင့် အမေရိကန်တို့ ပူးတွဲဆွေးနွေးမှုများကိုအခြေခံ၍ အရာရှိများသည် ကုန်သွယ်ရေးသဘောတူညီချက်ရအောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု မစ္စတာအာဘေးက ပြောသည်။

ဆက်လက်လုပ်ဆောင်ရမည့် ကိစ္စများရှိနေသေးသော်လည်း သဘောတူညီချက်ရအောင် အရှိန်အဟုန်မြင့် ဆွေးနွေးမှုများပြုလုပ်သွားရန် ဂျပန်ဝန်ကြီးချုပ်က လိုလားသည်။ နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးမှုတွင် အပြန်အလှန်တိုးတက်မှုများ ရှိလာသည့်အတွက် ဝမ်းသာကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူစာချုပ်ကြောင့် နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု မစ္စတာ အာဘေးက ပြောသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်သမ္မတ ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ တွေ့ဆုံကြစဉ်။

# အမေဇုန်တောမီးငြိမ်းသတ်နိုင်ရေး ယူရို သန်းနှင့်ချီ ကူညီမည်ဟု ဂျီ ၇ ခေါင်းဆောင်များ ကတိပြု

**ပါရီ ဩဂုတ် ၂၆**

အမေဇုန်တောမီးကို ငြိမ်းသတ်နိုင်ရေး မီးသတ်ရဟတ်ယာဉ်များ စေလွှတ်ရေးအတွက် ယူရိုသန်း ၂၀ သုံးစွဲသွားရန် ဂျီ ၇ ခေါင်းဆောင်များက သဘောတူခဲ့သည်။ ဂျီ ၇ အဖွဲ့တွင် ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊အီတလီ၊ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့ပါဝင်ပြီး အဖွဲ့ဝင်နိုင်ငံအားလုံးသည် သစ်တောပြန်လည်ပျိုးထောင်ခြင်း အစီအစဉ်အတွက် ထောက်ပံ့မှုများပြုလုပ်သွားရန် သဘောတူခဲ့သည်။

အဆိုပါအစီအစဉ်ကို စက်တင်ဘာလအတွင်းပြုလုပ်မည့် ကုလသမဂ္ဂညီလာခံတွင် တင်ပြသွားမည်ဖြစ်သည်။ အမေဇုန်သစ်တောအတွင်း ဒေသခံတိုင်းရင်းသားများ နေထိုင်နေကြသည့်အတွက် ဘရာဇီးသည် သစ်တောပြန်လည်ပျိုးထောင်ခြင်း အစီအစဉ်ကို သဘောတူလိမ့်မည်ဖြစ်သည်။

အမေဇုန်သစ်တောအတွင်း မီးလောင်မှုမှာ အပြည်ပြည်ဆိုင်ရာနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး ဂျီ ၇ အစည်းအဝေး၏ ဦးစားပေးဆွေးနွေးစရာအဖြစ် ပြင်သစ်သမ္မတက ကြေညာခဲ့သည်။

အကယ်၍ ဘရာဇီးသမ္မတသည် အမေဇုန်သစ်တောကာကွယ်ရေးကို ထိရောက်စွာ မလုပ်ဆောင်လျှင် အီးယူနှင့်လက်တင်အမေရိကနိုင်ငံများကြား ကုန်သွယ်ရေးစာချုပ်ကို ပိတ်ဆို့မှုများပြုလုပ်ရန်လည်း ပြင်သစ်သမ္မတက ခြိမ်းခြောက်ခဲ့သည်။ ယခုနှစ်အစပိုင်းမှစကာ ဘရာဇီးနိုင်ငံတွင် တောမီးလောင်မှု ၈၀၀၀၀ နီးပါးခန့်ဖြစ်ပွားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အစိုးရသစ်တစ်ရပ် ဖွဲ့စည်းလိုက်နိုင်ပြီဖြစ်တဲ့ ဒီအာရ်ကွန်ဂို

ထွန်းသစ်စ

**ယခင် အတိုက်အခံခေါင်းဆောင် ဖီးလစ်ရှီဆက်ကီဒီကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ပြီး ရှစ်လနီးပါးအကြာမှာတော့ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံဟာ ဩဂုတ် ၂၆ ရက်က ညွန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီညွန့်ပေါင်းအစိုးရကိုတော့ ယခင်သမ္မတ ဂျိုးဆက်ဖ် ကာဘီလာရဲ့ထောက်ခံသူတွေက လွှမ်းမိုးထားပါတယ်။ "နောက်ဆုံးမှာတော့ အစိုးရဆိုတာရှိလာပါပြီ။ သမ္မတက အမိန့် (ဒီကရီ)ကို လက်မှတ်ရေးထိုးလိုက်ပါပြီ။ ကျွန်တော်တို့ မကြာမီမှာ အစိုးရရဲ့အလုပ်တွေကို စတင်လည်ပတ်နိုင်တော့မှာဖြစ်ပါတယ်"လို့ ဝန်ကြီးချုပ် ဆိုင်ဗက်ထရီ အီလွန်ဂါက သတင်းထောက်များကို ပြောကြားလိုက်ပါတယ်။**



အတိုက်အခံခေါင်းဆောင် ဖီးလစ်ရှီဆက်ကီဒီကို ထောက်ခံသူများခြံရံလျက် တွေ့ရစဉ်။

### အစိုးရဖွဲ့ဖို့ နှောင့်နှေးခဲ့

အစိုးရအကူးအပြောင်းကာလ ခုနစ်လလောက်အချိန်တွင်းမှာတော့ အစိုးရသစ်ဟာ ရှီဆက်ကီဒီရဲ့ ပြောင်းလဲရေးညွန့်ကြားချက်အပါအဝင် ကာဘီလာရဲ့ကွန်ဂိုတပ်ဦး (အက်ဖ်စီစီ) က လွှဲပြောင်းပေးလိုက်တဲ့ ကိစ္စရပ် ၆၆ ခုလောက်ကို ကိုင်တွယ်ဖြေရှင်းသွားရမှာ ဖြစ်ပါတယ်။

အတိုက်အခံခေါင်းဆောင် ရှီဆက်ကီဒီဟာ အသက် ၅၆ နှစ်ရှိပြီဖြစ်ပြီး ပြုပြင်ပြောင်းလဲရေးကို ပြုလုပ်မယ်လို့ ကတိပေးခဲ့သလို အကျင့်ပျက်ခြစားမှုကိုလည်း အမြစ်မြေလှန်သွားမယ်လို့ ကြုံးဝါးနေတဲ့သူလည်းဖြစ်ပါတယ်။ သို့သော်လည်း သူ့အနေနဲ့လက်ရှိမှာတော့ ဥပဒေပြုရေးအဖွဲ့နဲ့ အာဏာကို ခွဲဝေကျင့်သုံးသွားရမယ့် အနေအထားပါ။ ဥပဒေပြုရေးအဖွဲ့ဆိုတာလည်း အက်ဖ်စီစီရဲ့လွှတ်တော်အမတ်တွေ လွှမ်းမိုးထားတဲ့နေရာ ဖြစ်ပါတယ်။

နှစ်ဖက်အဖွဲ့အစည်းတွေဟာ အစိုးရရဲ့ ယန္တရားကို နှောင့်ယှက်ပိတ်ပင်မယ့် အတားအဆီးမှန်သမျှကို တွန်းလှန်ဖယ်ရှားနေတာကြောင့် ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့စည်းဖို့ အချိန်အတော်ယူခဲ့ရပါတယ်လို့ ဝန်ကြီးချုပ် ဆိုင်ဗက်ထရီ အီလွန်ဂါက သတင်းထောက်များကို ပြောကြားလိုက်ပါတယ်။

### ပြောင်းလဲကြပါစို့

အစိုးရအဖွဲ့သစ်ဟာ သူ့ရဲ့အဖွဲ့ဝင်သစ်တွေကို အမျိုးသားလွှတ်တော်က အတည်ပြုလိုက်တယ်ဆိုတာနဲ့ အစိုးရယန္တရားကြီးကို စတင်လည်ပတ်နိုင်တော့မှာဖြစ်ပါတယ်လို့ သူကဖြည့်စွက်ပြောကြားလိုက်ပါတယ်။ အစိုးရအဖွဲ့သစ်ကို သဘောတူဖို့အတွက် လွှတ်တော်ဟာ စက်တင်ဘာ ၇ ရက်အထိ ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။

ဒါကိုစောင့်ဆိုင်းရတာ စောင့်ရကျိုးနပ်မယ်ဆိုတာ ယုံကြည်ပါတယ်လို့ ဝန်ကြီးချုပ် ဆိုင်ဗက်ထရီ အီလွန်ဂါကဆက်လက်ပြောကြားပါတယ်။ ပြောင်းလဲရေးလမ်းညွှန်ချက်မှာ အခုဆိုရင် နိုင်ငံတော်အကြီးအကဲရဲ့မျှော်မှန်းချက်တွေကို ရုပ်လုံးပေါ်လာဖို့ အစိုးရတစ်ရပ်ရှိလာတော့မှာဖြစ်ပါတယ်။ ဒါကြောင့် အခုကစပြီး ပြောင်းလဲကြပါစို့။ အလုပ်စလုပ်ကြပါစို့လို့ ဝန်ကြီးချုပ်က ဆက်လက်ပြောကြားပါတယ်။

### နိုင်ငံအရေးနဲ့ အမျိုးသမီးကဏ္ဍ

နိုင်ငံတော်ရဲ့ အစိုးရရာထူး ၁၇ ရာခိုင်နှုန်းကို အခုတော့ အမျိုးသမီးတွေ ရရှိလာပါပြီလို့ ဝန်ကြီးချုပ် ဆိုင်ဗက်ထရီ အီလွန်ဂါကပြောပါတယ်။ ဒီရာခိုင်နှုန်းဟာ နည်းနေသေးတယ်လို့ ဆိုရမှာဖြစ်ပေမယ့်လည်း အရေးကြီးတဲ့ အခန်းကဏ္ဍမှာ အမျိုးသမီးတွေ ပါဝင်မှုကတော့ မျှမျှတတဖြစ်ပါတယ်လို့ ဝန်ကြီးချုပ် ဆိုင်ဗက်ထရီ အီလွန်ဂါကပြောပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာနကို ရှီဆက်ကီဒီရဲ့ ဒီမိုကရေစီနှင့် လူမှုရေးဆိုင်ရာ တိုးတက်မှုပါတီအဖွဲ့ဝင် မာရီတမ်ဘာနာဇီဇာကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ သူဟာနိုင်ငံသမိုင်းမှာ ဒုတိယမြောက် အမျိုးသမီး နိုင်ငံခြားရေးဝန်ကြီးဖြစ်လာပြီ ဖြစ်ပါတယ်။ ယခင်ကနိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ အမျိုးသမီးကတော့ အီကီလာလီယွန်ဒါဖြစ်ပြီး သူဟာ ၁၉၈၀ ပြည့်လွန်နှစ်များက ယခင်အာဏာရှင် မိုဘူတူ စီစီ စီကိုလက်ထက်မှာ တာဝန်ထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်။

ထို့အတူ တခြားအမျိုးသမီးများကို အလုပ်သမားဝန်ကြီးဌာနနဲ့ ကျားမရေးရာ ဝန်ကြီးဌာနတွေမှာ နာမည်စာရင်းတင်သွင်းထားပါတယ်။ ထို့အတူ အသစ်ဖွဲ့စည်းလိုက်တဲ့ အစိုးရသစ်ထဲမှာ ဒုတိယဝန်ကြီးချုပ်ဟာ အမျိုးသမီးဖြစ်ပြီး ကာဘီလာရဲ့ ပါတီကဖြစ်ပါတယ်။ သူ့ကို အလက်စီ မူနမ်ဘီလို့ခေါ်ပြီး သူဟာအစိုးရရဲ့စီမံကိန်းပိုင်းကို ကိုင်တွယ်သွားမှာဖြစ်ပါတယ်။ စုစုပေါင်းအားဖြင့် အသစ်ဖွဲ့စည်းလိုက်တဲ့ အစိုးရသစ်အဖွဲ့မှာ ဒုတိယဝန်ကြီးချုပ် စုစုပေါင်း ငါးဦးရှိတယ်လို့လည်း သိရပါတယ်။

ကာကွယ်ရေးဝန်ကြီးဌာနကို ကာဘီလာထောက်ခံသူနဲ့ နီးစပ်တဲ့အသိုင်းအဝိုင်းမှာရှိတဲ့ အိုင်မီနွိုင်မူကီနာကို ပေးအပ်လိုက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနကိုတော့ ကာဘီလာခေတ် အမှုထမ်းကောင်းတစ်ဦးဖြစ်တဲ့ ဂျိစ့်ဆယ်လီရာလာဂူလီကို ပေးအပ်ထားပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနကိုတော့ ရှီဆက်ကီဒီရဲ့ဒီမိုကရေစီနှင့်လူမှုရေးဆိုင်ရာ တိုးတက်မှုပါတီအဖွဲ့မှ နာမည်ကြီး ဂီလ်ဘာ့တ်ကန်ကွန်ဒီကိုပေးအပ်လိုက်ပါတယ်။ သူဟာ အနာဂတ်ကာလနဲ့ပတ်သက်ပြီး ဆူးခင်းလမ်းတွေကို ရင်ဆိုင်ကျော်ဖြတ်ရဦးမှာဖြစ်ပါတယ်။ အခုလိုပေါင်းစပ်ပါဝင်ဆောင်ရွက်ခြင်းကို ဝန်ကြီးချုပ်ကတော့ အရေးကြီးတဲ့ တီထွင်ဆန်းသစ်မှုကြီးအဖြစ် တင်စားခဲ့ပါတယ်။

### စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရမယ်

ရှီဆက်ကီဒီဟာ ဒီဇင်ဘာ ၃၀ ရက်ရွေးကောက်ပွဲတွေမှာ ထင်ရှားစွာအောင်မြင်ခဲ့ပါတယ်။ ဓာတ်သတ္တု သယံဇာတပေါကြွယ်ဝတဲ့ ဒီအာရ်ကွန်ဂိုဟာ ၁၉၆၀ ပြည့်နှစ် ဘယ်လ်ဂျီယံထံမှ လွတ်လပ်ရေးရရှိခဲ့တဲ့အချိန်မှစတင်ခဲ့ပြီး ဒီဇင်ဘာ ၃၀ ရက်မှာ ရွေးကောက်ပွဲတွေကို ပထမဦးဆုံးအကြိမ်ပြုလုပ်ပြီး ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းပေးအပ်ခဲ့ပါတယ်။

သို့သော်လည်း ၁၈ နှစ်ကြာ အာဏာကြီးစိုးခဲ့တဲ့ ကာဘီလာရဲ့အရိပ်မည်းကြီးကြောင့် နိုင်ငံရဲ့နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုတွေဟာ ဆက်လက်တည်ရှိနေပါသေးတယ်။ သူဟာ သူ့အဖေလုပ်ကြံခံရပြီး ရက်သတ္တပတ်နှစ်ပတ်မပြည့်ခင် ၂၀၀၁ ခုနှစ်မှာ နိုင်ငံတော်အာဏာကို စတင်ရရှိခဲ့ပါတယ်။ သူ့အဖေလုပ်ကြံခံရချိန်နဲ့ တစ်ပြိုင်တည်းမှာပဲ ဒေသတွင်းနိုင်ငံခြောက်ခုဟာ ဒီအာရ်ကွန်ဂိုမြေပေါ်မှာ စစ်ပွဲတွေဖြစ်ခဲ့ပါသေးတယ်။ ဒီအာရ်ကွန်ဂိုရဲ့ အရှေ့ပိုင်းပြည်နယ်အများအပြားဟာ အခုအချိန်အထိ မတည်ငြိမ်သေးပါဘူး။ သူပုန်လက်နက်ကိုင်တွေဟာ အရပ်သားတွေကို ရက်စက်ကြမ်းကြုတ်မှုတွေ ပြုတယ်လို့ စွပ်စွဲခံနေရပါသေးတယ်။

ဒါ့အပြင် အီဘိုလာရောဂါဖြစ်ပွားမှုကလည်း တောင်နဲ့မြောက် ကီဗူပြည်နယ်တွေမှာ တစ်နှစ်ထဲမှာပဲ လူအသက် ၂၀၀၀ ကျော်ဆုံးရှုံးစေခဲ့ပါတယ်။ ဒါတွေဟာ အခုတက်လာမယ့် ကျန်းမာရေးဝန်ကြီးအတွက်တော့ စိန်ခေါ်မှုတွေဖြစ်လာမှာပဲဖြစ်ပါတယ်။

### ရုန်းမထွက်နိုင်သေးပါ

ကိုဘော့ဒြပ်စင်၊ ကြေးနီ၊ စိန်တွေနဲ့ တခြားသဘာဝတွင်းထွက်များ ထွက်ရှိသော်လည်း ဒီအာရ်ကွန်ဂိုဟာ ကုလသမဂ္ဂ လူသားချင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းဝင် နိုင်ငံပေါင်း ၁၈၉ နိုင်ငံရှိတဲ့အနက် ၁၇၆ နိုင်ငံမြောက် နိုင်ငံဘဝက ရုန်းမထွက်နိုင်သေးဘူး ဖြစ်နေပါတယ်။

ထို့အပြင် ဒီအာရ်ကွန်ဂိုမှာ ဆင်းရဲနွမ်းပါးမှုက ကျယ်ပြန့်ပြီး မညီမျှမှုတွေဟာ သြချရလောက်ပါတယ်။ ထို့အပြင် အခြေခံပညာရေးမှာလည်း စိန်ခေါ်မှုတွေ အများကြီးရှိနေပါသေးတယ်။ ဒါတွေကို အခုတက်လာမယ့်အစိုးရအဖွဲ့က ကိုင်တွယ်ဖြေရှင်းသွားရမှာပဲ ဖြစ်ပါတယ်။ ဒီအာရ်ကွန်ဂိုနိုင်ငံဟာ ဆိုးရွားလှတဲ့အခြေအနေတွေကနေ ရုန်းထွက်ရမှာဖြစ်ပါတယ်။ အခုအသစ်ဖွဲ့စည်းလိုက်တဲ့ အစိုးရအဖွဲ့ဝင်သစ်တွေဟာလည်း ဒီအာရ်ကွန်ဂိုကို ပြောင်းလဲမှုတွေလုပ်ဆောင်သွားဖို့ အားခဲထားတာကိုလည်းတွေ့ရပါတယ်။ သူတို့ရဲ့ရည်မှန်းချက် ပေါက်မြောက်အောင်မြင်မှာလား။ ဒီအာရ်ကွန်ဂိုပြည်သူတွေ တိုးတက်မှုတွေရလာမှာလားဆိုတာကတော့ ဆက်လက်စောင့်ကြည့် သွားရမှာပဲဖြစ်ပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုထွာ

### ကျောက်တုံးများ လိမ့်ဆင်းလာ၍ ဖူဂျီတောင်တက် အမျိုးသမီးတစ်ဦးသေဆုံး

**တိုကျို ဩဂုတ် ၂၆**

အသက် ၂၉ နှစ်အရွယ် ရုရှားအမျိုးသမီးတစ်ဦးသည် ဖူဂျီတောင်တက်စဉ် ကျောက်တုံးများလိမ့်ဆင်းလာ၍ ကျောက်တုံးနှင့်ရိုက်မိကာ သေဆုံးခဲ့သည်ဟု သိရသည်။ တောင်ထိပ်ပိုင်းရောက်ခါနီးတွင် ယင်းကဲ့သို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲများနှင့် မီးသတ်တပ်ဖွဲ့ထံ ဩဂုတ် ၂၆ ရက်တွင် သတင်းရောက်လာခဲ့သည်။ ထို့နောက် အဆိုပါအမျိုးသမီး၏ အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး သေဆုံးကြောင်း အတည်ပြုခဲ့သည်။

အဆိုပါအမျိုးသမီးသည် ဖူဂျီယိုရှီဒါမြို့မှစတင်ထွက်ခွာလာသည့် တောင်တက်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ရဲများကပြောသည်။ အဖွဲ့အတွင်းမှအဖွဲ့သားတစ်ဦးက အဆိုပါအမျိုးသမီး၏ ရင်ဘတ်ကို တောင်ပေါ်မှ လိမ့်ဆင်းလာသည့်ကျောက်တုံးများ ထိမှန်ခဲ့သည်ဟု ပြောသည်။

**အင်န်အိတ်ချ်ကေ**

### အီသီယိုးပီးယားနှင့် တောင်ကိုရီးယားတို့ အမေရိကန်ဒေါ်လာသန်း ၃၀၀ တန် သဘောတူညီချက်တွင် လက်မှတ်ထိုး

**အဒစ်အဘာဘာ ဩဂုတ် ၂၆**

အီသီယိုးပီးယားဝန်ကြီးချုပ် အဘီအာမက် တောင်ကိုရီးယားသို့ ချစ်ကြည်ရေးခရီး လာရောက်စဉ်အတွင်း အီသီယိုးပီးယားအစိုးရနှင့် တောင်ကိုရီးယားအစိုးရတို့ အမေရိကန်ဒေါ်လာ သန်း ၃၀၀ တန် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို ဩဂုတ် ၂၆ က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

အီသီယိုးပီးယားဝန်ကြီးချုပ်သည် တောင်ကိုရီးယားသို့ နှစ်ရက်ကြာ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၉-၂၀၂၀ ကာလအတွင်း အကောင်အထည်ဖော်မည့် ကိုရီးယား -အီသီယိုးပီးယား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းရန်ပုံငွေ၏ အောက်တွင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ တန် သဘောတူညီမှုကို လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

ယခုတစ်ကြိမ် တောင်ကိုရီးယားခရီးစဉ်သည် မစ္စတာ အာမက်အတွက် ပထမဦးဆုံး တောင်ကိုရီးယားသို့ လာရောက်ခြင်းဖြစ်ပြီး ခရီးစဉ်အတွင်း တောင်ကိုရီးယား သွင်းကုန်-ထုတ်ကုန် ဘဏ်ဥက္ကဋ္ဌ ယောင်ဝမ်ကင်နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထို့ပြင် အီသီယိုးပီးယားဝန်ကြီးချုပ်သည် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့်လည်း ဩဂုတ် ၂၆ တွင် တွေ့ဆုံခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**




မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမြင့်အောင် မြို့သစ်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

## မြို့သစ်မြို့နယ်၌ အိမ်ထောင်စုစာရင်းကောက်ယူမှုနှင့်ပတ်သက်၍ ဆွေးနွေး

**မြို့သစ် ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်း အမြစ်ဝန်ကြီး ဦးမြင့်အောင်သည် မြို့သစ်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများအား မိမိတို့ဌာနအလိုက် လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တက်တက်ကြွကြွ လုပ်ကိုင်ဆောင်ရွက်သွားရန်နှင့် ၂၀၂၀ရွေးကောက်ပွဲ နီးလာသည်နှင့်အမျှ ရပ်ကွက်၊ ကျေးရွာအုပ်စုများနှင့် စာရေးဝန်ထမ်းများကိုလည်း စာရင်းဇယားများ ကောက်ယူရာတွင် အချိန်မီပြီးစီးနိုင်ရေး၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ဝင်းက အိမ်ထောင်စု စာရင်းကောက်ယူမှုနှင့် ပတ်သက်၍ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး ဦးခင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဝင်းအိဇွန်တို့က မိမိတို့၏ဌာနအလိုက် ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခဲ့သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများက သိလိုသည်များကို မေးမြန်းရာ ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း (ပြန်/ဆက်)**

## ဒီးမော့ဆိုမြို့နယ် ငွေတောင်ရေထိန်းတမံ(ငူးပလော့ဆည်)တွင် ငါးမျိုးများ စိုက်ထည့်

**ဒီးမော့ဆို ဩဂုတ် ၂၆**

ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်အတွင်းရှိ ဆည်၊ ကန်၊ ချောင်း၊ မြောင်းများတွင် ငါးသယံဇာတများ တိုးပွားလာစေရန်အတွက် ငါးမျိုးများစိုက်ထည့်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဒီးမော့ဆိုမြို့နယ် ငွေတောင်ရေထိန်းတမံ (ငူးပလော့ဆည်) တွင် ငါးကောင်ရေ ၂၀၀၀၀ ကို ငါးမျိုးစိုက်ထည့်သည်။

ငါးမျိုးများ စိုက်ထည့်ရာတွင် ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေသန္တာဝင့်၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ငါးကြင်းရွှေဝါ၊ ငါးခုံးမကြီးနှင့် ငါးမြစ်ချင်း စသော ငါးကောင်ရေ ၂၀၀၀၀ ကို ငွေတောင်ရေထိန်းတမံအတွင်း ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**



ဒီးမော့ဆိုမြို့နယ် ငွေတောင်ရေထိန်းတမံ(ငူးပလော့ဆည်)တွင် ငါးမျိုးများ စိုက်ထည့်စဉ်။

## ချင်းပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ(၃/၂၀၁၉)အစည်းအဝေး ဟားခါး၌ကျင်းပ

**ဟားခါး ဩဂုတ် ၂၆**

ချင်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၃/၂၀၁၉)အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်ဖြိုးနှင့် သက်ဆိုင်ရာဌာနများက ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းလိုင်စင်ဆိုင်ရာ အမှာစာများကို ကော်မတီက အတည်ပြုသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ဖလမ်း၊ တီးတိန်၊ ကန်ပက်လက်နှင့် မင်းတပ်မြို့များတွင် ကျင်းပသော ပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၂၀၂၀-၂၀၂၅ ရေးဆွဲနိုင်ရေး အကြိုအလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသောရလဒ်များကို တင်ပြခြင်းနှင့် ဟားခါးမြို့တွင် ကျင်းပမည့် ပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲနိုင်ရေး အပြီးသတ် အလုပ်ရုံဆွေးနွေးပွဲလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ကော်မတီဝင်များက ဆွေးနွေးကြပြီးနောက် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။



ချင်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပစဉ်။

ခရီးသွားလုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

## ပိတောက်ကုန်း(တောင်)ကျေးရွာနေ အိမ်ထောင်စုများအတွက် စွမ်းအားမြှင့်မီးဖို ၆၀၀ ကျော် အခမဲ့ပေးအပ်

**ပုလဲ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ပိတောက်ကုန်း(တောင်)ကျေးရွာ သာသနာ့ဝေပုလ္လကျောင်းတိုက် ရွှေနှင့်မြမ္ဘာရုံ၌ ယနေ့နံနက်ပိုင်းက ကိုရီးယားသမ္မတနိုင်ငံ Climate Change Center ( CCC )၏ အစီအစဉ်ဖြင့် စွမ်းအားမြှင့်မီးဖို ၆၀၀ ကျော် အခမဲ့ပေးအပ်ပွဲ ကျင်းပသည်။

ထို့နောက် မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်ဝင်းက ပိတောက်ကုန်း(တောင်)ကျေးရွာနေ အိမ်ထောင်စုများအတွက် စွမ်းအားမြှင့်မီးဖို ၆၆၅ လုံးကို ပေးအပ်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းမောင်နှင့် ဒေသခံပြည်သူများက လက်ခံယူသည်။

အဆိုပါ စွမ်းအားမြှင့်မီးဖိုဖြန့်ဝေရေးစီမံကိန်းအရ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခရိုင်၊ မြို့နယ် ၂၇ မြို့နယ်၊ ကျေးရွာ ၁၁၀၉ ရွာ၊ အိမ်ထောင်စုပေါင်း ၂၁၈၄၆ စုကို စွမ်းအားမြှင့်မီးဖိုများ အခမဲ့ဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပုလဲမြို့နယ်အတွင်း လျှပ်စစ်မီးမရရှိသေးသည့် ထင်းအဓိကထား သုံးစွဲနေရသော ကျေးရွာအုပ်စု ၁၃ စု၊ ကျေးရွာ ၃၅ ရွာ၊ အိမ်ထောင်စု ၇၃၂၆ စုနှင့် လူဦးရေ ၃၄၃၆၁ ဦးအတွက် စွမ်းအားမြှင့် မီးဖို ၇၃၂၆ လုံးကို ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အပြီး အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေတောင်မြို့နယ် သရက်ကုန်းကျေးရွာတွင် ကျေးလက်မီးလင်းရေး လုပ်ငန်းများဆောင်ရွက်နေ

**ရွှေတောင် ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကျွဲတလင်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာအတွင်း မီးတိုင်များစိုက်ထူခြင်း၊ ၄၀၀ ဗို့အား လျှပ်စစ်မီးကြိုး ပေ ၆၇၀၀ သွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သရက်ကုန်းကျေးရွာသည် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာဖြစ်ပြီး စီမံကိန်း သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ရာ သုံးနှစ်အတွက် အတိုးရငွေကျပ်သိန်း ၁၀၀ မှ ထက်ဝက်ဖြစ်သည့် ကျပ်သိန်း ၅၀ ဖြင့် အထက်ဖော်ပြပါ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

သရက်ကုန်းကျေးရွာတွင် အိမ်ခြေ ၁၇၀၊ အိမ်ထောင်စု ၁၈၀ နှင့် လူဦးရေ ၆၅၂ ဦးရှိပြီး လျှပ်စစ်မီးရရှိလာသည်နှင့် ကျေးလက်စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာနိုင်မည်ဖြစ်ရာ လူမှုစီးပွားဘဝလည်း မြင့်မားလာမည့် အခြေအနေတွင် ရှိနေသည်။

အဆိုပါ ကျေးလက်မီးလင်းရေးလုပ်ငန်းများ ပြီးစီးမှုကို ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ချစ် ချစ်စိုးနှင့် ကျေးရွာတာဝန်ခံ ဝန်ထမ်းအဖွဲ့တို့က ဩဂုတ် ၂၃ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကိုထူး**



သရက်ကုန်းကျေးရွာတွင် ကျေးလက်မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ထားမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

## မိုးနဲမြို့၌ ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်း ဆောင်ရွက်

**မိုးနဲ ဩဂုတ် ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းကို ပေါ့မိုင်းရပ်ကွက်နှင့် နာဟောင်ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဆောင်ရွက်ခဲ့ရာ မွေးကင်းစမှ အသက်ငါးနှစ်အရွယ်ကလေးငယ် ၁၆၉ ဦးကို ကာကွယ်ဆေးတိုက်ကျွေးနိုင်ခဲ့ပြီး ကျန်ရှိသောရပ်ကွက်နှင့် ကျေးရွာများသို့လည်း ဆက်လက်တိုက်ကျွေးသွားမည်ဖြစ်သည်။

ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းကို မွေးကင်းစမှ အသက်ငါးနှစ်အရွယ်ကလေးများ အားလုံးကို ယခုလ ၂၆ ရက်မှ ၂၈ ရက်အထိ တစ်ကြိမ် နှင့် အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ တစ်ကြိမ် နှစ်လခြားဆက်တိုက် နှစ်ကြိမ် တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

တစ်ဆက်တည်းအနေဖြင့် ကျန်းမာရေးဦးစီးဌာနမှ တစ်နိုင်ငံလုံး ဝက်သက်၊ ဂျိုက်သိုးရောဂါ ကင်းစင်ပပျောက်ရေးအတွက် ဝက်သက်၊ ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်း အစီအစဉ်အရ အသက်ကိုးလမှ ငါးနှစ်အရွယ်ကလေးငယ်များအား ၂၅-၁၀-၂၀၁၉ ရက်မှ ၂၉-၁၀ -၂၀၁၉ရက်အထိ လည်းကောင်း၊ ကျန် ၂၃၄ မြို့နယ်တွင် ၂၆-၁၁-၂၀၁၉ ရက်မှ ၂၈-၁၁-၂၀၁၉ ရက်အထိ လည်းကောင်း၊ ဝက်သက်၊ ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# သာစည်မြို့နယ် သပြေ၀-မြို့ကြီးကုန်းကျေးရွာလမ်းပျက်စီး၍ ဒေသခံများ သွားလာရေးခက်ခဲ

**မိတ္ထီလာ ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သပြေ၀ကျေးရွာနှင့် မြို့ကြီးကုန်းကျေးရွာချင်းဆက်လမ်း ပျက်စီးနေ၍ ဒေသခံများသွားလာရေး အခက်အခဲကြုံတွေ့လျက်ရှိရာ ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်။

“သပြေ၀ကျေးရွာအုပ်စုထဲမှာပါ၀င်တဲ့ သပြေ၀-မြို့ကြီးကုန်းကျေးရွာချင်းဆက် လမ်းပျက်စီးနေတာ ကြောင့် မြို့ကြီးကုန်းကျေးရွာကနေ မိတ္ထီလာစက်မှုဇုန်နဲ့ကပ်နေတဲ့ သပြေ၀ ဈေးကို ဈေးရောင်း ဈေး၀ယ်သွားသူတွေ၊ မြို့ကြီးကုန်းကျေးရွာကနေ သပြေ၀ကျေးရွာ စာသင်ကျောင်းကို ကျောင်းတက်သွားရတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ မိတ္ထီလာစက်မှုဇုန်ကို နေ့စဉ်အလုပ်သွားရောက် လုပ်ကိုင်နေတဲ့ ဒေသခံတွေအတွက် နေ့စဉ်သွားရေးလာရေး အခက်အခဲကြုံတွေ့နေရပါတယ်။ ဒါကြောင့် ပျက်စီးနေတဲ့ သပြေ၀-မြို့ကြီးကုန်းကျေးရွာလမ်းကို သက်ဆိုင်ရာ တာ၀န်ရှိသူတွေအနေနဲ့ ပြုပြင်ဆောင်ရွက်ပေးစေချင်ပါတယ်”ဟု မြို့ကြီးကုန်းကျေးရွာဒေသခံ ဦး၀င်းအောင်က ပြောသည်။



သာစည်မြို့နယ် သပြေ၀-မြို့ကြီးကုန်းကျေးရွာလမ်းပျက်စီးနေမှုကို တွေ့ရစဉ်။

သပြေ၀-မြို့ကြီးကုန်းကျေးရွာလမ်း ပျက်စီးရခြင်းမှာ နှစ်ကာလကြာမြင့်၍ မိုးရေတိုက်စားမှုကြောင့် လည်းကောင်း၊ သပြေ၀တိုးဂိတ်ကို ရှောင်ကွင်းမောင်းနှင်သည့် ကျောက်သယ်မော်တော်ယာဉ်များကြောင့် လည်းကောင်း ပျက်စီးခြင်းဖြစ်ပြီး လမ်းကိုပြုပြင်ဆောင်ရွက်ပေးရန်နှင့် ကျောက်သယ်မော်တော်ယာဉ်များအား ကျေးရွာချင်းဆက်လမ်းပေါ်မှ မောင်းနှင်ခြင်းမပြုစေရေးတားမြစ်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ကန့်ဘလူ၌ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံ ဆွေးနွေး

**ကန့်ဘလူ ဩဂုတ် ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်း၀ယ်ရေး ၀န်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှဦးဆောင်၍ ပဲတီစိမ်းသီးနှံများကို ပြည်ပဈေးကွက် (ဥရောပသမဂ္ဂ ဈေးကွက်)ရရှိရေး ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအားသိရှိစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် စုပေါင်းရုံးရှေ့ဆည်မြောင်ခန်းမ၌ ဩဂုတ်လ တတိယပတ်က ကျင်းပခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက တစ်နိုင်ငံလုံးပဲတီစိမ်းစိုက်ပျိုးဧက ၂၉ သိန်းကျော်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဒုတိယအများဆုံးဖြစ်ကြောင်း၊ မြို့နယ်များအနက် ကန့်ဘလူမြို့နယ်သည် တတိယအများဆုံးစိုက်ပျိုးကြောင်း၊ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များကဲ့သို့ ကန့်ဘလူခရိုင်ကိုလည်း ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ယခုလိုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဖွဲ့သုံးဖွဲ့ခွဲ၍ စားပွဲ၀ိုင်းဆွေးနွေးပွဲပြုလုပ်ပြီး ဈေးကွက်ဖော်ဆောင်မှု(အဖွဲ့ ၁)မှ လေးချက်၊ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး(အဖွဲ့ ၂)မှ ခုနစ်ချက်၊ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသောဈေးကွက်၊ ဈေးနှုန်းရရှိရေး(အဖွဲ့၃)မှ ဆယ်ချက်တို့ကို စားပွဲ၀ိုင်းအဖွဲ့အလိုက် ဖော်ထုတ်ချက်များအား ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာ၀န်ရှိသူများက ပေါင်းစပ်သုံးသပ်ကာ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ကမ္ဘာတွင် မြန်မာနိုင်ငံသည် ပဲတင်ပို့မှု ဒုတိယအများဆုံးနိုင်ငံ ဖြစ်ပြီး အာဆီယံနိုင်ငံများတွင် ပဲတင်ပို့မှုမှာ အများဆုံးဖြစ်ကြောင်း၊ နိုင်ငံ စိုက်ပျိုးမြေ စုစုပေါင်း၏ ၂၂ ရာခိုင်နှုန်းသည် ပဲစိုက်သည့် ဧကများဖြစ်ကြသည်။ နှစ်စဉ် ပဲစိုက်ဧကမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတို့တွင် စုစုပေါင်းစိုက်ဧက ၁၁ သန်းကျော်ရှိကြောင်း သိရသည်။

**အောင်၀င်းငြိမ်း (ကန့်ဘလူ)**

# ဒေသအလိုက် ပိုလီယိုကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေးခြင်းလုပ်ငန်း အသိပေးရှင်းလင်း

**မက်မန်း ဩဂုတ် ၂၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း မက်မန်းမြို့ မင်းရန်အောင်ခန်းမ၌ ဒေသအလိုက် ပိုလီယိုရောဂါကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေးခြင်းလုပ်ငန်း အသိပေးရှင်းလင်းပွဲကို ယမန်နေ့က ကျင်းပသည်။

ရှင်းလင်းပွဲတွင် မက်မန်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူး ဦးစိုးကြိုင်က ပိုလီယိုရောဂါကာကွယ်ဆေး အပိုဆောင်းတိုက် ကျွေးခြင်းလုပ်ငန်းရည်ရွယ်ချက်နှင့် ဒေသအလိုက် တိုက်ကျွေးမည့်အစီအမံများကို ရှင်းလင်းပြောကြားသည်။

ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းလုပ်ငန်း အသိပေးဆွေးနွေးပွဲသို့ မက်မန်းခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာ၀န်ရှိသူများ၊ ရပ်ကွက်၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မက်မန်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအောက်ရှိ သားဖွားဆရာမများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၀င်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးလွင် (မက်မန်း)**

# အာဖရိကဝက်အပြင်းဖျားရောဂါအကြောင်း အသိပညာပေးဟောပြော

**ဖားဆောင်း ဩဂုတ် ၂၆**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း၀န်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဖားဆောင်းမြို့နယ်ရုံးမှ အာဖရိက၀က်အပြင်းဖျားရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၄ ရက်က ခဲမဖြူကျေးရွာ မိုထာခန်းမဆောင်၌ ကျင်းပသည်။

ဟောပြောပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဘော်လခဲခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန်း၀င်းက အာဖရိက၀က်အပြင်းဖျားရောဂါ၏ သမိုင်းကြောင်း၊ ရောဂါကူးစက်ခြင်းနှင့် ထိန်းချုပ်ခြင်း၊ရောဂါတားဆီးရေးနှင့် ကာကွယ်ရေးအဖွဲ့များဖွဲ့စည်းရန်၊ ရောဂါဖြစ်ပါက ရောဂါဖြစ်၀က်၏ နမူနာများ ဓာတ်ခွဲခန်းပို့၍ စမ်းသပ်ခြင်းများပြုလုပ်ရန်၊ ရောဂါဖြစ်လာပါက ၀က်သေဆုံးမှုရှိလျှင် အမြန်သတင်းပို့ရန်၊ အာဖရိက၀က်အပြင်းဖျားရောဂါသည် ၀က်များတွင်သာဖြစ်ပွားတတ်ပြီး လူများသို့ကူးစက်မှုမရှိကြောင်းနှင့် ၀က်များရောဂါဖြစ်ပွားပါက ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာ ဇော်မြင့်အောင်က ၀က်မွေးမြူရေးအကြောင်း သိကောင်းစရာများနှင့် ၀က်မျိုးကောင်း မျိုးသန့်မွေးမြူသည့် စနစ်များကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**နန်းသဲနုအောင် (ဖားဆောင်း)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၆-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၃၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၆၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၃၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၆၆၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၈၉၅ | ကျပ် | ၉၀၅/၉၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀/၉၀၅ | ကျပ် | ၉၂၀/၉၃၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၄၀/၈၀၅ | ကျပ် | ၈၂၅/၈၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၃၀/၈၉၀ | ကျပ် | ၉၃၅/၉၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၆ ・ ၈ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၅ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၃ ・ ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၅၆ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၃၂ ・ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၅ ・ ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၂ ・ ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၀၈၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ ・ ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၀ ・ ၈၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၅၇၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၁၁၇၁ | ၁၃၅၁၇၀၀၀ |
| MTSH | ၄၀၀၀ | ၄၀၀၀ | ၂၀၃၄ | ၈၁၉၄၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၅၅၀၀ | ၂၅၀၀၀ | ၂၃၂ | ၅၈၁၆၀၀၀ |
| TMH | ၃၀၅၀ | ၃၀၀၀ | ၈၄၅ | ၂၅၃၅၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်၀င်း၊ ၀င်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
**အကြီးတန်းသတင်းထောက်များ** - ကျော်သူ၀င်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေ၀င်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# တိုက်ပွဲများကြောင့် သစ်သီးကုန်သည်များ သိန်းပေါင်း ၁၀၀၀ ကျော်ခန့် ဆုံးရှုံးနစ်နာ



ယာဉ်များပေါ်မှ မပုပ်သိုးသေးသည့် သစ်သီးများကို ရွေးထုတ်ဝယ်ယူနေသော ဒေသခံများကို တွေ့ရစဉ်။

**မူဆယ် ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ထဲရှိ သစ်သီးကုန်သည်များအနေဖြင့် ကျပ်သိန်းပေါင်း ၁၀၀၀ ကျော်တန်ဖိုးရှိ သစ်သီးများပုပ်သိုးပြီး ဆုံးရှုံးနစ်နာမှုရှိခဲ့ကြောင်း၊ ဩဂုတ် ၂၆ ရက်တွင် မပုပ်သေးသည့် သစ်သီးများကို ဒေသခံပြည်သူများထံ ဈေးပေါပေါဖြင့် ပြန်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"တရုတ်နိုင်ငံကထွက်တဲ့ အသီးအမျိုးမျိုးကို လားရှိုး၊ မန္တလေး၊ မိတ္ထီလာ၊ တောင်ကြီး၊ မကွေးနဲ့ ရန်ကုန်စတဲ့ အနယ်နယ်အရပ်ရပ်မှာ ပြန်ရောင်းချနေတာဖြစ်ပါတယ်၊ အခု တိုက်ပွဲတွေကြောင့် လမ်းပန်းဆက်သွယ်မှုတွေ ပြတ်ပြီး ကားတွေမထွက်ရတော့ အသီးကုန်သည်တွေ သာမက ပွဲရုံပိုင်ရှင်တွေ၊ မြန်မာပြည်အောက်ပိုင်းက အသီးရောင်းချသူတွေအနေနဲ့လည်း နစ်နာမှုတွေရှိပါတယ်"ဟု သစ်သီးကုန်သည်တစ်ဦးက ပြောသည်။

ကုန်သွယ်ရေးဇုန်ထဲရှိ KSN သစ်သီးပွဲရုံပိုင်ရှင် ကိုဖိုးဆန်းကလည်း "တိုက်ပွဲမဖြစ်ခင်ကတော့ နေ့စဉ် အသီးကားတွေ ပုံမှန်သွားနေပါတယ်၊ အခု ရုတ်တရက် တိုက်ပွဲတွေဖြစ်လာတော့ ကျွန်တော်တို့အဖို့ အများကြီး ဆုံးရှုံးနစ်နာမှုတွေရှိပါတယ်၊ အသီးတော်တော်များများ ပုပ်သိုးကုန်ပြီး အခုဆို ကျန်တဲ့အသီးတွေထဲက ကောင်းတဲ့အသီးလေးတွေကို ရွေးပြီး ဒေသခံတွေကို ဈေးပေါပေါနဲ့ ပြန်လည်ရောင်းချပေးနေတာဖြစ်ပါတယ်၊ ကျွန်တော်တို့ ဆုံးရှုံးမှုတန်ဖိုးက ခန့်မှန်းငွေကျပ်သိန်း ၁၀၀၀ ကျော်လောက်တော့ ရှိပါတယ်"ဟု ပြောသည်။

မူဆယ်-မန္တလေး-ရန်ကုန် သစ်သီးကားမောင်းသည့် ယာဉ်မောင်းတစ်ဦးကလည်း "ကျွန်တော်က သစ်သီးကားမောင်းနေတာ ကြာပါပြီ၊ မြန်မာပြည်အတွင်းပိုင်းကနေ မူဆယ်ကို ရာသီပေါ်အသီးတွေတင်ပြီး တက်လာတယ်၊ ပြန်ဆင်းတဲ့အခါ တရုတ်ဘက်ကထွက်တဲ့အသီးတွေကိုတင်ပြီး ဆင်းပါတယ်၊ အခုလည်း အသီးတွေကို အခွန်ဆောင်ပြီးဆင်းသွားတာ လမ်းမှာ အခြေအနေ မကောင်းဘူးဆိုလို့ ကုန်သွယ်ရေးဇုန်နယ်မြေထဲက ရွှေချမ်းသာဒေါင်းမင်းကုမ္ပဏီလီမိတက် ပွဲရုံထဲမှာ နားနေတာ ဆယ်ရက်ကျော်ပါပြီ၊ အသီးတွေလည်း ပုပ်ကုန်လို့ ပိုင်ရှင်တွေအနေနဲ့ ရသလောက်ဈေးနဲ့ ဒေသခံတွေကို ရောင်းချပေးနေတာဖြစ်ပါတယ်၊ လမ်းတွေမှာလည်း အသီးကား တော်တော်များများ ပိတ်မိနေတယ်လို့ ကြားရပါတယ်"ဟု ပြောသည်။

သစ်သီးကုန်သည်များအနေဖြင့် တရုတ်နိုင်ငံ ဒေသအသီးသီးမှထွက်သော မက်မွန်သီး၊ မက်မန်းသီး၊ ပန်းသီး၊ လိမ္မော်သီး၊ သလဲသီး၊ စပျစ်သီးနှင့် သစ်တော်သီးများကို ဩဂုတ် ၁၇ ရက်က မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ သယ်ဆောင်လာပြီး ယာဉ်ပေါ်ပါ သစ်သီးများကို အခွန်ဆောင်ကာ မန္တလေးဘက်သို့ ဆက်လက်ထွက်ခွာလာစဉ် ကွတ်ခိုင်၊ လားရှိုးနှင့် ပြင်ဦးလွင်တို့၌ ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဘက်သို့ ပြန်လှည့်ခဲ့ရပြီး ထိုအချိန်မှစ၍ ရန်ကုန်နှင့် မန္တလေးသို့ သစ်သီးများမပို့နိုင်တော့ဘဲ ယာဉ်ပေါ်ပါ သစ်သီးများမှာလည်း ပုပ်သိုးလာခြင်းဖြစ်ကြောင်းသိရသည်။

**သန့်ဇင် (မူဆယ်)**

# ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းလုပ်ငန်း တာချီလိတ်မြို့နယ်အဆင့် ရှင်းလင်းဆွေးနွေး

**တာချီလိတ် ဩဂုတ် ၂၆**

ဒေသအလိုက် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းလုပ်ငန်းဆိုင်ရာ တာချီလိတ်မြို့နယ်အဆင့် အသိပေးဆွေးနွေးပွဲကို တာချီလိတ်မြို့ခရိုင်ဆေးရုံဟောင်း သင်တန်းခန်းမ၌ ဩဂုတ် ၂၅ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးက ကမ္ဘာပေါ်တွင် ပျောက်ကင်းလုနီးပါး ပိုလီယိုရောဂါကို အသွင်ပြောင်း ပိုလီယိုပိုးအနေဖြင့် ထပ်မံတွေ့ရှိသဖြင့် ယခုအစီအစဉ်ကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မွေးစမှ အသက် ငါးနှစ်အောက် ကလေးဦးရေ ၇၀၀၀၀ ကျော်အား ပိုလီယိုကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေးသွားမည်ဖြစ်ပြီး တာချီလိတ်မြို့နယ် အနေဖြင့် ကလေးပေါင်း ၁၁၀၀၀ ကျော်အား ဆေးတိုက်ကျွေးမည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲသို့ တက်ရောက်သူများအနေဖြင့် မိမိတို့ ရပ်ကွက်၊ ကျေးရွာများရှိ ကလေးများအားလုံး တစ်ယောက်မကျန် ဆေးသောက်နိုင်အောင် ကူညီပံ့ပိုးပေးကြရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရွှေဝင်းက ဒေသအလိုက် ပိုလီယိုကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေးခြင်းလုပ်ငန်းစဉ်အကြောင်း အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပြီး ဆွေးနွေးပွဲသို့ တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းကာ ဒေါက်တာကျော်စွာမြင့်(ကလေးအထူးကု)က ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။

တာချီလိတ်ခရိုင်အတွင်း ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းကို ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အထိ ဆောင်ရွက်ကာ ခရိုင်တစ်ခုလုံးရှိ မွေးစမှ အသက် ငါးနှစ်အောက် ကလေးငယ်တိုင်းအား ကာကွယ်ဆေးများတိုက်ကျွေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မိုးညှင်းတွင် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းနှင့် ဝက်သက်၊ ဂျိုက်သိုး ကာကွယ်ဆေးထိုးခြင်း အသိပေးဆွေးနွေး



ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးမည့် အစီအစဉ်ကို ခရိုင်ဆရာဝန်ကြီးက ရှင်းလင်းပြောကြားစဉ်။

**မိုးညှင်း ဩဂုတ် ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း ဒေသအလိုက် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းနှင့် ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာ အသိပေးဆွေးနွေးပွဲကို မိုးညှင်းမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမဆောင်၌ ဩဂုတ် ၂၅ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်ဆရာဝန်ကြီး ဒေါက်တာမြင့်ကျော်က ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းလုပ်ငန်းကို ယခင်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါ ကင်းစင်ပြီဖြစ်ကြောင်း ကြေညာခဲ့ကြောင်း၊ သို့သော် ယခုနှစ် ဇွန် ၂၃ ရက်တွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ်မှ ကလေးငယ်သုံးဦးအား စစ်ဆေးခဲ့ရာ ပိုလီယိုအရိုင်းပိုး တွေ့ရှိခဲ့သဖြင့် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆေးတိုက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မတိုက်တော့ဘဲ ယခင် ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးခဲ့စဉ်က လွှမ်းခြုံမှု ၉၅ ရာခိုင်နှုန်းအထိ မပြည့်ခဲ့သည့် မြို့နယ် ၉၆ ခု၌သာ ဆေးတိုက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါမြို့နယ်များရှိ မွေးစမှ အသက် ငါးနှစ်အောက် ကလေးငယ်တိုင်းအား ဩဂုတ် ၂၆ မှ ၂၉ ရက်အတွင်း ပိုလီယိုရောဂါကာကွယ်ဆေးများ တိုက်ကျွေးမည်ဖြစ်ကြောင်း၊ မိုးညှင်းခရိုင်အနေဖြင့် ကျန်းမာရေးဌာနမှ ကောက်ယူပြုစုထားရှိသည့် စာရင်းအရ အသက် ငါးနှစ်အောက် ကလေးငယ် ၁၇၈၁၄ ဦးအား ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့များ၏ အကူအညီဖြင့် ကာကွယ်ဆေးများ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်တွင် မချမ်းဘောမြို့နယ်မှအပ ကျန် ၁၇ မြို့နယ်၌ ကာကွယ်ဆေးများ တိုက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းနှင့်အတူ ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအနေဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းပြီး ကူညီပေးကြရန်လည်း လိုအပ်ကြောင်း ဆရာဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဦးစံထွေးက ကာကွယ်ဆေးတိုက်ကျွေးရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်နှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက မိုးညှင်းမြို့နယ်အတွင်း ပိုလီယိုရောဂါ ကာကွယ်ဆေး တိုက်ကျွေးမှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ကြသည်။

**နီတိုး**

# ငွေကြေးမပြည့်စုံသည့် ပြည်သူများအတွက် ဟိုင်းကြီးကျွန်း၌ ကုသိုလ်ပြု အခမဲ့ဆေးခန်းဖွင့်

**ဟိုင်းကြီးကျွန်း ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကျောက်ချောင်းကျေးရွာအုပ်စုအတွင်းမှ ငွေကြေးမပြည့်စုံ၍ ဆေးကုသရန် အခက်အခဲရှိနေသော ဒေသခံပြည်သူများအတွက် ကုသိုလ်ပြု အခမဲ့ဆေးခန်းကို ဩဂုတ် ၂၄ ရက်က ခမောက်မော်ကျေးရွာ စိတ္တသုခကျောင်းတိုက်၌ ဖွင့်လှစ်ပြီး ဒေါက်တာမျိုးအေးထွန်း ဦးဆောင်သောအဖွဲ့က လုပ်အားဒါနအဖြစ် အခမဲ့ ဆေးကုသပေးခဲ့ကြောင်းနှင့် ဒေသခံ ၆၇ ဦး လာရောက် ကုသမှုခံယူခဲ့ကြောင်း သိရသည်။

အခမဲ့ဆေးခန်းကို မြတ်မော်တင်စွန်းကျောင်းတိုက် ဆရာတော်နှင့် စိတ္တသုခကျောင်းတိုက် ဆရာတော်တို့၏ ဦးဆောင်မှုဖြင့် ပြဟ္မစိုရ်နှလုံးသားအသင်းက စီစဉ်ဖွင့်လှစ်ခဲ့ပြီး ဆေးခန်းအတွက်လိုအပ်သော ဆေးဝါးနှင့် ကျန်းမာရေးအသုံးအဆောင်ပစ္စည်းများကို အသင်း၏ရန်ပုံငွေမှ ကျခံသုံးစွဲခဲ့ကြောင်း၊ ဆေးခန်းကို တစ်ပတ်လျှင် စနေတစ်ရက်တည်း နေ့လယ် ၁၂ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အသင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးအောင်မိုးက ပြောသည်။

ပြဟ္မစိုရ်နှလုံးသားအသင်းကို ၂၀၁၆ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အသင်းပိုင်ကားဖြင့် လူနာများအားပို့ဆောင်ပေးသည့် လုပ်ငန်းများကို အဓိကဆောင်ရွက်ပေးခဲ့ရာ ယခုအချိန်အထိ လူနာ ၁၆၇ ဦးကို ပုသိမ်နှင့် ရန်ကုန် ဆေးရုံကြီးများ၊ လူနာ ၁၀၀ ကျော်ကို ဒေသတွင်းဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ဒေသခံများလှူဒါန်းသော အလှူငွေများကိုလည်းကောင်း၊ ဒေသခံများထံသို့ အလှူငွေထည့်နိုင်သည့် စဘူးငယ်များ ပို့ဆောင်ထားပြီး သတ်မှတ်ရက်တွင် သွားရောက်ယူဆောင်ကာ ဖွင့်ဖောက်၍ ရရှိလာသော အလှူငွေများကိုလည်းကောင်း အသင်း၏ရန်ပုံငွေအဖြစ် စုဆောင်းထားရှိကာ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**



**မြိတ်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန်အတွက် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုကို စန္ဒဝတ်ကျေးရွာအုပ်စုရှိ ကျွဲကူး-ကျောက်ဖျာမြစ်အတွင်း၌ ဩဂုတ် ၂၅ ရက်က ဆောင်ရွက်နေစဉ်။** (လေ့ကျင့်မှုတွင် မြိတ်ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းနှင့် သန္ဓေနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ စုစုပေါင်း ၁၆၅ ဦးခန့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။)

**မြင့်ဦး (မြိတ်)**

# ကျိုက်မရောမြို့နယ်၌ ရေကြီး၍ပျက်စီးခဲ့သောမိုးစပါးများ အစားထိုးပြန်စိုက်ရန် သရုပ်ပြ

**ကျိုက်မရော ဩဂုတ် ၂၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း မိုးများခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် လယ်ယာမြေများကို ရက်ရှည် ရေမြုပ်ခဲ့၍ ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ခင်းများကို အချိန်မီ အစားထိုး ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ပညာပေးခြင်းနှင့် သရုပ်ပြပွဲကို ဩဂုတ် ၂၅ ရက်က ဘိန်းဗျောကျေးရွာအုပ်စု နတ်စမ်းနည်းပညာပေးစင်တာအနီးရှိ တောင်သူတစ်ဦး၏လယ်မြေ၌ ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ဇော်နိုင်က တောင်သူများအား အားပေးစကားပြောကြားပြီး ပျက်စီးခဲ့သည့်လယ်များအတွက် သက်တမ်းတိုမျိုးစပါး ပျိုးထောင်နည်း၊ တိုက်ရိုက်အစေ့ချစိုက်နည်းနှင့် မြေဩဇာ စနစ်တကျအသုံးပြုနည်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ တောင်သူအသိပညာပေး နည်းပညာ လက်တွေ့သရုပ်ပြပွဲသို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ပြီး ပျိုးထောင်ထားသော ပျိုးဗန်းများကို တောင်သူများထံ အချိန်မီဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

# အသုတ်ချောင်းအတွင်းသို့ ငါးကောင်ရေနှစ်သိန်း မျိုးစိုက်ထည့်

**ရေကြည် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်း ငါးသယံဇာတတိုးပွားရေးအတွက် အသုတ်မြို့ အသုတ်ချောင်းထဲသို့ ငါးကောင်ရေနှစ်သိန်းကို ငါးလုပ်ငန်းဦးစီးဌာနမှ စီစဉ်၍ ဩဂုတ် ၂၅ ရက်က မျိုးစိုက်ထည့်ခဲ့သည်။ ငါးမျိုးစိုက်ထည့်ရာတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှဒုတိယဦးစီးမှူး ဦးမြင့်ရွှေက အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူးနှင့်အတူ ပုသိမ်ခရိုင်ဦးစီးမှူး ဦးစိုးသိန်း၊ ရေကြည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နေပြည်သူများစုပေါင်း၍ ငါးခုံးမ ကောင်ရေတစ်သိန်းနှင့် ငါးမြစ်ချင်း ကောင်ရေတစ်သိန်းတို့ကို အသုတ်ချောင်းအတွင်း လွှတ်ပေးခဲ့သည်။

**ဆန်းတင့် (ရေကြည်)**

# မြန်မာနိုင်ငံနှင့် စပစ်ဖိုင်းယား တိုက်လေယာဉ်များ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ကမ္ဘာ့သမိုင်းတွင် လူပေါင်းများစွာ သေကျေပျက်စီး ဒုက္ခရောက်ခဲ့ကြရသည့် ကမ္ဘာစစ်ကြီး နှစ်ကြိမ် ဖြစ်ပွားခဲ့ရာ ကမ္ဘာ့နိုင်ငံများသည် ယင်းစစ်ပွဲများတွင် အနည်းနှင့်အများ ပါဝင်ပတ်သက်ခဲ့ကြရပေသည်။ မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်တွင် တိုက်ရိုက် ပါဝင်ပတ်သက်ခဲ့ခြင်း မရှိသော်လည်း စစ်အတွင်း၌ ဂျပန်တို့၏ အုပ်ချုပ်မှုအောက်တွင် ကျရောက်ခဲ့ကာ ပြည်သူများသည် ဒုက္ခမျိုးစုံကို ရင်ဆိုင်ခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ် ပြီးဆုံးခဲ့ပြီးနောက်တွင် ဗြိတိသျှတို့သည် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် ကြိုးပမ်းခဲ့ပြီး ယင်းတို့၏ စပစ်ဖိုင်းယား(Spitfires) တိုက်လေယာဉ်များကို မြန်မာ့မြေတွင် မြှုပ်နှံထားခဲ့ကြောင်း ပြောဆိုမှုများရှိခဲ့သော်လည်း ခိုင်မာသောမှတ်တမ်းများ မတွေ့ရှိခဲ့ရချေ။

ဗြိတိန်နိုင်ငံမှ လေကြောင်းဝါသနာရှင် အသက် ၆၂ နှစ်အရွယ် ဒေးဗစ်ကန်းဒေးလ်က မြန်မာနိုင်ငံ မြေအောက်တွင် ဒုတိယကမ္ဘာစစ်အတွင်း မြှုပ်နှံသိုဝှက်ထားခဲ့သည့် စပစ်ဖိုင်းယားလေယာဉ် အစင်း ၁၄၀ ရှိနေကြောင်း ၂၀၁၂ ခုနှစ်က ပြောကြားခဲ့ရာ ကမ္ဘာတစ်ဝန်း သတင်းထူးဖြစ်သွားခဲ့သည်။

တောင်ပံများကို နောက်ဘက်သို့ခေါက်ကာ သေတ္တာများအတွင်းထည့်သွင်း၍ သိုဝှက်ထားခဲ့သည့် စပစ်ဖိုင်းယားလေယာဉ်များသည် ယခုတိုင် ယင်းသေတ္တာများထဲတွင် ရှိနေကြောင်း၊ မဟာမိတ် တပ်ဖွဲ့များသည် ၁၉၄၅ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ထိုလေယာဉ်များကို ဂျပန်များလက်သို့ မကျရောက်စေရန် မြန်မာနိုင်ငံ မြောက်ပိုင်းတွင် မြေမြှုပ်ထားခဲ့ကြောင်း ပြောကြားခဲ့ရာ လူအများ စိတ်ဝင်စားခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိန်နိုင်ငံသည် ဗြိတိသျှစစ်မြေပြင်ဟု ထင်ရှားခဲ့သည့် နာဇီတို့၏ လေးလကြာ လေကြောင်းတိုက်ခိုက်မှုများကို အဆုံးသတ်နိုင်ရန် စပစ်ဖိုင်းယားများကို အသုံးပြုခဲ့သည်။

**ဒေးဗစ်ကန်းဒေးလ်နှင့် စပစ်ဖိုင်းယား**

ဒေးဗစ်ကန်းဒေးလ်သည် စပစ်ဖိုင်းယားများကို ပြန်လည်ဖော်ထုတ်နိုင်ရန် ၁၅ နှစ်အတွင်း မြန်မာနိုင်ငံသို့ အကြိမ်များစွာလာရောက်ခဲ့ပြီး ငွေကြေး ပေါင် ၁၃၅၀၀၀ ကျော်ကို သုံးစွဲ၍ မြန်မာနိုင်ငံအတွင်းရှိနေသည့် ယင်းလေယာဉ်များ သိုဝှက်ခဲ့သောနေရာကို ရှာဖွေခဲ့ရာ တိကျသောနေရာ သုံးခုကို တွေ့ရှိကြောင်း ကြေညာခဲ့သည်။

ယင်းသတင်းကြောင့် သတင်းမီဒီယာများက အထူးစိတ်ဝင်စားခဲ့ပြီး ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက စပစ်ဖိုင်းယား လေယာဉ်များကို တွေ့ရှိခဲ့ပါက ဗြိတိန်နိုင်ငံသို့ လွှဲပြောင်းပေးနိုင်ရန် မြန်မာနိုင်ငံအစိုးရနှင့် ညှိနှိုင်းခဲ့သည်ဟုပင် ဆိုခဲ့ကြသည်။ စပစ်ဖိုင်းယားများကို လုံခြုံစိတ်ချရသည့်နေရာတွင် သိုဝှက်ထားသည်ဟု ယုံကြည်ထားသည့် ဒေးဗစ်ကန်းဒေးလ်၏ လေယာဉ်များ ရှာဖွေရေးလုပ်ငန်းသို့ ဘယ်လာရုစ်မှ ဗီဒီယိုဂိမ်းကုမ္ပဏီ ဝါးဂိမ်းမင်းဒေါ့နက်(Wargaming.net)က ပေါင်တစ်သန်း ထည့်ဝင်ခဲ့သည်။

ကောင်းမွန်သေးသည့် စပစ်ဖိုင်းယားတစ်စင်းကို ရောင်းချလျှင် ပေါင်နှစ်သန်းခွဲအထိ ရရှိမည်ဖြစ်သဖြင့် စပစ်ဖိုင်းယား အစင်း ၁၄၀ ကို တွေ့ရှိလျှင် ဒေးဗစ်ကန်းဒေးလ်နှင့် သူ၏ လုပ်ဖော်ကိုင်ဖက်များသည် ပေါင်သန်းပေါင်း ၃၅၀ ကို ရရှိမည်ဖြစ်သည်။ ယင်းအခြေအနေတွင် ကမ္ဘာ့နိုင်ငံများက ဒေးဗစ်ကန်းဒေးလ်အပေါ် အာရုံကျခဲ့ကြသည်။

**စပစ်ဖိုင်းယား တိုက်လေယာဉ်**

စပစ်ဖိုင်းယားသည် ဗြိတိန်နိုင်ငံမှ ထုတ်လုပ်ခဲ့သည့် တစ်ယောက်စီး တိုက်လေယာဉ်ဖြစ်ပြီး ဒုတိယကမ္ဘာစစ် မတိုင်မီနှင့် စစ်ကာလအတွင်း ဗြိတိသျှ တော်ဝင်လေတပ်မတော်နှင့် မဟာမိတ်နိုင်ငံများက အသုံးပြုခဲ့ကြသည်။ စပစ်ဖိုင်းယားများကို ပုံစံကွဲများစွာဖြင့် တောင်ပံမျိုးစုံ တပ်ဆင်ကာ အခြားလေယာဉ်များထက် အရေအတွက်များစွာ ပိုမိုထုတ်လုပ်ခဲ့သည်။ စစ်အတွင်းက တိုက်လေယာဉ်များအဖြစ် အဆက်မပြတ် ထုတ်လုပ်ခဲ့သည့် စပစ်ဖိုင်းယားလေယာဉ်များသည် အလွန် လူကြိုက်များခဲ့ကာ ယခုအချိန်တွင်မူ အများဆုံး ၅၃ စင်းသာ ရှိတော့မည်ဟု ခန့်မှန်းကြပြီး အများစုကို လေကြောင်းဆိုင်ရာ ပြတိုက်များတွင် ပြသထားသည်။

ယင်းတိုက်လေယာဉ်များကို စွမ်းဆောင်ရည်မြင့်သည့် တာတိုကြားဖြတ်တိုက်လေယာဉ်များအဖြစ် လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်း(SAW)မှ ဒီဇိုင်းမှူးချုပ် အာဂျေမစ်ရှဲလ်က ပုံစံထုတ်ခဲ့သည်။ ကြားဖြတ်တိုက်လေယာဉ်များဖြစ်သဖြင့် လေယာဉ်တောင်ပံများကို ဘဲဥပုံ ကွေးထားသည်။ စပစ်ဖိုင်းယားများသည် အပါးလွှာဆုံး ပြုလုပ်ထားသည့် တောင်ပံများ တပ်ဆင်ထားသဖြင့် အခြားသော တိုက်လေယာဉ်များထက် ပိုမိုလျင်မြန်စွာ ပျံသန်းနိုင်သည်။ အာဂျေမစ်ရှဲလ်သည် သူကွယ်လွန်သည့် ၁၉၃၇ ခုနှစ်အထိ စပစ်ဖိုင်းယားလေယာဉ်များ၏ ဒီဇိုင်းကို အကြိမ်ကြိမ် ပြုပြင်မွမ်းမံခဲ့သည်။

၁၉၄၀ ပြည့်နှစ် ဇူလိုင်လမှ အောက်တိုဘာလအထိ လေးလအတွင်း ဖြစ်ပွားခဲ့သည့် ဗြိတိသျှတိုက်ပွဲတွင် စပစ်ဖိုင်းယားလေယာဉ်များကို တိုက်လေယာဉ်များအဖြစ် ပြည်သူများက သတိပြုမိခဲ့သည်။ စပစ်ဖိုင်းယားများသည် ရန်သူကို တစ်စတစ်စ အင်အားလျော့ကျစေပြီး အောင်မြင်မှုအချိုးက ဆုံးရှုံးမှုအချိုးထက် ပိုမိုများပြားသဖြင့် ယခင်ကသုံးစွဲခဲ့သည့် ဟာရီကိန်း တိုက်လေယာဉ်ကြီးများထက် စွမ်းရည် ပိုမိုကောင်းမွန်ခဲ့သည်။ ဗြိတိသျှတိုက်ပွဲ အပြီးတွင် စပစ်ဖိုင်းယားများသည် ဟာရီကိန်းလေယာဉ်များကို ကျော်လွန်၍ ဗြိတိန်ဘုရင့်လေတပ်မတော်၏ အမာခံ အင်အားစုများ ဖြစ်လာခဲ့သည်။



**စွမ်းရည်မြင့် တိုက်လေယာဉ်များ**

စပစ်ဖိုင်းယား၏ စွမ်းရည်များကို ဥရောပ၊ မြေထဲပင်လယ်၊ ပစိဖိတ်နှင့် အရှေ့တောင်အာရှ စစ်မြေပြင်များတွင် မြင်တွေ့ခဲ့ကြရသည်။ စပစ်ဖိုင်းယားများကို ကြားဖြတ်တိုက်ခိုက်မှုများအပြင် ရေဒီယိုထောက်လှမ်းမှု၊ ဗုံးကြဲတိုက်ခိုက်မှုများနှင့် သင်ကြားရေးလေယာဉ်များအဖြစ်လည်း အသုံးပြုနိုင်သည်။ ထို့ကြောင့် စပစ်ဖိုင်းယားများကို ၁၉၅၀ ပြည့်နှစ်အထိ တွင်ကျယ်စွာ အသုံးပြုခဲ့သည်။

စပစ်ဖိုင်းယား၏ မူလကိုယ်ထည်ကို ရိုးရွိုက်စ်မာလင်ကုမ္ပဏီမှ ထုတ်လုပ်သော မြင်းကောင်ရေ ၁၀၃၀ ရှိသည့်အင်ဂျင် တပ်ဆင်မောင်းနှင်ရန် ဒီဇိုင်းထုတ်ခဲ့သည်။ သို့သော် ထပ်မံတိုးမြှင့်လာသည့် အင်ဂျင်စွမ်းအားများအတွက် လေယာဉ်ကိုယ်ထည်က တောင့်တင်းခိုင်မာပြီးဖြစ်သဖြင့် ရိုးရွိုက်စ်မာလင်သည် မြင်းကောင်ရေ ၂၃၄၀ အားရှိသည့် အင်ဂျင်များကို စပစ်ဖိုင်းယားတွင် တပ်ဆင်ခဲ့သည်။ ယင်းသို့ အင်ဂျင်ပါဝါ မြှင့်တင်ပေးနိုင်ခဲ့သဖြင့် စပစ်ဖိုင်းယားများ၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးသည် များစွာတိုးတက်လာခဲ့သည်။

စပစ်ဖိုင်းယား LF Mk IX, MH 434 သည် ၁၉၃၈ ခုနှစ်မှ ၁၉၄၈ ခုနှစ်အတွင်း ထုတ်လုပ်ခဲ့သော လေယာဉ်များအနက် တစ်စင်းဖြစ်ပြီး ၁၉၃၆ ခုနှစ် မတ် ၅ ရက်တွင် ပထမဆုံး စမ်းသပ်ပျံသန်းခဲ့ကာ ၁၉၃၈ ဩဂုတ် ၄ ရက်မှ စတင်၍ ဘုရင့်လေတပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် ဘုရင့်လေတပ်မတော် ၂၂၂ တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်စဉ် FW 190 လေယာဉ်တစ်စင်းကို ပစ်ချနိုင်ခဲ့ပြီး ၁၉၆၁ ခုနှစ်တွင် အနားပေးခဲ့သည်။ ယင်းလေယာဉ်အမျိုးအစားကို ထိုစဉ်က ကုန်ကျစရိတ် ၁၂၆၀၄ ပေါင်ဖြင့် ထုတ်လုပ်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် အက်စ်တိုးနီးယားနိုင်ငံက ၁၂ စင်း မှာကြားခဲ့သည်။

**မြန်မာနိုင်ငံရောက် စပစ်ဖိုင်းယားများ**

ဒေးဗစ်ကန်းဒေးလ်နှင့် လေယာဉ်များရှာဖွေရေးအဖွဲ့သည် သက်ဆိုင်ရာမှ ခွင့်ပြုချက်ရရှိခဲ့ပြီးနောက် ရန်ကုန်မြို့ မင်္ဂလာဒုံ လေယာဉ်ကွင်းအနီးတွင် စပစ်ဖိုင်းယားများကို ရှာဖွေရန် ၂၀၁၂ ခုနှစ်နှောင်းပိုင်းက မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ဒေးဗစ်ကန်းဒေးလ်အနေဖြင့် မင်္ဂလာဒုံလေယာဉ်ကွင်းတွင် စပစ်ဖိုင်းယား ၃၆ စင်း ရှိနေသည်ဟု ယုံကြည်ခဲ့သည်။ မြန်မာနိုင်ငံက စပစ်ဖိုင်းယားများ ရှာဖွေခွင့်ကို အချိန်ကာလ နှစ်နှစ်ခွင့်ပြုထားခဲ့သဖြင့် ဒေးဗစ်ကန်းဒေးလ်နှင့် အဖွဲ့သည် သတ်မှတ်ကာလအတွင်း ပြီးစီးရန် ပြိုင်ပွဲတစ်ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သကဲ့သို့ အချိန်ကိုလုခဲ့ကြရသည်။

ဒေးဗစ်ကန်းဒေးလ်နှင့် အဖွဲ့သည် ဒုတိယကမ္ဘာစစ်အတွင်းက ကျန်ရှိခဲ့သည့် အလားအလာကောင်းသည့် ရွှေတွင်းကြီးနှင့်တူသော စပစ်ဖိုင်ယားများကို မနားတမ်း ရှာဖွေခဲ့ကြသည်။ ငါးလအကြာ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ရှာဖွေရေးလုပ်ငန်းခွင်မှ သေတ္တာဟောင်းကြီးတစ်ခုကို တွေ့ရှိခဲ့ကြသည်။ သို့သော်လည်း ကံမကောင်းစွာပင် သေတ္တာအတွင်းမှ ရွှံ့ရေများနှင့် စည်းရိုးဟောင်းများကိုသာ တွေ့ရှိခဲ့ရသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် ဒေးဗစ်ကန်းဒေးလ်နှင့် အဖွဲ့သည် စပစ်ဖိုင်းယားရှာဖွေရေးလုပ်ငန်းများကို စွန့်လွှတ်ခဲ့ကြသည်။ အချို့က နှစ် ၇၀ ကျော် ကြာမြင့်ခဲ့သည့် ကောလာဟလတစ်ခုသည် မည်သည့်အကျိုးအမြတ်ကိုမှ ရစေနိုင်မည်မဟုတ်ကြောင်း ပြောဆိုဝေဖန်ခဲ့သည်။ စပစ်ဖိုင်းယား ရှာဖွေရေးအဖွဲ့သည် ယင်းတို့အား ထောက်ပံ့နေသူများ၏ ပြန်လည်ခေါ်ယူခဲ့မှုနှင့် လေဆိပ်အနီးဝန်းကျင်ကို ထိခိုက်မှုများရှိကြောင်း ဒေသအာဏာပိုင်များ၏ သတိပေးမှုများကြောင့် ဗြိတိန်နိုင်ငံသို့ ပြန်သွားခဲ့ကြသည်။ သို့သော် ဒေးဗစ်ကန်းဒေးလ်သည် အားလျော့ခြင်း မရှိခဲ့ချေ။

စာချုပ်သက်တမ်းမပြည့်မီ ခုနစ်လ အလိုတွင် စပစ်ဖိုင်းယားများကိုရှာဖွေရန် ဒုတိယအကြိမ် အခွင့်အရေးရခဲ့သော်လည်း မိုးရာသီ ဖြစ်နေသဖြင့် ရှာဖွေရေးလုပ်ငန်းများသည် တိုးတက်မှုမရှိဘဲ အောက်တိုဘာလတွင် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီး ဒေးဗစ်ကန်းဒေးလ်နှင့်အဖွဲ့လည်း အိမ်ပြန်ခဲ့ရသည်။

**မည်သူက မြှုပ်ခဲ့သနည်း**

၂၀၁၂ နှောင်းပိုင်းနှင့် ၂၀၁၃ ခုနှစ်များတွင် ဒုတိယကမ္ဘာစစ်အပြီးကာလက စပစ်ဖိုင်းယားများကို မြန်မာ့မြေပေါ်တွင် မြှုပ်နှံခဲ့ကြောင်း စာနယ်ဇင်းများက ကျယ်ကျယ်ပြန့်ပြန့် ရေးသားခဲ့ကြသည်။ ခန့်မှန်းပြောဆိုမှုများအရ မြန်မာနိုင်ငံရှိ လေဆိပ်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောနေရာများတွင် စပစ်ဖိုင်းယား အစင်း ၆၀ အထိ ရှိနိုင်ကြောင်း ယူဆကြသည်။

မြန်မာနိုင်ငံတွင် စပစ်ဖိုင်းယားများ သိုဝှက်ခဲ့မှုကို အသေးစိတ် သိရှိထားသူများရှိကြောင်း အမေရိကန်စစ်ပြန်များက လေကြောင်းဆိုင်ရာ ရှေးဟောင်းသုတေသနပညာရှင် ဂျင်မ်ပီးယားစ်အား ပြောပြခဲ့သည်ဟု ဆိုသည်။ ထိုအကြောင်းများကို ဂျင်မ်ပီးယားစ်က လင်ကွန်းရှိုင်းယားတွင် နေထိုင်သည့် မိတ်ဆွေဖြစ်သူ ဒေးဗစ်ကန်းဒေးလ်အား ပြန်ပြောင်းပြောပြရာမှ ဒေးဗစ်ကန်းဒေးလ်သည် မြန်မာနိုင်ငံတွင် ရှိနေသည်ဆိုသည့် စပစ်ဖိုင်းယား တိုက်လေယာဉ်များကို များစွာ စိတ်ဝင်စားခဲ့ကာ မြန်မာနိုင်ငံသို့ ၁၂ ကြိမ် လာရောက်ခဲ့သည်။ ဒေးဗစ်ကန်းဒေးလ်သည် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းခဲ့သကဲ့သို့ လေယာဉ်များ သိုဝှက်မြှုပ်နှံထားသည့်နေရာကို ဖော်ထုတ်နိုင်မည်ဟုလည်း ယုံကြည် မျှော်လင့်ခဲ့သည်။

မျက်မှောက်ခေတ်တွင် စပစ်ဖိုင်းယားလေယာဉ်များသည် အလွန်ရှားပါးနေပြီဖြစ်၍ ထိုသတင်းသည် ကြားရသူတိုင်းအား ကြီးမားစွာ စိတ်ဝင်စားမှု ဖြစ်စေခဲ့သည်။ ဂရစ်ဖွန်အင်ဂျင် တပ်ဆင်ထားသည့် စပစ်ဖိုင်းယား Mk XIV များကို တင်ဆောင်လာသည့် သင်္ဘောသည် မြန်မာနိုင်ငံသို့ ၁၉၄၅ ခုနှစ် ဩဂုတ်လအတွင်း ရောက်ရှိခဲ့သည်ဟု ဆိုသည်။ ယင်းလေယာဉ်များသည် စစ်မြေပြင်တွင်သုံးစွဲမည့် အရေအတွက်ထက် များစွာ ပိုနေခဲ့သည်။ ထိုအချိန်သည် စစ်ပွဲကြီး ပြီးဆုံးလုနီး ဖြစ်သောကြောင့် စပစ်ဖိုင်းယားများကို မလိုသူများလက်သို့ မရောက်ရှိစေလိုသဖြင့် မြှုပ်နှံခဲ့သည်ဟု ဆိုကြပြန်သည်။

လေယာဉ်များသည် အသစ်များ ဖြစ်ကြသဖြင့် ယင်းတို့ကို မပျက်စီးစေရန် ဖယောင်းရည်များသုတ်လိမ်းလျက် ဆီစိမ်စက္ကူများဖြင့်ပတ်၍ သယ်ယူပို့ဆောင်ရေးသေတ္တာများအတွင်း ထည့်သွင်းမြှုပ်နှံထားသည်ဟု ယူဆခဲ့ကြသည်။ ၁၉၄၅ ခုနှစ်တွင် အမေရိကန်က ဂျပန်နိုင်ငံကို အဏုမြူဗုံး မကြဲမီ နှစ်ပတ်အလိုတွင် စပစ်ဖိုင်းယား ၁၂ စင်း မြှုပ်နှံခဲ့သည်ဟုလည်း ယုံကြည်ထားကြသည်။ မြန်မာနိုင်ငံအတွင်း နေရာတစ်ခုတည်းတွင် စပစ်ဖိုင်းယား ၃၆ စင်း၊ အခြားနေရာ နှစ်ခုတွင် ၁၈ စင်းနှင့် ခြောက်စင်း၊ စုစုပေါင်း အစင်းရေ ၆၀ ရှိကြောင်း သုံးသပ်ကြသည်။

သို့သော် တရားဝင် စစ်အတွင်းအစီရင်ခံစာများတွင် အဆိုပါ စပစ်ဖိုင်းယားများ သိုဝှက်ထားခဲ့မှုကို ရေးသားဖော်ပြထားခဲ့ခြင်း မရှိခဲ့ချေ။ ဘုရင့်လေတပ်မတော်၏ မှတ်တမ်းတစ်ခုတွင် စပစ်ဖိုင်းယား အစင်း ၁၀၀ ကျော် ပျက်စီးခဲ့ပြီး အပျက်အစီး အစိတ်အပိုင်းများကို ဒေသခံပြည်သူများအား ပေးခဲ့ကြောင်း ဖော်ပြခဲ့သည်။ ဝါးဂိမ်းမင်းကုမ္ပဏီ၏ မော်ကွန်းသုတေသန မှတ်တမ်းများက ၁၉၄၅ ခုနှစ်နှင့် ၁၉၄၆ ခုနှစ်အတွင်း စပစ်ဖိုင်းယား ၃၇ စင်း ပေးပို့ခဲ့ကြောင်း ဖော်ပြထားသည်။ မည်သူက ထိုလေယာဉ်များကို မြှုပ်နှံခဲ့သည်ဆိုသည့်အချက်သည် ပဟေဠိတစ်ခု ဖြစ်နေပေသည်။

**ဒေးဗစ်ကန်းဒေးလ် ၏ ကြိုးပမ်းမှု**

ဒေးဗစ်ကန်းဒေးလ်သည် မဂ္ဂဇင်းကြော်ငြာများမှတစ်ဆင့် စပစ်ဖိုင်းယားများ မြှုပ်နှံမှုတွင် ကိုယ်တိုင်ပါဝင်ခဲ့သူများအား ခြေရာခံခဲ့သည်။ သတင်းများကို ရနိုင်သရွေ့ စုဆောင်းခဲ့သည်။ မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့်လည်း ခင်မင်စွာ မိတ်ဖွဲ့ဆက်ဆံခဲ့သည်။ ၂၀၁၂ နိုဝင်ဘာလထဲတွင် လန်ဒန်မြို့ရှိ ဘုရင့်စစ်သမိုင်းပြတိုက်က စပစ်ဖိုင်းယားများမြှုပ်ထားသည့် နေရာ အနည်းဆုံး တစ်ခုကို တွေ့ရှိထားကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

ဒေးဗစ်ကန်းဒေးလ် ပထမဆုံး ဦးတည်ခဲ့သည့်နေရာသည် မင်္ဂလာဒုံလေယာဉ်ကွင်းဖြစ်ပြီး လေယာဉ်ကွင်း၏အောက် ပေ ၂၀ တွင် စပစ်ဖိုင်းယားများရှိနေသည်ဟု ၎င်းက ယုံကြည်ခဲ့သည်။ တူးဖော်ရေးအဖွဲ့သည် တူးဖော်မှုများကို ဆောင်ရွက်ကြစဉ် ငါးပေအနက်တွင် ရန်ကုန်လေဆိပ်သို့ ဆက်သွယ်ထားသည့် မြေအောက်ကေဘယ်လ်များကို တွေ့ရသဖြင့် တူးဖော်မှုကို ရပ်ဆိုင်းခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ရှာဖွေရေးသမားများသည် ရန်ကုန်မှ မိုင် ၉၂၀ ကွာဝေးသည့် မြစ်ကြီးနားသို့ ပြောင်းရွှေ့ကာ မြစ်ကြီးနားလေယာဉ်ကွင်း၌ တူးဖော်ရာတွင် ရွှံ့ရည်များပြည့်နေသည့် သေတ္တာတစ်လုံးကိုသာ တွေ့ရှိခဲ့ရသည်။

၂၀၁၃ ခုနှစ်တွင် ဒေသခံကိုယ်စားလှယ်အဖွဲ့က မြေအောက်ရေဒါ ထောက်လှမ်းမှုများအရ မင်္ဂလာဒုံလေယာဉ်ကွင်း ပင်မလေယာဉ်ပြေးလမ်းမှ မီတာ ၃၀ အကွာ၊ မြေအောက် ၇ မီတာနှင့် ၁၁ မီတာအနက်တွင် ပုံရိပ်များ တွေ့ရှိရကြောင်း ပြောဆိုခဲ့သဖြင့် ဒေးဗစ်ကန်းဒေးလ်သည် ထပ်မံတူးဖော်ရန် ကြိုးပမ်းခဲ့ကာ ရှာဖွေမှုအသစ်များပြုလုပ်ရန် စီစဉ်ပြီး မြန်မာနိုင်ငံသို့ ထပ်လာခဲ့သည်။ ကင်မရာနှင့်ဆက်သွယ်ထားသည့် စက်များဖြင့် ကွန်ကရစ်ကိုဖောက်သည့် တွင်းပေါက်များ တူးကြည့်ရာတွင် သတ္တု အစိတ်အပိုင်းအချို့ကိုသာ တွေ့ရှိကြရသည်။ ဒေးဗစ်ကန်းဒေးလ်သည် JCB ဟိုက်ဒရောလစ် ကွန်ကရစ်ခွဲစက်များဖြင့် ကွန်ကရစ်လမ်းကိုဖောက်ကာ တူးဖော်ခဲ့သည့်တိုင် မည်သည့် စပစ်ဖိုင်းယားကိုမှ မတွေ့ခဲ့ရပါချေ။

**မျက်မြင်အခြေအနေ**

မြန်မာနိုင်ငံ၏ မြေအောက်တွင် စပစ်ဖိုင်းယားများ ရှိနေသည်ဟု ယုံကြည်ကြသူများသည် ယင်းတို့ကို အမှန်ပင် တွေ့ရှိမည်ဟု မျှော်လင့်ခဲ့ကြသည်။ မင်္ဂလာဒုံလေယာဉ်ကွင်းအပြင် အခြားကွင်းငယ်နှစ်ခု (မြစ်ကြီးနားနှင့် မိတ္ထီလာ)တို့တွင်ရှိနိုင်မည်ဟု ယူဆချက်များလည်း ရှိခဲ့သည်။ သို့သော်အချိန်နှင့် ငွေကြေး အမြောက်အမြား သုံးစွဲခဲ့သည့်တိုင် စပစ်ဖိုင်းယားများကို တွေ့ရှိခြင်း မရှိသေးပါချေ။

ခိုင်မာမှုမရှိသည့် သတင်းတစ်ခုနောက်သို့ လိုက်ခဲ့သူ ဒေးဗစ်ကန်းဒေးလ်အား သက်တန့်ကို လိုက်ဖမ်းနေသူတစ်ဦးဟု ယူဆကြသူများ ရှိနေသဖြင့် စပစ်ဖိုင်းယားများသည် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများအတွက် ယခုတိုင် ပဟေဠိတစ်ပုဒ် ဖြစ်နေဆဲ ဖြစ်ပေတော့သည်။ ။

**မှီငြမ်း**

(1) The super marine Spitfire

(2) Who thought he found 140 lost Spitfires, buried underground.

# မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၃၁။ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ကော်မရှင်ရုံးအဖွဲ့၏ အကြီးအမှူးဖြစ်ပြီး ကော်မရှင်၏ အတွင်းရေးမှူး ဖြစ်သည်။

(ခ) ကော်မရှင်အတွင်းရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ချိန်တွင် တည်ဆဲဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၃၂။ ကော်မရှင်သည် ကော်မရှင်ရုံးအဖွဲ့အကြီးအမှူး၏ လုပ်ငန်းတာဝန်များကို သီးခြားသတ်မှတ်ပေးရမည်။

၃၃။ ကော်မရှင်ရုံးအဖွဲ့အကြီးအမှူးသည် ကော်မရှင်၏ လမ်းညွှန်ချက်နှင့်အညီ -

(က) ကော်မရှင်ရုံးဝန်ထမ်းများကို ကော်မရှင်ရုံးအဖွဲ့၏ ဖွဲ့စည်းပုံနှင့်အညီ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများအား ဖြည့်တင်းခန့်အပ်နိုင်သည်။

(ခ) ကော်မရှင်ရုံးဝန်ထမ်းများ၏ အရည်အချင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်း အမျိုးအစား၊ ဝန်ထမ်းတစ်ဦးချင်း တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရ လိုအပ်သလို သတ်မှတ်ထားရှိရမည်။

(ဂ) ကော်မရှင် ရုံးဝန်ထမ်းများအား ခန့်အပ်ရာတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ချုပ်ဆိုခြင်းကို တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ကော်မရှင်ရုံးဖွဲ့စည်းပုံအရ ခန့်အပ်တာဝန်ပေးခြင်း၊ အရည်အချင်း သတ်မှတ်ခြင်း၊ ဝန်ထမ်းများ၏ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများ၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများ၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ အနားယူခွင့်ပေးခြင်း၊ နုတ်ထွက်ခွင့်ပြုခြင်း၊ အရေးယူအပြစ်ပေးခြင်းနှင့် ရာထူးမှဖယ်ရှားခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ ကော်မရှင်သည် -

(က) ကော်မရှင်ရုံးအဖွဲ့ ဝန်ထမ်းများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) ကော်မရှင်ရုံးအဖွဲ့ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးအလို့ငှာ ပြည်တွင်း ပြည်ပ၌ ကျင်းပသောအခမ်းအနားများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများ တက်ရောက်လေ့လာဆည်းပူးစေရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) တည်ဆဲလူမှုဖူလုံရေးဥပဒေနှင့်အညီ ကော်မရှင်ရုံးအဖွဲ့ ဝန်ထမ်းများကို မှတ်ပုံတင်၍ ထည့်ဝင်ကြေးငွေပေးသွင်းပြီး အာမခံထားရှိရေး၊ အလုပ်ခွင်ထိခိုက်မှု အာမခံအကျိုးခံစားခွင့်ရရှိရေးနှင့် အခြားလူမှုဖူလုံရေး အကျိုးခံစားခွင့်တို့အတွက် လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဃ) ကော်မရှင်ရုံးအဖွဲ့ ဝန်ထမ်းများက ၎င်းတို့ တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်း၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တာဝန်ခံစေရန် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

၃၅။ ကော်မရှင်ရုံးအဖွဲ့ကို ဦးစီးဌာန၏ ဝန်ထမ်းများဖြင့် ကနဦးဖွဲ့စည်းရာတွင် ယင်းဝန်ထမ်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း စီမံဆောင်ရွက်ရမည် -

(က) ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများက ဤဥပဒေအရ ဖွဲ့စည်းသော ကော်မရှင်ရုံးအဖွဲ့သို့ ၎င်းတို့၏ဆန္ဒအရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်အခါ ယင်းဝန်ထမ်းများကို ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရာထူးတာဝန်နှင့် ရပိုင်ခွင့်အောက် လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ခ) ကော်မရှင်ရုံးအဖွဲ့သို့ ပြောင်းရွှေ့ထမ်းဆောင်ရန် ဆန္ဒမပြုသော ဝန်ထမ်းများကို ဝန်ကြီးဌာနလက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခြားပြည်ထောင်စုဝန်ကြီးဌာန လက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ ပြောင်းရွှေ့နေရာချထားပေးရမည်။

(ဂ) ကော်မရှင်ရုံးအဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများသည် မူလနိုင်ငံ့ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ပြီးဖြစ်ရမည်။

(ဃ) ကော်မရှင်ဖွဲ့စည်းသည့် နေ့ရက်မတိုင်မီ ပင်စင်ခံစားလျက်ရှိသော ပုဂ္ဂိုလ်များအတွက် လည်းကောင်း၊ ကော်မရှင်ရုံးအဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် လည်းကောင်း၊ ကော်မရှင်ရုံးအဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသည့်အပြင် ပုဒ်မခွဲ (ခ) အရ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသည့် ဝန်ထမ်းများအတွက် လည်းကောင်း လုပ်သက်ဆုငွေ၊ ချီးမြှင့်ငွေ၊ ပင်စင်တို့ကို တည်ဆဲဥပဒေများနှင့်အညီ ပင်စင်ဦးစီးဌာနမှ လျာထားကျခံဆောင်ရွက်ပေးရမည်။

၃၆။ ကော်မရှင်သည် ဤဥပဒေအရ ပြင်ဆင်ဖွဲ့စည်းသည့် ကော်မရှင်ရုံးအဖွဲ့၏ ဝန်ထမ်းများအတွက် လုပ်သက်ဆုငွေ၊ ချီးမြှင့်ငွေနှင့် အငြိမ်းစားယူမှုနှင့် သက်ဆိုင်သည့် လုပ်သက်ဆုကြေးဆိုင်ရာ ကိစ္စရပ်များကို ကော်မရှင်တွင် ယင်းတို့ တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတိုင်း တွက်ချက်၍ ကော်မရှင်ရန်ပုံငွေ၏ အသုံးစရိတ်ခေါင်းစဉ်အောက်မှ ကျခံခွင့်ပြုပေးရမည်။

၃၇။ ဦးစီးဌာန သို့မဟုတ် ကော်မရှင်ရုံးအဖွဲ့သည် ရွေးချယ်ရေးကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း (၈)
## ရန်ပုံငွေထူထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း

၃၈။ ကော်မရှင်သည် မိမိ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အောင်မြင်စွာ ကျင့်သုံးဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ကော်မရှင်၏ ဘဏ္ဍာရန်ပုံငွေကို ထူထောင်နိုင်သည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်က ကနဦး မတည်ထုတ်ပေးထားသော ထောက်ပံ့ငွေများ၊

(ခ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဥပဒေများအရ ကောက်ခံသော လိုင်စင်ဆိုင်ရာ အခကြေးငွေများ၊ လှိုင်းနှုန်းစဉ်စီမံခန့်ခွဲခ၊ အခကြေးငွေ၊ ဒဏ်ကြေးငွေ၊ စည်းကြပ်ခ၊ အဖိုးအခများ၊

(ဂ) ပုဒ်မ ၄၁ အရ ချန်လှပ်ထားသောငွေများ၊

(ဃ) နိုင်ငံတစ်နိုင်ငံ၏ အကူအညီ သို့မဟုတ် ဥပဒေအရ ဖွဲ့စည်းထားသော သီးခြားအဖွဲ့အစည်းများမှ ထောက်ပံ့ငွေများ၊ လှူဒါန်းမှုများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အထောက်အပံ့များ၊

(င) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများထံမှ ရယူထားသော ချေးငွေများ၊

(စ) ကော်မရှင်က ပိုင်ဆိုင်သော ပစ္စည်းများအား ရောင်းချခြင်း၊ ထုခွဲရောင်းချခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် အငှားချထားခြင်းများမှ ရရှိသောဝင်ငွေများ၊

(ဆ) ကော်မရှင်က ရရှိသည့် တိုးပွားငွေများ။

၃၉။ ကော်မရှင်သည် ဦးစီးဌာနထံမှ လွှဲပြောင်းရယူမည့် နိုင်ငံတော်၏ ပုံသေပိုင်ပစ္စည်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ စာရင်းရှိတန်ဖိုး (Book Value) ဖြင့် နိုင်ငံတော်၏ မတည်ထုတ်ပေးထားသော ငွေများစာရင်းတွင် ထည့်သွင်းဖော်ပြရမည်။

၄၀။ ကော်မရှင်သည် ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်းရငွေ၊ သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ သီးခြားထည့်သွင်း၍ ဖော်ပြရမည်။

၄၁။ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အသုံးစရိတ်ထက်ကျော်လွန်၍ ဝင်ငွေရရှိသည့်အခါ ကော်မရှင်သည် လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မိမိ၏ စီမံခန့်ခွဲမှု လုပ်ငန်းတာဝန်များအတွက် ငွေလုံးငွေရင်းအသုံးစရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ အခွန်အခနှင့် ပုဒ်မ ၄၃ (က) ပါ ရန်ပုံငွေများကို လျာထားချန်လှပ်ပြီး ပိုလျှံသည့်ငွေကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၄၂။ ကော်မရှင်ရန်ပုံငွေကို သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း သုံးစွဲနိုင်သည် -

(က) ကော်မရှင်က လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင်လည်းကောင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင်လည်းကောင်း ကော်မရှင်က ကျခံရမည့် ကုန်ကျငွေများ၊ ဆောင်ရွက်ရန်တာဝန်များ သို့မဟုတ် တာဝန်ရှိမှုများအတွက် ပေးချေခြင်း၊

(ခ) ဤဥပဒေအရ ပေးချေရမည့် လည်ပတ်သုံးစွဲစရိတ်၊ အခွန်အခနှင့် ကုန်ကျစရိတ်များ ပေးချေခြင်း၊

၄၃။ (က) ကော်မရှင်သည် အောက်ပါရန်ပုံငွေများကို သီးခြားစီ ထူထောင်ထားရှိပြီး သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲနိုင်သည် -

(၁) လုပ်သက်ဆုကြေး ရန်ပုံငွေ

(၂) ဖွံ့ဖြိုးမှု ရန်ပုံငွေ၊

(၃) တန်ဖိုးယုတ်လျော့မှု ရန်ပုံငွေ၊

(၄) အိုနာစာ ရန်ပုံငွေ၊

(၅) သက်သာချောင်ချိရေး ရန်ပုံငွေ၊

(၆) သုတေသန ရန်ပုံငွေ၊

(၇) ဆုကြေး ရန်ပုံငွေ၊

(၈) အခြားလိုအပ်သော ရန်ပုံငွေ။

(ခ) ကော်မရှင်ရုံးအဖွဲ့အကြီးအမှူးသည် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် အပေါ်တွင် လည်းကောင်း၊ ကော်မရှင်၏ လုပ်ငန်းအောင်မြင်မှုအပေါ်တွင် လည်းကောင်း သတ်မှတ်ချက်နှင့်အညီ တွက်ချက်ထားသော ဆုကြေးကို ကော်မရှင်၏ သဘောတူညီချက်ဖြင့် ဆုကြေးရန်ပုံငွေမှ ခံစားခွင့်ပြုနိုင်သည်။

၄၄။ (က) ကော်မရှင်သည် အောက်ပါတို့ပါဝင်သော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို ရေးဆွဲရမည် -

(၁) ဘဏ္ဍာရေးနှစ်တွင် ကောက်ခံမည့် သို့မဟုတ် ရရှိမည့် ရန်ပုံငွေအားလုံး၏ ခန့်မှန်းစာရင်း၊

(၂) ဘဏ္ဍာရေးနှစ်တွင် အသုံးပြုမည့် အသုံးစရိတ်ခန့်မှန်းစာရင်း။

(ခ) ကော်မရှင်သည် မိမိ၏ ဘဏ္ဍာရေးစည်းမျဉ်းကို ရေးဆွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက် ရယူထားရှိပြီး၊ ယင်းဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ ရငွေသုံးငွေများကို စီမံခန့်ခွဲရမည်။

၄၅။ ကော်မရှင်သည် -

(က) ဘဏ္ဍာရေးနှစ်ကုန်ဆုံးတိုင်း နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို ရေးဆွဲရမည်။

(ခ) မိမိ၏ ဘဏ္ဍာငွေအရအသုံးစာရင်းများကို -

(၁) မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့နှင့်သော် လည်းကောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေနှင့်အညီ နိုင်ငံတကာအသိအမှတ်ပြု စာရင်းစစ်အဖွဲ့ ကဲ့သို့ အဖွဲ့အစည်းတစ်ခုခုနှင့်သော်လည်းကောင်း စစ်ဆေးမှုကို ခံယူရမည်။

(၂) ပုဒ်မခွဲငယ် (၁) တွင် မည်သို့ပင်ဆိုစေကာမူ နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေသို့ ရငွေ၊ ပေးငွေဆိုင်ရာ ဆက်စပ်မှုများရှိပါက လိုအပ်သည့် အတိုင်းအတာအရ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။

၄၆။ ကော်မရှင်သည် ဤဥပဒေအရ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေလိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။ ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြန်ကြားစာရရှိသည့်အခါ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများထံမှ ချေးငွေ၊ အထောက်အပံ့၊ အကူအညီများရယူနိုင်ပြီး ချေးငွေများအတွက် ကော်မရှင်၏ ရန်ပုံငွေမှ ပြန်လည်ပေးဆပ်ရမည်။

၄၇။ ကော်မရှင်မဖွဲ့စည်းမီ ဦးစီးဌာနက ရယူထားသော ချေးငွေများကို ကော်မရှင် ရန်ပုံငွေမှ ပြန်လည်ပေးဆပ်ရမည်။

## အခန်း (၉)
## စီမံချက်ရေးဆွဲခြင်းနှင့် အစီရင်ခံခြင်း

၄၈။ (က) ကော်မရှင်သည် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းကာလ ငါးနှစ်အတွက် လုပ်ငန်းစီမံချက်အား ရေးဆွဲပြုစုထားရှိရမည်။

(ခ) ကော်မရှင်သည် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်နိုင်မှု အခြေအနေအပေါ် နှစ်စဉ်သုံးသပ်၍ လုပ်ငန်းစီမံချက်ကို လိုအပ်သလို ပြင်ဆင်နိုင်သည်။

(ဂ) လုပ်ငန်းစီမံချက်တွင် အောက်ပါတို့ကို အသေးစိတ်ဖော်ပြရမည် -

(၁) လုပ်ငန်းစီမံချက်ကာလအတွင်း ကော်မရှင်၏ ရည်မှန်းချက်များနှင့် ဦးစားပေးအစီအစဉ်များ၊

(၂) အဆိုပါ ရည်မှန်းချက်များ အောင်မြင်ရန်အလို့ငှာ ကော်မရှင်က အကောင်အထည်ဖော်မည့် မဟာဗျူဟာများနှင့် မူဝါဒများ၊

(၃) ကော်မရှင်က ထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟု ယူဆသည့် အခြားကိစ္စရပ်များ။

၄၉။ ကော်မရှင်သည် ဘဏ္ဍာရေးနှစ် ကုန်ပြီးနောက် ၆ လ ထက်နောက်မကျစေဘဲ နှစ်ပတ်လည်အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၁၀)
## စုံစမ်းစစ်ဆေးခြင်း

၅၀။ (က) ကော်မရှင်သည် အောက်ပါကိစ္စရပ်များကို စုံစမ်းစစ်ဆေးခြင်း ပြုနိုင်သည် -

(၁) လိုင်စင်ရရှိသူ၊ ခွင့်ပြုချက်ရရှိသူ သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ရရှိသူ တစ်ဦးဦး၏ လုပ်ဆောင်ချက် သို့မဟုတ် အကြောင်းကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ညီ မညီ၊

(၂) ပုဒ်မ ၂ ပုဒ်မခွဲ (င) ပါ ဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်မှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်တစ်ခုခု၊

(၃) လိုင်စင်ရရှိသူ၊ ခွင့်ပြုချက်ရရှိသူ သို့မဟုတ် အသိအမှတ်ပြုလက်မှတ် ရရှိသူတစ်ဦးဦးက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုကို ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးရန် ပျက်ကွက်ခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်တစ်ခုခု၊

(၄) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဥပဒေများနှင့် သက်ဆိုင်သည့် ကိစ္စတစ်ရပ်ရပ် သို့မဟုတ် ယင်းဥပဒေများကို အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်တစ်ခုခု။

(ခ) ပုဒ်မခွဲ (က) အရ စုံစမ်းသည့်ကိစ္စနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်ပေးနိုင်မည်ဟု ထင်မြင်ယူဆရသည့် မည်သည့်ပုဂ္ဂိုလ်ကိုမဆို သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း ကော်မရှင်ထံ တင်ပြစေခြင်း ပြုနိုင်သည်။

(ဂ) ကော်မရှင်နှင့် ကော်မရှင်ရုံးဝန်ထမ်းများသည် ရရှိထားသော အချက်အလက်များနှင့် စပ်လျဉ်း၍ ကော်မရှင်၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်၊ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန် သို့မဟုတ် တာဝန်များကို ထမ်းဆောင်ရန်အတွက်သာ အသုံးပြုရမည်။

*စာမျက်နှာ ၂၁ သို့*

## အပူပိုင်းဇုန်ကျေးလက်ရေရရှိရေးစီမံကိန်းကို တောင်တွင်းကြီးမြို့နယ်အတွင်း ကျေးရွာငါးရွာ၌ ဆောင်ရွက်နေ

**တောင်တွင်းကြီး ဩဂုတ် ၂၆**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်း၍ အပူပိုင်းဇုန်ကျေးလက် ရေရရှိရေး စီမံကိန်းကို မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းကို ယခုနှစ်နွေရာသီမတိုင်မီ စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ ကျေးရွာအချို့မှာ နှစ်စဉ်နှစ်တိုင်း ရေရှားပါးမှု ကြုံတွေ့ရသည့် မြို့နယ်တစ်ခုဖြစ်ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ပူးပေါင်း၍ အပူပိုင်းဇုန်ကျေးလက် ရေရရှိရေး စီမံကိန်းဖြင့် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ထောက်ကြံကွင်း၊ လှည်းပွဲကြီး၊ ရေထွက်ကြီး၊ ကံကြီးကုန်း၊ ကုက္ကိုလု စသည့် ကျေးရွာငါးရွာတွင် စက်ရေတွင်းငါးတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ယခုနှစ်နွေရာသီမတိုင်မီက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က ပြောသည်။

အဆိုပါ ကျေးရွာငါးရွာ၌ စက်ရေတွင်းငါးတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းများကို ဆောင်ရွက်ပေးပြီး ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ တွင်းကာပိုက်နှင့် ရေထုတ်ပိုက်များ၊ ရေမြှုပ်ပန့်နှင့် ဆက်စပ်ပစ္စည်းများ၊ အင်ဂျင်၊ ဒိုင်နမိုတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း၊ လုပ်ငန်း အားလုံးအတွက် စုစုပေါင်းငွေကျပ် ၁၁၂ ဒသမ ၈၇၂သန်း အကုန်အကျခံဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ငါးရွာရှိ အိမ်ခြေ ၁၀၂၃ ၊ လူဦးရေ ၆၁၁၁ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်တို့အတွက် နွေရာသီ သောက်သုံးရေများ လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းလွင်(မကွေး)**



**ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက်ရှိ နယ်မြေ (၁၄/၁၅)၊ ရပ်ကွက်အုပ်ချုပ်ရေးရုံး၌ ဩဂုတ် ၂၃ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အေးက ရပ်ကွက်များ၊ နယ်မြေများအတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ရပ်ကွက်နေပြည်သူများအား မှုခင်းလျော့နည်းကျဆင်းရေး၊ မှုခင်းအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့် မှုခင်းအသိပညာပေးဟောပြောစဉ်။** ဉာဏ်လင်း

## ခေတ်အဆက်ဆက်ရိုးရာအိုးလုပ်ငန်းလုပ်ကိုင်သူ လျော့နည်းလာ၍ ပျောက်ကွယ်တော့မည့် အခြေအနေရောက်ရှိလာ

**ညောင်ဦး ဩဂုတ် ၂၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့ အမှတ်(၃) တောင်ကုန်းရပ်ရှိ ခေတ်အဆက်ဆက်ရိုးရာအိုးလုပ်ငန်းလုပ်ကိုင်သူ တစ်နှစ်ထက်တစ်နှစ် လျော့ကျလာနေကြောင်း ရိုးရာအိုးအမျိုးမျိုးလုပ်ငန်း လုပ်ကိုင်သည့် ဦးမြင့်ဆွေက ပြောသည်။



တောင်ကုန်းကျေးရွာတစ်ရွာလုံး အိုးလုပ်စက် (အိုးပြင်လှည့်) အိမ်တိုင်းရှိကြပြီး အိုးလုပ်ငန်းမလုပ်သည့် အိမ်မရှိကြောင်းသိရကာ ကျေးရွာပတ်လည်ရှိ ရေကန်ပတ်ဝန်းကျင်ရှိ မြေသားများကို အိုးလုပ်ငန်းအတွက် သယ်ဆောင်ပြီး အိုးလုပ်ငန်းတစ်နှစ်စာအတွက် အချို့မှာ နွားလှည်းများဖြင့် ဝယ်ယူစုဆောင်းကြကြောင်း၊ နွားလှည်းမရှိသူများက ဖောကားများ၊ ထော်လာဂျီများ ငှားကာ အိုးလုပ်ငန်းသုံးရန် မြေဝယ်ကြကြောင်း သိရသည်။ အိုးလုပ်ရာတွင်လည်း ကလေးငယ်မှအစ လူတိုင်းမြေနယ်ခြင်း၊ မြေသန့်ခြင်းများ ပြုလုပ်နိုင်ကြကာ အိုးပြင်စက် (အိုးပြင်းလှည့်) စက်သာ လူတိုင်းမလုပ်နိုင်ကြောင်း တောင်ကုန်းကျေးရွာ အိုးလုပ်ငန်းလုပ်ကိုင်သည့် ဦးနေလင်းက ပြောသည်။

တောင်ကုန်းကျေးရွာတစ်ရွာလုံး ခေတ်အဆက်ဆက် အိုးလုပ်ငန်းလုပ်ကိုင်လာခဲ့ကြရာ ထန်းဆွဲမြူအိုး၊ ပြာသိုသောက်ရေအိုး၊ ဟင်းပြင်ချက်အိုး၊ မြေသားစုဘူး၊ မုန့်ပြားသလက်အိုးခင်း၊ မြန်မာ့ရိုးရာ ထန်းလျက်ချက် အရက်ပေါင်းအိုး၊ မြေသားပန်းအိုး၊ မြေသားရေဆေးဇလုံ၊ မြေသားဘုရားပန်းအိုး၊ ကောက်ညှင်းပေါင်း မြေသားအိုးနှင့် အိုးပုတ် ချိုးရုပ် အမျိုးမျိုးပြုလုပ်ကြကြောင်း သိရသည်။ ခေတ်အဆက်ဆက် ထန်းဆွဲမြူအိုး အမြောက်အမြား ထုတ်လုပ်ခဲ့ရာမှ ယခုအခါ ထန်းဆွဲမြူအိုးများ တစ်နှစ်ပတ်လုံး မလုပ်ကိုင်ရတော့ဘဲ နတ်တော်၊ ပြာသို၊ တန်းပို့တွဲ၊ တပေါင်းလများအထိသာ ထန်းဆွဲမြူအိုး လုပ်ကိုင်ရတော့ကြောင်း သိရသည်။ ထန်းဆွဲမြူအိုး လုပ်ငန်းသည် တစ်ချိန်က နှစ်ပတ်လည် လုပ်ကိုင်ခဲ့ရပြီး ယခုအခါ ထန်းတက်လုပ်သား ရှားပါးလာခြင်းကြောင့် ထန်းဆွဲမြူအိုးလုပ်ငန်းသည်လည်း တဖြည်းဖြည်းလုပ်ကိုင်မှု လျော့ကျလာကာ အခြားအိုးလုပ်ငန်းများလည်း ပလတ်စတစ်ပန်းအိုး၊ ပန်းခြင်း၊ ဒန်၊ သတ္တု၊ စတီးအိုးများကို ဈေးကွက် မယှဉ်နိုင်ဘဲ ထုတ်လုပ်မှု လျော့ကျလာကြောင်း၊ တစ်နှစ်ပတ်လုံး အိုးလုပ်ငန်းလုပ်ကိုင်သည့် တောင်ကုန်းကျေးရွာမှ ဦးမြင့်ဆွေက ပြောသည်။

တစ်နှစ်ပတ်လုံး အိုးလုပ်ငန်းလုပ်ကိုင်လာခဲ့သည့် တောင်ကုန်းကျေးရွာတွင် ပြာသိုသောက်ရေအိုးသာ ပြုလုပ်ကြကြောင်းသိရပြီး ပြာသိုသောက်ရေအိုး တစ်နှစ်ပတ်လုံးလုပ်သည့် အိမ်လည်း လေး / ငါးအိမ်ခန့်သာရှိတော့ကြောင်း ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် ပြာသိုအိုးရသလောက် လုပ်ထားကာ ပွင့်လင်းရာသီရောက်ရှိလျှင် ရသလောက် လှောင်ထားသည့် အိုးများ၊ အိုးဖိုကုန်း (အိုးဖုတ်) ကုန်းသို့ လှောင်ထားသည့် အိုးများ အိုးဖို (အိုးဖုတ်) ကြကြောင်း ၎င်းက ဆက်လက်ပြောသည်။

တောင်ကုန်းကျေးရွာထွက် အိုးများသည် အရည်အသွေးကောင်းမွန်ခြင်းကြောင့် တောင်ကုန်းကျေးရွာအထိ အိုးကုန်သည်များ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ၊ တောင်သာမြို့နှင့် တောင်းဇင်းကျေးရွာ၊ တက်မကျေးရွာများမှ ကားများဖြင့်လာရောက် ဝယ်ယူကြပြီး တောင်းကုန်းကျေးရွာ တစ်နှစ်ပတ်လုံးလုပ်သည့် အိုးလုပ်ငန်း တဖြည်းဖြည်းလျော့နည်းလာကာ ခေတ်အဆက်ဆက် ရိုးရာအိုးလုပ်ငန်း ပျောက်ကွယ်တော့မည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း အိုးလုပ်ငန်းရှင်များထံမှ သိရသည်။

**မောင်မောင်ထိန်**

## မိုးညှင်းမြို့ရှိ အသက် ငါးနှစ်အောက်ကလေး ၁၇၀၀၀ ကျော်အား ပိုလီယို ကာကွယ်ဆေးအပိုဆောင်း စတင်တိုက်ကျွေး

**မိုးညှင်း ဩဂုတ် ၂၆**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းရှိ အသက် ငါးနှစ်အောက်ကလေး ၁၇၁၁၄ ဦးအား ဒေသအလိုက်ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းများကို ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအလိုက် စတင်တိုက်ကျွေးနေပြီဖြစ်ကြောင်း ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုနှင့်ပတ်သက်၍ နားခါရပ်ကွက်အုပ်စုမှ တာဝန်ကျသားဖွားဆရာမ ဒေါ်အေးအေးမွန်က “ဒီနေ့က နားခါအုပ်စုမှာရှိတဲ့ ရန်ကင်းနဲ့ သာစည်ရပ်ကွက်တွေမှာရှိတဲ့ အသက် ငါးနှစ်အောက်ကလေး ၁၉၇ ဦးကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးမယ်။ မနက်ဖြန်မှာ အုပ်စုအတွင်းမှာရှိတဲ့ ကျန်တဲ့ရပ်ကွက်တွေမှာ ဆက်လက်တိုက်မယ်။ ကလေးအားလုံး ၆၀၃ ဦး တိုက်ကျွေးဖို့ရှိပါတယ်”ဟု ပြောသည်။

ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးမှုကို မြို့နယ်အတွင်းရှိ အခြားရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင်လည်း တစ်ပြိုင်နက်ဆောင်ရွက်လျက်ရှိပြီး ဆေးတိုက်ကျွေးမှုကို ယခုလ ၂၆ ရက်မှ ၂၈ ရက်အထိ ပထမအကြိမ်၊ အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ဒုတိယအကြိမ် တိုက်ကျွေးသွားမည်ဖြစ်ပြီး ဒုတိယအကြိမ်တွင် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးမှုနှင့်အတူ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးများကိုလည်း တစ်ပါတည်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

မိုးညှင်းမြို့နယ်အပြင် ကချင်ပြည်နယ်အတွင်းရှိ မချမ်းဘောမြို့နယ်မှအပ ကျန်မြို့နယ် ၁၇ မြို့နယ်တွင်လည်း ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးသွားခြင်းနှင့် ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ဩဂုတ် ၂၅ရက်တွင် ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ဒေသအလိုက် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းနှင့် ဝက်သက်၊ ဂျိုက်သိုး ကာကွယ်ဆေးထိုးနှံခြင်း အသိပေးဆွေးနွေးပွဲတွင် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ကျော်က ပြောကြားသည်။

**ကျော်ကျော်ထွေး (မိုးညှင်း)**

*စာမျက်နှာ ၂၀ မှ*

၅၁။ (က) ကော်မရှင်သည် ပုဒ်မ ၅၀ ပုဒ်မခွဲ (က) အရ စုံစမ်းစစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့် တွေ့ရှိချက်အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ရေးသားပြုစု၍ စုံစမ်းစစ်ဆေးမှု ပြီးလျှင်ပြီးချင်း အများပြည်သူ သိသင့် သိထိုက်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့် စုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်လျှင် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အများပြည်သူ သိသင့် သိထိုက်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာရမည်။

**အခန်း (၁၁)**

**အထွေထွေ**

၅၂။ ဤဥပဒေအရ ကော်မရှင်ဖွဲ့စည်းပြီးသည့်နေ့ရက်မှစ၍ မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဖွဲ့စည်းခြင်း (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၁၂၅/၂၀၁၅) ကို ပယ်ဖျက်လိုက်သည်။

၅၃။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် သက်ဆိုင်သော ဥပဒေတစ်ရပ်ရပ်အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်ကွဲလွဲပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာကျင့်သုံးရမည်။

၅၄။ ဤဥပဒေ အာဏာတည်သည့်နေ့ရက်မတိုင်မီက ဦးစီးဌာန၏ လက်ဝယ်ပိုင်ဆိုင်သော ပိုင်ဆိုင်မှုများ၊ တာဝန်ရှိမှုများနှင့် ဦးစီးဌာနတွင် အပ်နှင်းထားသော၊ ပေးရန်ရှိသော၊ ရရန်ရှိသော သို့မဟုတ် ပိုင်ဆိုင်သော အခွင့်အရေးအားလုံး၊ စီမံခန့်ခွဲမှုအားလုံး သို့မဟုတ် ထိန်းချုပ်မှုတစ်ရပ်ရပ်သည် ကော်မရှင်သို့ လွှဲပြောင်းအပ်နှင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅၅။ ကော်မရှင်ပိုင် ငွေကြေးနှင့် ပစ္စည်းများသည် နိုင်ငံတော်ပိုင်ပစ္စည်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၆။ ဤဥပဒေ အာဏာတည်သည့်နေ့ရက်မတိုင်မီ ဦးစီးဌာနက ချုပ်ဆိုခဲ့သည့် ပဋိညာဉ်များအားလုံး၊ စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ ရေးသားထားသော သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်ထားရှိသော စာရွက်စာတမ်းများသည် ကော်မရှင်က ချုပ်ဆိုခဲ့သည့် သို့မဟုတ် ကော်မရှင်နှင့်ချုပ်ဆိုခဲ့သည့် စာရွက်စာတမ်းများအဖြစ်လည်းကောင်း၊ ဦးစီးဌာနက ထုတ်ပေးခဲ့သည့် လိုင်စင်၊ ခွင့်ပြုချက်၊ အသိအမှတ်ပြုလက်မှတ်တို့သည် ကော်မရှင်မှထုတ်ပေးသော လိုင်စင်၊ ခွင့်ပြုချက်၊ အသိအမှတ်ပြုလက်မှတ်များအဖြစ်လည်းကောင်း မှတ်ယူရမည်။

၅၇။ ဤဥပဒေအရ ကော်မရှင်၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် သဘောရိုးဖြင့်ဆောင်ရွက်ခြင်း သို့မဟုတ် အားထုတ်ဆောင်ရွက်ခြင်းကြောင့် ကော်မရှင်၏ ပျက်ကွက်မှု သို့မဟုတ် ဆောင်ရွက်မှုတစ်ရပ်ရပ်အတွက် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မရှင်ရုံးအဖွဲ့၏ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တရားစွဲခြင်း၊ အရေးယူခြင်း မရှိစေရ။

၅၈။ ကော်မရှင် ဥက္ကဋ္ဌ၊ အဖွဲ့ဝင် သို့မဟုတ် ကော်မရှင်ရုံးအဖွဲ့ ဝန်ထမ်းတစ်ဦးဦးသည် ဤဥပဒေအရ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်သည့်အခါတွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၉။ ကော်မရှင်သည် ရရန်ရှိသော နှစ်စဉ်ကြေး၊ လိုင်စင်ဆိုင်ရာ အခကြေးငွေများ၊ လှိုင်းနှုန်းစဉ်စီမံခန့်ခွဲခ၊ ဒဏ်ကြေးနှင့် အခြားအခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံနိုင်သည်။

၆၀။ ကော်မရှင်သည် ဆက်သွယ်ရေးဥပဒေ အခန်း (၁၆) (၁၇) (၁၈) တို့ပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(င) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၆၁။ သတင်းအချက်အလက်နည်းပညာနှင့် ဆက်သွယ်ရေးနည်းပညာလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကော်မရှင်သည် ဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

၆၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကော်မရှင်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# သံလမ်းနှစ်ခုကြားရေနုတ်မြောင်းများ တူးဖော်မှုဖြင့် ရထားလမ်းရေဝပ်ရေလျှံမှု လျော့နည်းလာ၍ ခရီးသွားလာမှု အဆင်ပြေ

ရန်ကုန် ဩဂုတ် ၂၆

**ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းကို အရှေ့ခြမ်း၊ အနောက်ခြမ်းနှစ်ပိုင်းခွဲ၍ မြန်မာ့မီးရထားမှ ခရီးစဉ်များကို ပြေးဆွဲလျက်ရှိရာ မိုးများသောအချိန်၌ ရထားသံလမ်းများ ရေဝပ်ရေလျှံမှုကြောင့် မြို့ပတ်ရထားများ သွားလာရေးအခက်အခဲမရှိစေရန် မြို့ပတ်ရထားလမ်းနှင့် ဘူတာများ အဆင့်မြှင့်တင်မှုတွင် သံလမ်းနှစ်ခုကြား၌ ကွန်ကရစ်ရေနုတ်မြောင်းများကို တည်ဆောက်လျက်ရှိသည်။ မိုးများသောယခုနှစ်တွင် ထိုရေနုတ်မြောင်းများ တည်ဆောက်မှုဖြင့် ရထားသံလမ်းများ ရေဝပ်ရေလျှံမှု လျော့နည်းကျဆင်း၍ ခရီးသွားလာမှု မြန်ဆန်လျက်ရှိသည်။**



ရေစီးရေလာကောင်းမွန်လျက်ရှိသော မြို့ပတ်ရထားလမ်းပိုင်းတစ်ခုကို တွေ့ရစဉ်။

သံလမ်းနှစ်ခုကြား ကွန်ကရစ်ရေနုတ်မြောင်းများ တည်ဆောက်ရာ၌ ဒညင်းကုန်းဘူတာကို ဗဟိုပြု၍ ရန်ကုန်-အင်းစိန်-ဒညင်းကုန်းလမ်းပိုင်းကို အနောက်ခြမ်းအဖြစ် လည်းကောင်း၊ ဒညင်းကုန်း - မင်္ဂလာဒုံ - ပုဇွန်တောင်ကို အရှေ့ခြမ်းအဖြစ် တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိရာ ဒညင်းကုန်း -အင်းစိန်-ကြည့်မြင်တိုင်လမ်းပိုင်း ရထားလမ်းလုပ်ငန်းပြီးစီးပြီဖြစ်သည်။ ကြည့်မြင်တိုင်နှင့် ဘုရားလမ်းကြား သံလမ်းအတွင်းပိုင်းလုပ်ငန်းပြီးစီး၍ အပြင်ပိုင်းလုပ်ငန်းများကို စက်တင်ဘာလတွင် ဆက်လက် အကောင်အထည်ဖော်မည်ဖြစ်ရာ ရပ်ကွက်များ ရေဆင်းမြောင်းကောင်းမွန်ရန် လိုအပ်မှုနှင့် ဘူတာများ ရေစီးအားကောင်းမွန်ရန် လိုအပ်မှုတို့ကြောင့် ရထားများစောင့်ဆိုင်းနေရမှု မရှိစေရန် သံလမ်းနှစ်ခုကြားတွင် ကွန်ကရစ်ရေနုတ်မြောင်းကို တည်ဆောက်ခြင်းဖြစ်သည်။

"မြို့ပတ်ရထားလမ်းအတွင်းပိုင်းကို ပြင်ပက ရေဝင်ရောက်မှုအများဆုံးဟာ မြို့ ပတ်ရထားအနောက်ခြမ်းမှာ ပိုကြုံရတယ်။ ရေဝင်အားကို ထိန်းနိုင်ဖို့ တိုင်းဒေသကြီး ရန်ကုန်မြို့တော်စည်ပင်သာယာနဲ့ ညှိနှိုင်းပြီး ဝင်လာတဲ့ရေကို ဘယ်လိုထိန်းမလဲဆိုပြီး ရေဆင်းအားပုံစံကိုပြန်ပြီး ရေးဆွဲနေရတာရှိတယ်။ သံလမ်းရေကျော်မှုကို အလုံနဲ့ ရှမ်းလမ်းကြားမှာ အများဆုံးကြုံရပါတယ်။ အနိမ့်ဆုံးအပိုင်းဖြစ်နေတာကြောင့် ရထားလမ်းကို မြှင့်ဖို့လိုပါတယ်။ ဒါကြောင့် အလုံကားလမ်းကူးတံတားဟောင်းကို အသစ်ပြန်မြှင့်ရတာရှိတယ်။ နောင်ဆိုရင် သံလမ်းရေကျော်လို့ ရထားရပ်ထားရတယ်ဆိုတာ ရှိတော့မှာ မဟုတ်ပါဘူး"ဟု ရန်ကုန်ဘူတာကြီးတိုင်း - ၇မှ လက်ထောက်မန်နေဂျာ ဦးကျော်မျိုးလွင်က ပြောသည်။

မြို့ပတ်ရထား အရှေ့ခြမ်းအပိုင်းဖြစ်သော ဒညင်းကုန်း-မင်္ဂလာဒုံ-ပုရွက်ဆိပ်ကုန်းအပိုင်းကို ယခုအဆင့်မြှင့်ဆောင်ရွက်လျက်ရှိရာ မင်္ဂလာဒုံလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရာ၌ မင်္ဂလာဒုံဘူတာရုံကို ရွှေ့ပြောင်းခဲ့ရာ၌ လယ်မြေဖြင့် ရထားလမ်းတာပေါင်ကို မြှင့်တင်ခဲ့ရ၍ မိုးရာသီတွင် မြေသားမမှန်မှုကြောင့် သံလမ်းရေမြောင်းလုပ်ငန်း လုပ်ဆောင်ရာ၌ အခက်အခဲများနှင့် အခြားလုပ်ငန်းအခက်အခဲတို့ကြောင့် မိုးရာသီတွင် သတ်မှတ်ကာလထက် အပြောင်းအလဲများဖြင့် လုပ်ဆောင်နေရကြောင်း၊ ပွင့်လင်းရာသီ၌ မြို့ပတ်ရထားလမ်းပိုင်းအဆင့်မြှင့်တင်မှုနှင့် ရေမြောင်းလုပ်ငန်းများ ပြီးစီးမည်ဖြစ်ပြီး ရထားလမ်းပြုပြင်မှုအပိုင်းနှင့် ရထားလမ်းအချက်ပြစနစ်အသစ် တပ်ဆင်မှုကို မြို့ပတ်ဘူတာကြီးများတွင် ထိန်းချုပ်ရေးကွန်ထရိုးအဆောက်အအုံများကို တည်ဆောက်လျက်ရှိသည်။

ရန်ကုန်မြို့ပတ်ရထားသွားနှုန်းမှာ ၂ နာရီ မိနစ် ၅၀ ဖြင့် ကြာမြင့်သောကြောင့် အဆင့်မြှင့်တင်မှု အားလုံးပြီးစီးပါက ၁ နာရီ မိနစ် ၅၀ ဖြင့် ပြေးဆွဲနိုင်မည်ဖြစ်ပြီး ရထားလမ်းအဆင့်မြှင့်တင်မှုနှင့်အတူ သံလမ်းကြား ကွန်ကရစ်ရေနုတ်မြောင်းလုပ်ငန်းကို လုပ်ဆောင်ခြင်းဖြစ်ရာ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် မေလအတွင်း ရန်ကုန်မြို့ပတ်လမ်းပိုင်းအဆင့်မြှင့်တင်မှုပြီးစီးနိုင်ရန် မြန်မာ့မီးရထားမှ ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပြီး ယမန်နှစ်မိုးရာသီ၌ ရထားလမ်းရေကျော်မှုကြောင့် ငါးကြိမ်တိုင်ရထားများ စောင့်ဆိုင်းခဲ့ရကာ မိုးများသော ယခုနှစ်၌ နှစ်ကြိမ်သာကြုံတွေ့ခဲ့ရ၍ ကျန်ရှိသော သံလမ်းနှစ်ခုကြားရှိ ရထားလမ်းပိုင်း ရေနုတ်မြောင်းတူးဖော်ခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရေကျော်မှုအများဆုံးဖြစ်ပွားသောနေရာများ ရေဝပ်ရေလျှံမှုကင်းဝေးသွားပြီဖြစ်၍ မြို့ပတ်ရထားခရီးသွားလာမှု အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**



## ဆိုင်ကယ်ဦးထုပ်များပေးဝေ

**ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြောင်းမြတွင် ဩဂုတ် ၂၄ရက် က မော်တော်ဆိုင်ကယ်စီးနင်းသူများအား ဆိုင်ကယ်ဦးထုပ်များပေးဝေခဲ့စဉ်။**

(အဆိုပါ မော်တော်ဆိုင်ကယ်စီး ဦးထုပ်များကို Mytel ကုမ္ပဏီနှင့် မြို့မိမြို့ဖ အလှူရှင်တို့က အလုံးရေ ၆၅၀ ကို ပေးလှူခြင်းဖြစ်ပြီး မြို့တွင်း (၇)လမ်း လမ်းဆုံနှင့် မြို့အဝင် အဝေးပြေးလမ်းဆုံတို့တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးသန့်ဇော်ဝင်း၊ ဒေါ်ခိုင်ဇင်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်ဝေနှင့် တာဝန်ရှိသူများက ဆိုင်ကယ်မောင်းသူများအား ဦးထုပ်များ ပေးဝေခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။)

**အောင်မင်း (မြောင်းမြ)**

## မင်းတပ်မြို့၌ အသက်ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**မင်းတပ် ဩဂုတ် ၂၆**

အသက် ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို မင်းတပ်မြို့ရှိ ရပ်ကွက်လိုက် အုပ်ချုပ်ရေးမှူးရုံးများ၌ ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။

အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တိုက်ကျွေးခြင်းဖြစ်ကာ ကလေးငယ်များ ကျန်းမာရေးကောင်းမွန်၍ အာဟာရပြည့်ဝပြီး ဉာဏ်ရည်မြင့်မားစေရန် ရည်ရွယ်၍ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ အသက် ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။ **ခိုရှိန်း (ခရိုင် ပြန်/ဆက်)**



## မိုးညှင်း၌ ကျေးရွာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကျင်းပ

**မိုးညှင်း ဩဂုတ် ၂၆** - ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့နယ်ပြည်သူ့အားကစားပြိုင်ကွင်းတွင် ယမန်နေ့က မြို့နယ်အုပ်ချုပ်ရေးမှူး ဖလား ကျေးရွာပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်တို့က အမှာစကားပြောကြားပြီး ကွင်းဖွင့်ပွဲအဖြစ် ကန်ကုန်းကြီးကျေးရွာ ဘောလုံးအသင်းနှင့် ဟဲပါးကျေးရွာ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပြိုင်ပွဲတွင် ဘောလုံးအသင်း ၃၂ သင်းဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**

## ရေဘေးအသိပညာပေး

### ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ် အမည်၊ ရပ်ကွက်၊ ကျေးရွာ၊မြို့ ဆက်သွယ်ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။




၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။



### ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်များကို ပိတ်ထားပါ။




၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲ သောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊ခြံ အတွင်း၌ ရှိ၊မရှိ စစ်ဆေးပါ။



# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် နိုင်ငံတကာအဆင့်မီ သင်ထောက်ကူပစ္စည်းများဖြင့် အသုံးပြုသင်ကြားနေ

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် ရေကြောင်းသွားလာမှုဘာသာရပ်များ သင်ကြားရာ၌ နိုင်ငံတကာတွင် အသုံးပြုနေသော နည်းပညာသင်ထောက်ကူပစ္စည်းများဖြင့် စတင်အသုံးပြု သင်ကြားနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဆို နိုင်ငံတကာမှာ အသုံးပြုနေတဲ့ simulator တွေ ရပါတယ်။ ၃၆၀ ပတ်လည်မြင်ကွင်းနဲ့ သင်္ဘောမောင်းတဲ့ simulator အင်ဂျင်အတွက်ရော ပါပါတယ်။ ဒါတွေကို ၁၇ နှစ်လောက်ကြာမှ တပ်ဆင်နိုင်တာပါ။ ပင်လယ်ရေကြောင်းသွားလာမှုကို အရင်က ကွန်ပျူတာမျက်နှာပြင်မှာသာ လေ့ကျင့်သင်ကြားနေရတာ။ အခုဆိုရင် တကယ်ပင်လယ်ထဲရောက်နေသလို လေ့လာသင်ယူရတယ်။ ကျောင်းသားတွေအနေနဲ့ လက်တွေ့သင်္ဘောပေါ်ရောက်ရင် မစိမ်းတော့ဘူးပေါ့"ဟု မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ပြောကြားသည်။

**အသုံးပြုလေ့ကျင့်နိုင်**

၃၆၀ ပတ်လည် မြင်ကွင်းဖြင့် သင်္ဘောလေ့ကျင့်မောင်းနှင်မှု အခန်းတွင် ရေကြောင်းသိပ္ပံပညာဌာန၏ စတုတ္ထနှစ်ကျောင်းသားများအား အဓိကလေ့ကျင့်သင်ကြားလျက်ရှိကြောင်း သိရသည်။ အဆိုပါလေ့ကျင့်မှုအခန်းကို ၂၀၁၉ ခုနှစ် ဧပြီလက စတင်တပ်ဆင်ခဲ့ပြီး သင်ကြားမှုပိုင်းတွင် ကျောက်ချခြင်း၊ ဆိပ်ကမ်းကပ်ခြင်း၊ ထွက်ခွာခြင်း၊ ပင်လယ်ပြင်တွင် မောင်းနှင်ခြင်း၊ ရေကြောင်းကျပ်တည်းသည့်နေရာတွင် မောင်းနှင်ခြင်းများအပြင် ရာသီဥတုနှင့်ပတ်သက်၍ မိုးရွာခြင်း၊ မြူကျခြင်း၊ ညအချိန် မောင်းနှင်ခြင်းစသော အနေအထားမျိုးစုံကို ပြောင်းလဲအသုံးပြုလေ့ကျင့်နိုင်ကြောင်း သိရသည်။

ကျောင်းသားများအတွက် လေ့ကျင့်ချိန် တစ်ချိန်မှာ သုံးနာရီဖြစ်ပြီး ကျောင်းသား ခြောက်ဦး တစ်ပြိုင်နက်တည်း ဝင်ရောက်လေ့ကျင့်နိုင်ကာ သင်္ဘော ထိန်းချုပ်ခန်းများအတွင်း တပ်ဆင်ထားသော စက်များအတိုင်း ပါဝင်သည့်အတွက် ကျောင်းသားများ လေ့ကျင့်ရာတွင် ပြင်ပသင်္ဘောများတွင် မောင်းနှင်မှုပုံစံအတိုင်း လေ့ကျင့်မောင်းနိုင်ကြောင်း သိရသည်။ ယင်းနည်းပညာအထောက်အကူပြု ပစ္စည်းများမှာ နော်ဝေနိုင်ငံထုတ်ဖြစ်ပြီး စင်ကာပူထရန့်စစ်ကုမ္ပဏီမှ လာရောက်တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**အမြဲတစေဝယ်ယူဖြည့်တင်းရန်**

ယခုပညာသင်နှစ်တွင် နည်းပညာသင်ထောက်ကူ simulator များ တပ်ဆင်နိုင်မှုကြောင့် ကျောင်းသားများအနေဖြင့် ပင်လယ်ပြင်တွင် မောင်းနှင်သကဲ့သို့ လေ့ကျင့်သင်ကြားနိုင်ကြောင်း သိရသည်။ ရေကြောင်းဆိုင်ရာ အသုံးပြုသည့် ပစ္စည်းများမှာ အချိန်နှင့်အမျှ နည်းပညာသစ်များ ပေါ်ထွက်နေမှုကြောင့် တက္ကသိုလ်အတွက် လိုအပ်သော နည်းပညာ၊ ပစ္စည်းကိရိယာများကို အမြဲတစေ ဝယ်ယူဖြည့်တင်းရန် လိုအပ်ကြောင်း သိရသည်။



မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် စတင်အသုံးပြုနေသော ပင်လယ်ပြင်တွင် သင်္ဘောမောင်းနှင်နေသကဲ့သို့ ၃၆၀ ပတ်လည်မြင်ကွင်း သင်ထောက်ကူပစ္စည်း။ ဓာတ်ပုံ - ထိန်လင်း

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကို ၂၀၀၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ ဘွဲ့ရကျောင်းသား ၄၀၀၀ နီးပါး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ရန်ကုန်-ဒလ သမ္ဗန်စီးသူများ အသက်အန္တရာယ်နီးသည့် ရေလမ်းခရီး နေ့စဉ်သွားလာနေကြသော်လည်း အသက်ကယ်အင်္ကျီများ ဝတ်ဆင်မှုအားနည်း

**ဒလ ဩဂုတ် ၂၆**

ရန်ကုန်မြစ်ကို ဖြတ်သန်း၍ သမ္ဗန်များစီးနင်းကာ ဒလမြို့နှင့် ရန်ကုန်မြို့သို့ အသက်အန္တရာယ်တွေ့ကြုံနိုင်သည့်ကြားမှ သွားလာနေကြသော်လည်း အသက်ကယ်အင်္ကျီများဝတ်ဆင်မှုအားနည်းလျက်ရှိကြောင်း သမ္ဗန်ဆိပ်များတွင် တွေ့မြင်နေရသည်။



ယခင်က သမ္ဗန်ဆိပ်များတွင် ခရီးသည်များ၏ အသက်အန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်ကာ အသက်ကယ်အင်္ကျီမဝတ်ဆင်လျှင်-သမ္ဗန်မစီးရ ဟု ဗီနိုင်းစာသားများ ရေးထားပြီး သမ္ဗန်ဆိပ်တာဝန်ရှိသူကလည်း အသက်ကယ်အင်္ကျီဝတ်ဆင်ရေးအတွက် ခရီးသည်များအား ပညာပေးပြောဆိုမှုများရှိသော်လည်း ယခုအခါ ကြပ်မတ်မှုအားနည်းခြင်းများကြောင့်၊ ရေယာဉ်မတော်တဆဖြစ်ပါက အသက်ကယ်အင်္ကျီများ ဝတ်ဆင်ထားခြင်းမရှိသည့်အတွက် ခရီးသွားများ အသက်ဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်များလည်းရှိကြောင်း သိရသည်။

ဒလမြို့သည် စီးပွားရေးမြို့တော် ရန်ကုန်မြို့နှင့် ရန်ကုန်မြစ်သာခြားပြီး အလွန်နီးကြောင်း၊ ဆက်စပ်မြို့နယ်များမှ ခရီးသွားများလည်း ဝင်ရောက်ဖြတ်သန်းမှုများကြောင်း၊ ဒလမြို့နယ်တွင် သမ္ဗန်ဆိပ်ပေါင်း ၁၀ ခုရှိပြီး စက်တပ်သမ္ဗန်ပေါင်း ၄၀၀ နီးပါးရှိကြောင်း၊ အများစုမှာ စက်တပ်သမ္ဗန်ငယ်များအသုံးပြုကာ သွားလာမှုများကြောင်း သိရသည်။

"ခရီးသွားတွေ ဘာကြောင့်အသက်ကယ်အင်္ကျီတွေမဝတ်ချင်ကြသလဲဆိုတော့ ညစ်ပတ်စွန်းထင်းနံစော်နေတာများတယ်။ သန့်သန့်ရှင်းရှင်းဆို ဘယ်သူက မဝတ်ဘဲနေမလဲ" ဟု ခရီးသွားများမှ အသက်ကယ်အင်္ကျီများဝတ်ဆင်မှုမရှိခြင်းကို တွံတေးမြို့နယ်မှ ရန်ကုန်မြို့တွင်းသို့ အလုပ်ဆင်းသူတစ်ဦးက ပြောသည်။

ထို့ပြင် ယခင်က စက်တပ်သမ္ဗန်များတွင် ဝတ်ဆင်ထားရန်လည်း မလို။ ညစ်ပေနေလည်း ခရီးသည်များအတွက် အဆင်ပြေပြီး လူ သုံး၊ လေးဦး တွဲခိုနိုင်သည့် အသက်ကယ်ဗောကွင်းများ ထားရှိပေးခဲ့ဖူးကြောင်းသိရပြီး သမ္ဗန်ပိုင်ရှင်၊ သမ္ဗန်မောင်းနှင့် သမ္ဗန်ဆိပ်တာဝန်ရှိသူတချို့က နှစ်သက်သော်လည်း တာဝန်ရှိသူတို့က အသက်ကယ်ဗောကွင်းများအစား အသက်ကယ်အင်္ကျီများအား ပြောင်းလဲစေခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်မှ ရန်ကုန်မြို့သို့ ကူးသန်းသွားလာသူ အများစုမှာ စက်တပ်သမ္ဗန်များ အသုံးပြုကြကြောင်း၊ သက်ဆိုင်ရာ သမ္ဗန်ဆိပ်များတွင် ယခင်ကကဲ့သို့ အသက်ကယ်အင်္ကျီများ ဝတ်ဆင်ကြရန် စနစ်တကျ ကြီးကြပ်မှုမပြုနိုင်ခြင်းကြောင့် ခရီးသည်များမှာ အသက်ကယ်အင်္ကျီဝတ်ဆင်မှုအားနည်းရခြင်းဖြစ်ကြောင်း၊ ခရီးသွားများအသက်အန္တရာယ်ကင်းဝေးစေရေးအတွက် ညစ်ပတ်စွန်းထင်းနံစော်နေပြီး ခရီးသွားများ ဝတ်ဆင်လိုခြင်းမရှိသည့် အသက်ကယ်အင်္ကျီများအစား ဝတ်ထားရန်လည်းမလို၊ ခရီးသည်များ၏ အသက်လုံခြုံမှုအား ပိုမိုအထောက်အကူပြုနိုင်သည့် အသက်ကယ်ဗောကွင်းများ ပြန်လည်အသုံးပြုစေလိုကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# ကလေးအသက်ကယ်ထိုင်ခုံခါးပတ်အသုံးပြုရေး အများပြည်သူသို့ နှိုးဆော်ချက်

မြန်မာနိုင်ငံအတွင်း ပြည်သူများ မော်တော်ယာဉ်စီးနင်းအသုံးပြုသွားလာမှု မြင့်တက်လာသော်လည်း အတူလိုက်ပါသည့် အသက်(၁၀)နှစ်အောက်ကလေးငယ်များအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကလေးအသက်ကယ်ထိုင်ခုံခါးပတ် အသုံးပြုမှုနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။ အသက်(၂)နှစ်အောက် ကလေးငယ်များအား လူကြီးတစ်ဦးဦးက ရင်ခွင်ပိုက်စီးနင်းခြင်း၊ အသက် (၂) နှစ်မှ (၁၀) နှစ်ကြားရှိ ကလေးငယ်များအား လူကြီးအသက်ကယ် ထိုင်ခုံခါးပတ်များကို ဝတ်ဆင်အသုံးပြုခြင်း (သို့မဟုတ်) အသက်ကယ်ထိုင်ခုံခါးပတ် လုံးဝအသုံးမပြုဘဲ လိုက်ပါခြင်းတို့ဖြင့် ခရီးသွားလာလျက်ရှိကြပါသည်။

မော်တော်ယာဉ်ဖြင့် ခရီးသွားလာစဉ်အတွင်း အသက်(၁၀)နှစ်အောက် ကလေးငယ်များကို ရင်ခွင်ပိုက်ထားခြင်း၊ ကလေး၏ ကိုယ်ခန္ဓာအရွယ်အစားနှင့် မကိုက်ညီသော အသက်ကယ်ထိုင်ခုံခါးပတ်များကို အသုံးပြုစေခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုနှင့်တိမ်းမှောက်မှုဖြစ်စဉ်များ၌ ရင်ခွင်မှ လွတ်ထွက်ခြင်း၊ ထိုင်ခုံမှ လွင့်စဉ်ခြင်းဖြင့် ကလေးငယ်များ အသက်ဆုံးရှုံးမှုနှင့် ပြင်းထန်စွာထိခိုက်ဒဏ်ရာရမှုတို့ တွေ့ကြုံရနိုင်ပါသည်။

နိုင်ငံတကာတွင် ကလေးငယ်များ၏ အသက်အရွယ်နှင့် အရပ်အမြင့်အလိုက် ထုတ်လုပ်ထားသည့် ကလေးအသက်ကယ်ထိုင်ခုံခါးပတ်များကို နည်းစနစ်မှန်ကန်စွာ အသုံးပြုလျက် ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်များတွင် ကလေးငယ်များ အသက်ဆုံးရှုံးမှုနှင့် ပြင်းထန်စွာ ထိခိုက်မှုမရှိရအောင် ကာကွယ်စောင့်ရှောက်လျက်ရှိကြပါသည်။ အသက်အရွယ်နှင့် လျော်ညီသော ကလေးအသက်ကယ်ထိုင်ခုံခါးပတ်ကို မှန်ကန်စွာ အသုံးပြုခြင်းဖြင့် ယာဉ်တိုက်မှုဖြစ်စဉ်များအတွင်း ကလေးငယ် ၁၀၀ လျှင် ၇၀ အား အသက်ကယ်ဆယ်နိုင်ခဲ့ကြောင်း သုတေသနတွေ့ရှိချက်များ၌ လေ့လာတွေ့ရှိရပါသည်။

လက်ရှိပြင်ဆင်ရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ(မူကြမ်း)၌ "မည်သူမျှ သတ်မှတ်ထားသည့် မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် ယာဉ်ပေါ်ပါရှိသော အသက် ၁၀ နှစ်အောက် ကလေးငယ်များအား ကလေးအသက်ကယ်ထိုင်ခုံကို အသုံးမပြုဘဲ စီးနင်းစေခြင်း မပြုရ"ဟူ၍ ထည့်သွင်းရေးဆွဲထားပြီး နည်းဥပဒေများတွင်လည်း ကလေးအသက်ကယ်ထိုင်ခုံခါးပတ် အသုံးပြုခြင်းဆိုင်ရာများကို ထည့်သွင်းပြဋ္ဌာန်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မော်တော်ယာဉ်စီးနင်းအသုံးပြုစဉ်အတွင်း မိမိတို့၏ ရင်သွေးကလေးငယ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လသားအရွယ်မှ အသက်(၁၀)နှစ်အထိ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအလိုက် ထုတ်လုပ်ထားသော ကလေးအသက်ကယ်ထိုင်ခုံခါးပတ်များကို အသုံးပြုကြရန်နှင့် နောင်တွင် သက်ဆိုင်ရာ ဥပဒေ/နည်းဥပဒေများနှင့်အညီ ဖြစ်စေရေး ကြိုတင်လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**



အသက်(၁)နှစ်အရွယ်အထိရှိ ကလေးငယ်များအတွက် နောက်သို့မျက်နှာမူ ထိုင်ရသည့် ကလေးထိုင်ခုံ



အသက်(၁)နှစ်အရွယ်မှ အသက်(၄)နှစ်အထိ ကလေးငယ်များအတွက် ရှေ့ဘက် (သို့) နောက်သို့ မျက်နှာမူထိုင်ရသည့် ကလေးအသက်ကယ်ထိုင်ခုံ



အသက်(၄)နှစ်အထက် ကလေးငယ်များအတွက် ရှေ့ဘက်သို့ မျက်နှာမူထိုင်ရသည့် ကလေးထိုင်ခုံ (သို့) Booster Seat



အသက်(၁၀)နှစ်အထက် ကလေးငယ်များအတွက် ရှေ့ဘက်သို့ မျက်နှာမူထိုင်ရသည့် ကလေးအသက်ကယ်ထိုင်ခုံ

# ဗီတာမင်နှင့် သတ္တုဓာတ်များ၏ အာနိသင်ထက်မြက်စေမည့် နည်းလမ်းများ

ဒေါက်တာ ညွန့်ရွှေအောင် (ညောင်ဦး)

**ဗီတာမင် (Vitamin) နှင့် သတ္တုဓာတ် (Mineral) တို့သည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များ ဖြစ်ပါသည်။ အဆိုပါဓာတ်များကို နေ့စဉ်စားသောက်နေသော အစားအစာများထဲမှ ရရှိနိုင်သည့်အပြင် ဆေးဝါးပုံစံဖြင့်လည်း ရရှိနိုင်ပါသည်။ ခန္ဓာကိုယ်တွင် ဗီတာမင်နှင့် သတ္တုဓာတ်များ လုံလောက်စွာရရှိနေပါက ကျန်းမာပြီး ပုံမှန်ထက်များလျှင် (သို့မဟုတ်) ပုံမှန်ထက်နည်းလျှင် ရောဂါရရှိနိုင်ပါသည်။ ထို့အပြင် ရောဂါများခံစားနေရပါက ဗီတာမင်နှင့် သတ္တုဓာတ်များ ချို့တဲ့နိုင်ပါသည်။**



ဗီတာမင်ဟုဆိုရာတွင် ရေတွင်ပျော်ဝင်သော ဗီတာမင်များနှင့် ဆီတွင်ပျော်ဝင်သော ဗီတာမင်များဟူ၍ ရှိပါသည်။ ရေတွင်ပျော်ဝင်သော ဗီတာမင်များတွင် ဗီတာမင်ဘီအုပ်စုနှင့် ဗီတာမင်စီဟူ၍ ရှိပါသည်။ ဆီတွင်ပျော်ဝင်သော ဗီတာမင်များတွင် ဗီတာမင်အေ၊ ဗီတာမင်ဒီ၊ ဗီတာမင်အီးနှင့် ဗီတာမင်ကေဟူ၍ ရှိပါသည်။

သတ္တုဓာတ်များဟုဆိုရာတွင် Major Minerals နှင့် Trace Minerals ဟူ၍ ရှိပါသည်။ Major Minerals အုပ်စုတွင် ကယ်လ်စီယမ်၊ ကလိုရိုက်ဒ်၊ မဂ္ဂနီစီယမ်၊ ဖော့စ်ဖောရပ်စ်၊ ပိုတက်စီယမ်၊ ဆိုဒီယမ်နှင့် ဆာလ်ဖာဟူ၍ ရှိပါသည်။ Trace Minerals တွင် ခရိုမီယမ်၊ ကြေးနီ၊ ဖလိုရိုက်၊ အိုင်အိုဒင်း၊ သံဓာတ်၊ မဂ္ဂနိ၊ မိုလီဒီနမ်၊ ဆယ်လီနီယမ်နှင့် သွပ်ဓာတ်ဟူ၍ ရှိပါသည်။

ဗီတာမင်နှင့် သတ္တုဓာတ်များအကြောင်းကို သိရှိပြီးလျှင် ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သော ဆေးဝါးများ မှီဝဲပါက အာနိသင်ထက်မြက်စေမည့် နည်းလမ်းများကို ၂၀၁၉ ခုနှစ် ဧပြီလထုတ် Reader's Digest ထဲမှ " 9 Ways to Make Vitamins and Minerals Work Better" အကြောင်းအရာကို ဘာသာပြန်ရေးသားလိုက်ရပါသည်။

**အစာနှင့်အတူ မှီဝဲပါ**

ဗီတာမင်နှင့် သတ္တုဓာတ်များ မှီဝဲပါက အစာနှင့်အတူ မှီဝဲပါ။ သို့မှသာ စုပ်ယူမှုအားကောင်းပြီး ပျို့ခြင်းကို ကာကွယ်ပေးပါသည်။ သို့သော် ခြွင်းချက်ရှိပါသည်။ သံဓာတ်ပါသော ဆေးကို မှီဝဲပါက စုပ်ယူမှုအားကောင်းစေရန် အစာမရှိချိန် မှီဝဲသင့်ပါသည်။

**အခြားဆေးဝါးများနှင့် မည်ကဲ့သို့ ဓာတ်ပြုနိုင်သနည်း**

ဗီတာမင်နှင့် သတ္တုဓာတ်ပါသော ဆေးဝါးများသည် အခြားသောဆေးဝါးများနှင့် ဓာတ်ပြုနိုင်ပါသည်။ ဥပမာ - ကယ်လ်စီယမ်သည် သိုင်းရွိုက်ဆေးတစ်မျိုးဖြစ်သော levothyroxine ၏ စုပ်ယူမှုကို အနှောင့်အယှက်ဖြစ်စေပါသည်။ အခြားတစ်ဖက်တွင်လည်း အကူအညီပေးမှုများလည်း ရှိပါသည်။ စိတ်ကျရောဂါကုသသော ဆေးဝါးများကို Omega-3 ပါဝင်သော ငါးကြီးဆီနှင့်အတူ မှီဝဲပါက စိတ်ကျရောဂါကုသသော ဆေးဝါးများ၏အာနိသင် ပိုမိုကောင်းမွန်စေပါသည်။ သွေးကျဲ ဆေးဝါး သောက်သုံးနေသော လူနာသည် Fish Oil၊ Vitamin E တို့နှင့်အတူ သောက်သုံးမိပါက သွေးကြောများပေါက်ပြီး လေဖြတ်နိုင်ပါသည်။ သို့ဖြစ်၍ ဗီတာမင်နှင့် သတ္တုဓာတ်များမမှီဝဲခင် ဆေးဝါးပညာရှင် (သို့မဟုတ်) ဆရာဝန်နှင့် တိုင်ပင်သင့်ပါသည်။

**တွဲသောက်ပါ**

"အချို့ဗီတာမင်နှင့် သတ္တုဓာတ်များသည် အတူတွဲသောက်ပါက အာနိသင်ပိုမိုထက်မြက်စေသည်။ ဥပမာ - Vitamin D နှင့် $K_2$ တို့သည် ကယ်လ်စီယမ်၏ စုပ်ယူမှုကို ပိုမိုကောင်းမွန်စေပါသည်။ ဗီတာမင်စီနှင့် သံဓာတ်တွဲသောက်ပါက စုပ်ယူမှုအားကောင်းစေသည့်အပြင် သံဓာတ်၏ ဆိုးကျိုးများဖြစ်သော ဝမ်းချုပ်ခြင်း၊ ပျို့ခြင်းတို့ကို သက်သာစေပါသည်" ဟူ၍ မေရီလင်းဆေးတက္ကသိုလ်မှ လက်ထောက်ပါမောက္ခ Dr. Chris D' Adamo က ပြောကြားထားပါသည်။

**ခွဲခြားသောက်ပါ**

အချို့ဗီတာမင်နှင့် သတ္တုဓာတ်များသည် ခွဲခြားသောက်မှသာ အာနိသင်ရရှိပါသည်။ ဥပမာ - ကယ်လ်စီယမ်နှင့် သံဓာတ်သောက်နေသောသူသည် သံဓာတ်ကို နံနက်တိုင်း အစာမစားခင် သောက်သင့်ပြီး ကယ်လ်စီယမ်ကို ညနေပိုင်းတွင် သောက်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကယ်လ်စီယမ်သည် သံဓာတ်၏ စုပ်ယူမှုကို တားဆီးသောကြောင့် ဖြစ်ပါသည်။

**ကူညီပေးပါသည်**

ပရိုဘိုင်အိုးတစ်ဟု ခေါ်သော ကောင်းကျိုးပြု ဗက်တီးရီးယားများသည် အစာချေဖျက်မှုကို ကူညီပေးပါသည်။ အပင်အခြေပြု အစာခြေအင်ဇိုင်းများသည် အာဟာရဓာတ်များ၏ စုပ်ယူမှုကို ကူညီပေးပါသည်။

**မည်ကဲ့သို့ ထိန်းသိမ်းထားမည်နည်း**

Omega-3 ပါဝင်သော ငါးကြီးဆီဆေးများကို အေးမြ ပြီး မှောင်သောနေရာတွင် ထားရှိသင့်ပါသည်။ သို့မှသာ အာနိသင်ထက်မြက်စေပါသည်။

**သဘာဝကို အားပေးပါ**

ဗီတာမင်အီးသည် စွမ်းအားရှိသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်ပါသည်။ ဗီတာမင်အီးကို သုံးစွဲမည်ဆိုပါက သဘာဝပုံစံသာ သုံးစွဲသင့်ပါသည်။ ဆေးဘူး၊ ဆေးပုလင်းပေါ်တွင် "d-alpha - tocopheryl acetate" ဟု ရေးထားပါက သဘာဝပုံစံဖြစ်ပြီး "dl- alpha - tocopheryl acetate" ဟု ရေးထားပါက လူလုပ်ပုံစံ (Synthetic) ဖြစ်ပါသည်။

**ကော်ဖီသောက်ပြီး ၁၅ မိနစ်ကြာမှ ဗီတာမင်ဆေးများသောက်ပါ**

နံနက်ပိုင်းတွင် ကော်ဖီသောက်ခြင်းသည် ဗီတာမင်နှင့် သတ္တုဓာတ်များ၏ စုပ်ယူမှုကို အနှောင့်အယှက်ပြုပြီး အရိုးထဲမှ ကယ်လ်စီယမ်ဓာတ်ကို အရည်ပျော်စေပါသည်။ သို့ဖြစ်၍ တစ်နေ့လျှင် ကော်ဖီသုံးခွက်ထက် ပို၍မသောက်သင့်ပါ။ ထို့အပြင် ကော်ဖီသောက်ပြီး ၁၅ မိနစ်ကြာမှ ဗီတာမင်ဆေးများကို သောက်ပါ။

**မည်သည့်အချိန်တွင် သောက်မည်နည်း**

ဗီတာမင်ဘီအုပ်စုသည် စွမ်းအင်ရှိပြီး တက်ကြွစေသောကြောင့် နံနက်ပိုင်းတွင် သောက်သင့်ပါသည်။ အခြားသော ဗီတာမင်နှင့် သတ္တုဓာတ်များသည် ငိုက်မျဉ်းစေသောကြောင့် ညနေပိုင်းတွင် သောက်သင့်ပါသည်။ မဂ္ဂနီစီယမ်ဆေးများသည်လည်း ငိုက်မျဉ်းစေသောကြောင့် ညပိုင်းတွင်သာ သောက်သင့်ပါသည်။

**နိဂုံး**

ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သော ဆေးများ မှီဝဲရာတွင် ဖော်ပြပါနည်းလမ်းများကို သိရှိလိုက်နာခြင်းဖြင့် ဗီတာမင်နှင့် သတ္တုဓာတ်များ၏ အာနိသင်များသည် ထက်မြက်လာမည် ဖြစ်သည်။ ။

**"သွေးကျဲဆေးဝါးသောက်သုံးနေသော လူနာသည် Fish Oil၊ Vitamin E တို့နှင့်အတူ သောက်သုံးမိပါက သွေးကြောများပေါက်ပြီး လေဖြတ်နိုင်ပါသည်။ သို့ဖြစ်၍ ဗီတာမင်နှင့် သတ္တုဓာတ်များမမှီဝဲခင် ဆေးဝါးပညာရှင် (သို့မဟုတ်) ဆရာဝန်နှင့် တိုင်ပင်သင့်"**

## ငါးသရောက်မြို့ ပျဉ်းပင်ဆည် ရေထိန်းတံခါးရေမလုံမှုကြောင့် ဆည်ထဲရှိရေများ ထွက်နေမှုကို အမြန်ပြုပြင်ပေးရန် ဒေသခံများလိုလား

**ငါးသရောက် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါးသရောက်မြို့ အမှတ်(၂)မြောက်ကုန်းရပ်ရှိ ပျဉ်းပင်ဆည်တွင်တပ်ဆင်ထားသည့် ရေထိန်းတံခါးသည် လွန်ခဲ့သည့်တစ်နှစ်ကျော်ကတည်းက ပျက်စီးနေသော်လည်း ယနေ့ချိန်အထိ ပြုပြင်ထိန်းသိမ်းနိုင်ခြင်းမရှိဘဲ ဝင်ရောက်သည့်ရေများ ပြန်ထွက်နေကြောင်း ဒေသခံတစ်ဦးဖြစ်သူ ဦးကိုလတ်ထံမှ သိရသည်။



အဆိုပါ ပျဉ်းပင်ဆည်သည် ဩဂုတ်လအတွင်းက ရွာခဲ့သည့် မိုးများကြောင့် ပျဉ်းပင်ဆည်ထဲသို့ ရေအတော်များများ ဝင်ရောက်ခဲ့ကြောင်း၊ ထိုဆည်ရှိ ရေထိန်းတံခါးမှာ လွန်ခဲ့သည့် တစ်နှစ်ကျော်မှ ရေထိန်းတံခါးအောက်ခြေမလုံတော့ဘဲ ဆည်ရှိရေများ ထွက်ကုန်ကာ ဆောင်းဦးပေါက်တွင်ပင် ရေခန်းခြောက်သွားခဲ့ရာ ယခုလအတွင်း မိုးရွာသွန်းမှုကြောင့် ရေများလာ၍ ရေထိန်းတံခါးမှ ရေများအဆက်မပြတ်ထွက်နေပြီး ဝင်ရောက်နေသည့်မိုးရေများ ရေထိန်းတံခါးမလုံမှုကြောင့် ရေအားလုံးထွက်သွားမည်ကို ဒေသခံပြည်သူများနှင့် ဆည်အောက်ဘက် စိုက်ပျိုးရေးလုပ်ကိုင်ကြသူများက စိုးရိမ်နေကြကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

ပျဉ်းပင်ဆည်၊ ပပြားဆည်၊ မြနန္ဒာကန်တော်ကြီးကန်တို့တွင် ရေများပြည့်လျှံနေပါက အောက်ဘက်ရှိ အဝီစိရေတွင်းများ၊ လက်ငင်တွင်းများနှင့် ရေတိမ်တွင်း စိုက်ပျိုးရေးလုပ်ကိုင်သည့်စိုက်ပျိုးရေးတောင်သူများ ရေတွင်းများ၊ အဝီစိရေတွင်းများ ရေပေါကြောင်း လက်ငင်တွင်းဖြင့် စိုက်ပျိုးရေးလုပ်ကိုင်နေသည့် ဦးကြည်စိုးက ပြောသည်။

ငါးသရောက်မြို့သည် ရေအလွန်ရှားသည့် အပူပိုင်းရပ်ဝန်းတွင် တည်ရှိသည့် မြို့ဖြစ်ကာ တစ်နှစ်ပတ်လုံး မိုးရေချိန် ၂၀ လက်မထက် မရွာသည့်ဒေသဖြစ်ပြီး ရေကန်ကြီးများနှင့် ဆည်အသေးလေးများကို အဓိကမှီခိုအားထားနေရသည့် မြို့တစ်မြို့ဖြစ်သည်။ ယင်းအမှတ်(၂)မြောက်ကုန်းရပ်ရှိ ပျဉ်းပင်ဆည်ပျက်စီးနေပြီး မလုံခြုံသည့် ရေထိန်းတံခါးကို ရေများထွက်၍ မကုန်ခင် သက်ဆိုင်ရာဦးစီးဌာနမှ အမြန်ဆုံးပြုပြင်ပေးရန် ငါးသရောက်မြို့ မြို့မိမြို့ဖများက လိုလားလျက်ရှိကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## မြို့နယ်ပညာရေးမှူးဖလား ယူ- ၁၄ ဘောလုံးဗိုလ်လုပွဲ သီပေါ၌ကျင်းပ

**သီပေါ ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ပညာရေးမှူးဖလားအခြေခံပညာကျောင်းပေါင်းစုံ ယူ -၁၄ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ ညနေ ၄ နာရီက ဒုဋ္ဌဝတီမြို့နယ် ပြည်သူ့အားကစားကွင်း၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်ဦးတို့က အမှာစကားပြောကြားပြီး မြို့နယ်အားကစားမှူးဒေါ်သန်းရွှေမာက ပြိုင်ပွဲတစ်လျှောက်အတွေ့အကြုံများကို သုံးသပ်ဆွေးနွေးသည်။

ထို့နောက် နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ကျင်းပရာ သီပေါအထက(၂)ဘောလုံးအသင်းနှင့် အထက နမ့်လန်အသင်းတို့ ယှဉ်ပြိုင်ကြရာ သီပေါ အထက(၂) အသင်းက လေးဂိုး - ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဆုရရှိသည့် ဘောလုံးအသင်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အားကစား မှူးနှင့် တာဝန်ရှိသူများကအသင်းအလိုက်ဒိုင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၆** - စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

## ရန်ကုန်ဘတ်(စ်)ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ဘတ်(စ်)ကား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ မော်တော်ယာဉ်များတွင် အသုံးပြုရန်အတွက် 11R 22.5, 295/80 R 22.5 တာယာများနှင့် အရန်စက်ပစ္စည်း (Spare Parts)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူတင်သွင်းရန်-

(က) **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၇-၈-၂၀၁၉ရက်မှ ၄-၉-၂၀၁၉ရက်ထိ

(ခ) **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၆-၉-၂၀၁၉ရက် (သောကြာနေ့) ၁၆း၀၀နာရီ

(ဂ) **တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - အမှတ်(၇) ထောက်ကြန့် မြို့ရှောင်လမ်း၊ မှော်ဘီမြို့နယ်၊ YBPC ရုံးချုပ်

၃။ အသေးစိတ်အချက်အလက်များကို တင်ဒါစိစစ်ရေးအဖွဲ့ ဖုန်း ၀၉-၉၇၇၄၀၇၇၇၁ နှင့် ၀၉-၉၇၇၄၀၇၈၀၁သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**YBPC ရုံးချုပ်**


## မိုးသောက်ပန်းအဆင့်မြင့်မှုကြို

(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)

"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက် နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက် မိုးသောက်ပန်း ရှိနေမယ်"

နံနက်(၉း၀၀)နာရီမှ (၃း၀၀)နာရီအထိ

ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။

(1) Junction ဝေနအနီး Ph-01-571545, 09-5126882,09-43122883

(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph-01-200917, 09-43122884

(3) ရန်ကင်း၊ ကျောက်ကုန်း Ph-01-566592, 09-421008133



GWH M&E Engineering Co.,Ltd တွင်တာဝန်ထမ်းဆောင်ရန် ရေ/မီးကျွမ်းကျင် ဝန်ထမ်းများအလိုရှိပါသည်။ နယ်မှလျှောက်ထားလိုသူများ ဦးစားပေးမည်။

အမှတ် ၁၁၀၆၊ ပုလဲကွန်ဒို၊ တိုက် C ၊ ၁၁လွှာ၊ ဗဟန်းမြို့နယ်တွင် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့တိုင်း မနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအတွင်း ကိုယ်ရေးအချက်အလက် အပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

Ph: 09-797 389 292



## ရောင်းမည်

HIKVISION (CCTV), Camera DVD နှင့် ဆက်စပ်ပစ္စည်း လက်ကျန်စာရင်းများ အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်-ဖုန်း-၀၉-၅၄၀၇၅၉၇၊ ၀၉-၇၇၅၄၀၇၅၉၇


## ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် အသားထုတ်လုပ်ခွင့်လိုင်စင်များ လျှောက်ထားနိုင်

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (၁-၁၀-၂၀၁၉ရက်မှ ၃၀-၉-၂၀၂၀)ရက်ထိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်အသားထုတ်လုပ်ရုံများဌာနက သတ်မှတ်ထားသောသတ်ရုံနှင့်နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည့် အသားထုတ်လုပ်ခွင့်လိုင်စင် (ကျွဲ၊ နွား၊ သိုး၊ ဆိတ်)ရှာသာကြီး၊ (ဝက်)ရှာသာကြီး၊ (ဝက်)ရှာမ၊ (ကျွဲ၊ နွား၊ သိုး၊ ဆိတ်) မွေးမြူရေးနှင့် မွေးမြူရေးထွက်ကုန်ပစ္စည်းထုတ်လုပ်ရေးဇုန်၊ လှိုင်သာယာ၊ (သိုး-ဆိတ်)ရွှေပြည်သာ၊ မြို့နယ်တွင်းအသားထုတ်လုပ်ခွင့် (ဒလမြို့နယ်/ကျွဲ၊ နွား၊ ဝက်)နှင့် (ဆိပ်ကြီးခနောင်တို မြို့နယ်/ကျွဲ၊နွား)လိုင်စင်တို့၏ အသားထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာများကို တစ်စုံလျှင် (၃၀၀၀ိ/-)နှုန်းဖြင့် ၂၉-၈-၂၀၁၉ရက်မှစ၍ တိရစ္ဆာန်ဆေးကုနှင့်အသားထုတ်လုပ်ရုံများဌာန(ရုံးချုပ်)၊ (၁၂)ထပ်ခွဲရုံး၊ သတ္တမထပ်၊ (၄၆)လမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းကြား၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ဝယ်ယူ၍ ၆-၉-၂၀၁၉ရက်နောက်ဆုံးထား ပြန်လည်တင်ပြလျှောက်ထားရမည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**တိရစ္ဆာန်ဆေးကုနှင့်အသားထုတ်လုပ်ရုံများဌာန**


## မာလာတင် အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ။ လူဦးရေကန့်သတ်သည်။

၂-၉-၂၀၁၉ရက်စမည်။ အမှတ် ၂၉၇၊ အခန်း-၆

စုံစမ်းချိန် နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း မဟာဗန္ဓုလပန်းခြံလမ်း ရန်ကုန်မြို့။

ဖုန်း-၃၈၄၉၂၄၊ ၃၇၉၇၃၅



## ဖျံ-၅-ကောင် အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁၈

ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)

Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594

GENEVA GOLD STAR FOR QUALITY

LONDON QUALITY CROWN QC 100



## ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များအထူး ဈေးကောင်းပေးဝယ်သည်။

09-5089354
09-5180139


## တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်တက္ကသိုလ်၊ သမိုင်းဌာန(ပထမနှစ်)မှ မောင်စိုးမင်းဦးနှင့်မော်လမြိုင်မြို့ အထက(၁၀) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဝင်းထွန်းတို့၏ဖခင် ဦးအောင်မင်းစိုးနှင့် ဦးမင်းစိုး ၁၀/ပမန(နိုင်)၁၁၉၈၄၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်မင်းစိုး(ခ)ဦးမင်းစိုး**

## ကုန်အမှတ်တံဆိပ် တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈၂)နေသူ ဦးဝေလင်းမောင် (ဘ)ဦးညိုစိမ့် ၉/ပမန(နိုင်)၁၅၈၈၂၈၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။




အထက်ဖော်ပြပါ **နွားရိုင်း**ကုန်အမှတ်တံဆိပ်တွင် **တံဆိပ်အောက်ခံ အနက်ရောင်၊ တံဆိပ်ဝဲဘက်အပေါ်အထက်ပိုင်းတွင် နီညိုရောင်၊ အလယ်ပိုင်းတွင် လိမ္မော်ရောင်မျဉ်းတန်းနှင့် ၎င်းမျဉ်းတန်း၏ အလယ်တွင် အနီရောင်စက်ဝိုင်းနောက်ခံဖြင့် မြေဝါရောင်နွားရိုင်းတစ်ကောင် ဇော့နေပုံ**ကို ဖော်ပြထားပါသည်။ မြန်မာဘာသာဖြင့် **နွားရိုင်း**ဟူသော အဖြူရောင်လေးထောင့် သဏ္ဌာန်စကားရပ်ကို အပြာရောင်အနားသတ်ဖြင့် ဖော်ပြထားပါသည်။ ၎င်းအောက်တွင် မြန်မာဘာသာဖြင့် **အဆင့်မြင့်**ဟူသောစကားကို အစိမ်းနုရောင်ဖြင့် ဖော်ပြထားပြီး ၎င်းနှင့်ယှဉ်လျက် အနီရောင်အဖြူကွပ် ဖော်ပြထားသော ဖိနပ်ဟူသော စကားရပ်နှင့် ၎င်းစာတမ်းအောက်တွင် **ဖုန်း ၀၉-၄၅၆၇၈၆၅၇၅** ဟုဖော်ပြထားပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၆၄၃/၂၀၁၇)ဖြင့် ၂၀-၃-၂၀၁၇ရက်တွင် မူပိုင်ခွင့်အတွက် မှတ်ပုံတင်ထားခဲ့ပြီး ကျား/မ စီးသားရေဖိနပ်၊ ကတ္တီပါဖိနပ်၊ ကွင်းထိုးဖိနပ် အရွယ်စုံကို ထုတ်လုပ်၍ မြန်မာပြည်တစ်ဝန်း၌ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

အထက်ပါအမှတ်တံဆိပ်ကို တုပ၍ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှား ပြုလုပ်ခြင်းနှင့် ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများ မပြုမလုပ်ရန်နှင့်ပြုလုပ်မှုများကို တွေ့ရှိပါက ကျွန်ုပ်၏မိတ်ဆွေ ဦးဝေလင်းမောင်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေလင်းမောင်၏ လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဦးမောင်မောင်ချို** | **ဦးချိုညီညီ** | **ဦးတိုးဝေအောင်** |
| **Diploma in Secretarial Practice, LL.B** | **(LL.B)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၅၇၃၀/၉၁)** | **(စဉ်-၄၃၅၇၄)** | **(စဉ်-၄၇၆၄၆)** |

**အမှတ်(၁၂/၂၃)၊ မနောသုခလမ်း၊ မကျည်းတောရပ်၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉-၂၆၂၆၉၀၀၀၃**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း အ၄မတန်းမှ ကျောင်းဝင်အမှတ် KA-၄၂၆၆ ဖြစ်သူ မောင်သူရိန်ထွန်း၏ဖခင် ဦးမဲနှင့် ဦးနောင်မဲ ၆/မအရ(နိုင်)၀၆၂၂၉၆မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးမဲ(ခ)ဦးနောင်မဲ**

## ဖခင်အမည်မှန်

တမူးမြို့၊ အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မဇွန်မြင့်မိုရ်စံ၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့် ၅/တမန(နိုင်)၀၀၄၄၁၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ မေတ္တာမြို့ အထက (မေတ္တာကျောင်း)၊ တက္ကသိုလ်ဝင်တန်းမှ နော်နှင်းဇပြီထူး၏ ဖခင်အမည်မှန်မှာ စောဖိုးထေ ၁၄/ငပတ(နိုင်)၀၂၀၅၉၀ ဖြစ်ပါကြောင်း။

**စောဖိုးထေ**

## ဖခင်အမည်မှန်

တမူးမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်းမှ မပန်းအိစံ၏ ဖခင်အမည်မှန်မှာ ဦးငွေဝင်း ၈/တတက(နိုင်)၀၅၈၄၅၃ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ပုလော မြို့နယ်၊ ပလောက်မြို့၊ ခန္တီကျေးရွာအုပ်စု တောင်ခေါင်းလောင်းရွာနေ ဦးထွန်းငွေ၏ သား မောင်ဇေယျာထွန်းနှင့် မောင်ဇေယျာ ၆/ပလတ(နိုင်)၀၀၂၂၆၆မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မောင်ဇေယျာထွန်း(ခ)မောင်ဇေယျာ**

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ချောင်းဆုံ(တ) အလက အ၄မတန်းမှ မောင်သိန်းထိုက်စံ၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုး ၅/တဆန(နိုင်)၀၆၇၇၅၄ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ အထက(ခွဲ)ဝေဒီ၊ အ၄မတန်းမှ မဇင်မီစိုး၏မိခင် ဒေါ်စန်းဝေနှင့် ဒေါ်စန်းစန်းဝေ ၆/လလန(နိုင်)၀၀၅၁၄၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စန်းဝေ(ခ)ဒေါ်စန်းစန်းဝေ**

## ဖခင်အမည်မှန်

ရေဦးမြို့နယ်၊ ရွာဗုကြီး အထက (ခွဲ) Grade-6မှ မောင်ဝင်းဟိန်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဆန်း ၅/တဆန(နိုင်)၀၅၉၃၉၄ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၄၃၄၆ Honda Wave 110,M/C ယာဉ်လက်ဝယ်ရှိသူ Shwe Khin Soe Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/3233၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖခင်အမည်မှန်

ပဲခူးမြို့၊ အထက(၆) တက္ကသိုလ်ဝင်တန်း(E)မှ မချစ်စုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ၇/သနပ(နိုင်)၁၂၉၁၃၂ ဖြစ်ပါကြောင်း။ **ဦးဇော်လင်း**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မနှင်းကေသွယ်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးမာမက်စရစ် ၁၀/ပမန(နိုင်) ၀၉၀၇၈၇ ဖြစ်ပါကြောင်း။ **ဦးမာမက်စရစ်**

## အမည်ပြောင်း

ဦးသိန်းသန်း ၉/မသန(နိုင်)၀၄၃၀၁၃ ၏ သား ကျောက်ဆည်မြို့ အစိုးရနည်းပညာ အထက်တန်းကျောင်း (MT)ဘာသာရပ်မှ မောင်ဉာဏ်မိုးထက်ကျော်အား မောင်ဉာဏ်မိုးထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(C)မှ မအိအိထွန်း၏ဖခင် ဦးတင့်တင့်ဝင်း ၉/စကန(နိုင်)၁၁၈၄၂၄နှင့် ဦးဝင်းလုံးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးတင့်တင့်ဝင်း(ခ)ဦးဝင်းလုံး**

## ဖခင်အမည်မှန်

ပခုက္ကူမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း (B)မှ မနှင်းအိလှိုင်၏ဖခင် ဦးမောင်အေး၏ အမည်မှန်မှာ ဦးတင်အေး ၈/ပခက(နိုင်) ၂၆၄၃၄၁ ဖြစ်ပါကြောင်း။

**ဦးတင်အေး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(E)မှ မောင်မျိုးမျိုးငွေ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဘို ၅/ကဘလ(နိုင်)၀၂၇၅၆၀ ဖြစ်ပါကြောင်း။ **ဦးအောင်ဘို**

## ဖခင်အမည်မှန်

ဂန့်ဂေါမြို့နယ်၊ တောင်ခင်ရန်း အထက တက္ကသိုလ်ဝင်တန်းမှ မောင်မင်းခန့်ကျော်နှင့်သတ္တမတန်းမှ မယွန်းသီရိတို့၏ ဖခင်အမည်မှန်မှာ ဦးဖုံးကျော် ၈/ဂဂန(နိုင်) ၀၂၂၁၂၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဖလေး (အထက) တက္ကသိုလ်ဝင်တန်းမှ မဖြိုးအိစံ၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၇/ကဝန(နိုင်)၀၃၆၀၂၆ ဖြစ်ပါကြောင်း။

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန်ချိန်းဆိုသည့်ရက်ကို လျှောက်ထားခံရသူထံသို့

## အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၁၅)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၁၉ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၇၂

| | | |
|---|---|---|
| ဦးတင်ထွန်း ပါ ၂ | **နှင့်** | **လျှောက်ထားသူများ** |
| ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ကျင်ဟွာ (ကိုယ်တိုင်နှင့် ကွယ်လွန်သူ ဒေါ်ထောက်ချိုင်း(ခ)ဒေါ်မေရီ၏ တရားဝင်ကိုယ်စားလှယ်) | | **လျှောက်ထားခံရသူ** |

၂၀၁၈ခုနှစ် နိုဝင်ဘာ ၁ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်မှ တရားမပြင်ဆင်မှုအမှတ် ၅၈၃/၂၀၁၇၏အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားခံရသူ ဒေါ်သန်းသန်းမြင့် (ခ)ဒေါ်ကျင်ဟွာ (ကိုယ်တိုင်နှင့်ကွယ်လွန်သူ ဒေါ်ထောက်ချိုင်း(ခ) ဒေါ်မေရီ၏ တရားဝင်ကိုယ်စားလှယ်)၊ အမှတ်(၁၈၅)(၁၈၇)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ သိစေရမည်။

ဤအမှုတွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်လပြည့်က တင်သွင်း၍ ဤရုံး၌မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့်ထိုပြင်ဆင်လျှောက်လွှာကို ၂၀၁၉ခုနှစ် စက်တင်ဘာလ(၆)ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန်ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၉ခုနှစ် ဩဂုတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းသိန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ဖခင်အမည်မှန်

ရေဦးမြို့၊ ပညာစံနန်းတော် ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်မင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းလင်း ၉/သပက(နိုင်) ၀၀၀၀၄၃ ဖြစ်ပါကြောင်း။ **ဦးဆန်းလင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဇော်မျိုးဦး၏သမီး ရေဦးမြို့၊ ပညာစံနန်းတော်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မဆုဇာခြည်ဦးနှင့် မစုဇာခြည်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မဆုဇာခြည်ဦး(ခ)မစုဇာခြည်ဦး**

## ဖခင်အမည်မှန်

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ကိုးရွာသပြေကုန်းအုပ်စု၊ ကံလှကျေးရွာနေ တက္ကသိုလ်ဝင်တန်းမှ မောင်ဇင်ကိုနိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်သန်း ၉/ဥတသ(နိုင်)၀၀၂၈၈၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရေဦးမြို့၊ ပညာစံနန်းတော် ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ရဲထက်အောင်၏ ဖခင်အမည်မှန်မှာဦးအောင်အောင်လတ် ၅/ခဥတ(နိုင်)၀၁၀၃၃၈ ဖြစ်ပါကြောင်း။

**ဦးအောင်အောင်လတ်**

## ဖခင်အမည်မှန်

ရေဦးမြို့၊ ပညာစံနန်းတော် ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း န၀မတန်းမှ မအေးအေးအောင်၏ ဖခင်အမည်မှန်မှာ ဦးဖိုးတင့် ၅/ခဥန(နိုင်)၀၃၀၇၁၃ ဖြစ်ပါကြောင်း။ **ဦးဖိုးတင့်**

## အမည်မှန်

မုံရွာမြို့ အထက(၃)န၀မတန်းမှ မရွှေဇင်မိုး၏ အမည်မှန်မှာ မရွှေစင်မိုး ၅/မကန(နိုင်)၁၀၈၁၉၃ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၈)၊ ဦးပိုင်အမှတ် (၇၅)၊ ဧရိယာ ၀ ဒသမ ၀၅၅၈ဧက အကျယ်အဝန်းရှိ မြေကွက်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဂရန်အမှုတွဲအမှတ် (၅၀၃/၁၉၉၀-၁၉၉၁)အရ ကျွန်တော် ဦးသန်းအောင်အမည်ဖြင့် နှစ်(၃၀)ဂရန်ချထားပေးသောမြေကွက်ဖြစ်ပြီး ယနေ့အချိန်ထိ လက်ရှိပိုင်ဆိုင်လျက်ရှိပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် ပတ်သက်သည့် မြေချထားမိန့်မူရင်း၊ ဂရန်စာချုပ်မူရင်း၊ ငွေသွင်းပြေစာမူရင်းများမှာ ကျွန်တော် ဦးသန်းအောင်၏ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးနေပါသဖြင့် သက်ဆိုင်ရာ ဌာနများတွင် တောမှမြို့ပြောင်းလျှောက်ထားခြင်း၊ ဂရန်သက်တမ်းတိုးခြင်းနှင့် ဂရန်မိတ္တူလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်တော် ဦးသန်းအောင်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးသန်းအောင် (ဘ) ဦးထွန်းကြွယ် ၉/မနမ(နိုင်)၀၇၁၄၃၁**
**ဖုန်း-၀၉-၄၀၂၅၃၂၂၀၂၊ ၀၉-၂၀၃၃၃၆၇**

## ဖခင်အမည်မှန်

မုံရွာမြို့ အထက(၃)န၀မတန်းမှ မရွှေစင်မိုး၊ မင်းကင်းမြို့နယ်၊ စမြင်မူလွန်ကျောင်း ဆ၄မတန်းမှ မရွှေဇင်အောင်နှင့် တတိယတန်းမှ မောင်အောင်ဇင်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးစိန်ကျော်တင့် ၅/မရန(နိုင်)၁၉၂၄၃၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့၊ လယ်ဇင် အထက အ၄မတန်း(B)မှ မောင်ငြိမ်းဇော်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်စန်းဝင်း ၅/မရန(နိုင်)၂၄၃၁၆၇ ဖြစ်ပါကြောင်း။





TMH TELECOM

## TMH Telecom Public Company Limited

Company Registration Number: 183629719 | YSX Code: 00005

# တတိယအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

TMH Telecom Public Company Limited ၏

တတိယအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များမှ ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

- ကျင်းပမည့်နေ့ရက် ◆ ၂၂-၉-၂၀၁၉ (တနင်္ဂနွေနေ့)
- အစည်းအဝေးကျင်းပမည့်အချိန် ◆ နံနက် (၉:၀၀)နာရီမှ (၁၁:၀၀)နာရီအထိ
- ကျင်းပမည့်နေရာ ◆ Pyay Ballroom, Novotel Yangon Max, No. 459 Pyay Rd., Kamayut Tsp., Yangon, Myanmar

၁။ အစည်းအဝေးတွင် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၏ နှစ်ချုပ်စာရင်းနှင့် ဘဏ္ဍာရေးရှင်းတမ်း၊ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ အလှည့်ကျတာဝန်ထမ်းဆောင်ခြင်း နှင့် ပြန်လည်ရွေးချယ်ခန့်အပ်မှုကို အတည်ပြုရန် ကိစ္စရပ်များ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်အဖြစ်ခန့်အပ်မှု အစရှိသည့်ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်မည်ဖြစ်ပါသည်။

၂။ အစည်းအဝေးအကြောင်းကြားစာကို (၂၈-၆-၂၀၁၉)ရက်နေ့ရှိ ရန်ကုန်စတော့အိပ်ချိန်းမှတစ်ဆင့်ထုတ်ပြန်ကြေညာချက်အရ (၂၆-၇-၂၀၁၉) ရက်နေ့ (Record Date) ရှိ အစုရှယ်ယာရှင်များစာရင်းအတိုင်း ဖိတ်ကြားလွှာများကို ပေးပို့ထားပါသည်။ အစည်းအဝေး ဖိတ်ကြားလွှာနှင့် တကွ ကုမ္ပဏီ၏ နှစ်ပတ်လည်အစီရင်ခံစာ (CD)၊ အစည်းအဝေးတက်ရောက်မဲပေးမည့် ပုံစံ၊ ကိုယ်စားလှယ်လွှဲစာပုံစံ၊ ဒါရိုက်တာအဖြစ် ပါဝင်ရွေးချယ်ခြင်း အဆိုပြုလွှာ၊ ဒါရိုက်တာအဖြစ် ရွေးချယ်ခံလိုသူ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အမြတ်ဝေစုနှင့်ပတ်သက်၍ ရှင်းလင်းဖော်ပြချက်များကို စာတိုက်မှ Register ဖြင့် ပေးပို့မည် ဖြစ်ပါသည်။

၃။ အကြောင်းအမျိုးမျိုးကြောင့် အစည်းအဝေးဖိတ်ကြားလွှာကို (၁၃-၉-၂၀၁၉)ရက်နေ့အထိ မရရှိသော အစုရှယ်ယာရှင်များအနေဖြင့် အမှတ် (၅၄)၊ Eastern Business Centre, Level 5, ဗိုလ်ကဲ့ညွန့်ရုပ်ကွက်၊ လေးထောင့်ကန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ TMH Telecom ကုမ္ပဏီရုံးချုပ်သို့ မှတ်ပုံတင်မူရင်းနှင့်တကွ အစုရှယ်ယာရှင်ကိုယ်တိုင် လာရောက် ထုတ်ယူနိုင်ပါသည်။

၄။ အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်းလိုသည့် အချက်အလက်များရှိပါက (၁၈-၉-၂၀၁၉)ရက်နေ့ ညနေ (၅)နာရီမတိုင်မီ နောက်ဆုံးထား၍ မေးမြန်းလိုသည့် အချက်အလက်များကို ကြိုတင်ပေးပို့နိုင်ပါရန် ပန်ကြားအပ်ပါသည်။

အမှုဆောင်ဒါရိုက်တာအဖွဲ့

TMH Telecom Public Company Limited

# ကမ္ဘာ့နဂါးလှေချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်လှေလှော်အသင်း ရွှေလေးခု၊ ငွေလေးခု၊ ကြေးငါးခု၊ နိုင်ငံအလိုက် အဆင့်ငါးရရှိ

**ရန်ကုန် ဩဂုတ် ၂၆**

အပြည်ပြည်ဆိုင်ရာ နဂါးလှေအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၁၄)ကြိမ်မြောက် ကမ္ဘာ့နဂါးလှေချန်ပီယံရှစ် ပြိုင်ပွဲကို ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ဩဂုတ် ၂၀ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင် လှေလှော်အသင်း ပွဲစဉ် ၁၅ မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ်ငါးခုရရှိကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည်။

အဆိုပါ ကမ္ဘာ့နဂါးလှေ ချန်ပီယံရှစ်ပြိုင်ပွဲတွင် အင်္ဂလန်၊ ဂျာမနီ၊ ယူကရိန်း၊ ကနေဒါ၊ ဩစတြေးလျ၊ ဟောင်ကောင်၊ ဗြိတိန်၊ အီတလီ၊ ပြင်သစ်၊ ဂျပန်၊ ဆွီဒင်၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ အီရန်၊ အမေရိကန်၊ တရုတ်(တိုင်ပေ)၊ ရုရှား၊ ချက်၊ စပိန်၊ ဆွစ်ဇာလန်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အိမ်ရှင် ထိုင်းအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၃၀ မှ ကစားသမား ၄၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မြန်မာလှေလှော်အားကစားအဖွဲ့သည် ပြိုင်ပွဲ၌ ယူ-၂၄ Premier အိုးပင်း အမျိုးသမီး မီတာ ၅၀၀၊ အသက် ၂၄နှစ်အောက် အမျိုးသမီး မီတာ ၂၀၀၊ အမျိုးသား+ အမျိုးသမီး မီတာ၂၀၀၀ Small Boat ၊ ယူ-၂၄ အမျိုးသမီးအလွတ်တန်း မီတာ၂၀၀၀ တွင် ရွှေတစ်ခုစီ၊ ယူ-၂၄ အမျိုးသမီး မီတာ ၅၀၀၊ အလွတ်တန်းအမျိုးသား ယူ-၂၄ မီတာ၂၀၀၊ ယူ-၂၄ အမျိုးသားအလွတ်တန်း၊ အမျိုးသား+အမျိုးသမီး အသက် ၂၄ နှစ်အောက် Small Boat Mixed မီတာ ၅၀၀ တွင် ငွေတစ်ခုစီ၊ အသက် ၂၄ နှစ်အောက် အမျိုးသား အမျိုးသမီး မီတာ ၂၀၀၊ Premier အမျိုးသား+ အမျိုးသမီး မီတာ ၂၀၀၊ အမျိုးသား+အမျိုးသမီး (၂၂)တက်လှော် Standard Boat မီတာ ၁၀၀၀၊ အမျိုးသမီး မီတာ၂၀၀၀(၁၀)တက်၊ အမျိုးသား+အမျိုးသမီး Premier Mixed မီတာ ၅၀၀ ကြေးတစ်ခုစီ အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။ ယင်းပြိုင်ပွဲဝင် နိုင်ငံပေါင်း ၃၀ အနက် မြန်မာအသင်းသည် နိုင်ငံအဆင့် ငါး ရရှိခဲ့ကြောင်း သိရသည်။

"ဒီပွဲမှာ ကျွန်တော်က အဖွဲ့ခေါင်းဆောင်အဖြစ်နဲ့ သွားရောက်ယှဉ်ပြိုင်ခဲ့တာပါ။ ပြိုင်ပွဲဝင်နိုင်ငံ ၃၀ က ကစားသမား ၄၀၀၀ လောက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကျွန်တော်တို့က ကစားသမား ၄၀ နဲ့ယှဉ်ပြိုင်ခဲ့တာပါ။ မူလရည်ရွယ်ချက်ကတော့ ၁၈ ပွဲ ပြိုင်မယ်။ ဒါပေမယ့်လည်း လူအခက်အခဲကြောင့် ၁၅ ပွဲပဲယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ✤



(၁၄)ကြိမ်မြောက် ကမ္ဘာ့နဂါးလှေချန်ပီယံရှစ်ပြိုင်ပွဲ၌ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရယူပေးခဲ့သည့် မြန်မာ့လက်ရွေးစင်လှေလှော်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

# အောင်လအန်ဆန်၏ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲကို အောက်တိုဘာ ၁၃ ရက်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

**ONE မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်၏ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲကို အောက်တိုဘာ ၁၃ ရက်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။**




ONE မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်။
ဓာတ်ပုံ-ဖိုးသော်ဇင်

အောင်လအန်ဆန်သည် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ဖိလစ်ပိုင်နိုင်ငံသား ဘရန်ဒါဗီရာနှင့် ထိုးသတ်မည်ဖြစ်ပြီး ချန်ပီယံဆုရအပြီး နှစ်နှစ်နီးပါးအကြာမှ ပထမဆုံးကာကွယ်ပွဲ ထိုးသတ်ရခြင်းဖြစ်သည်။ ဘရန်ဒန်ဗီရာသည် ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်ပြီး ကိုယ်အလေးချိန်လျှော့ချကာ ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်သလို အောင်လအန်ဆန်မှာလည်း ယခုပွဲအတွက် ကိုယ်အလေးချိန်မြှင့်ကာ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့်ပြိုင်ပွဲ၌ အောင်လအန်ဆန်နှင့် ဘရန်ဒန်ဗီရာတို့၏ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲကို Main-Event အဖြစ် ကျင်းပမည်ဖြစ်ပြီး Co-Main Event အဖြစ် ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲတွင် ဘီဘီယာနို (ဘရာဇီး) နှင့် ဘီလင်ဂွန် (ဖိလစ်ပိုင်) တို့ ထိုးသတ်မည်ဖြစ်ကာ ဖလိုင်းဝိတ်တန်း မွေထိုင်းကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲအဖြစ် ရိုထောင် (ထိုင်း) နှင့် ဝေါလ်တာ (ဘရာဇီး)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❑


## မူဆယ်မြို့ သိန်းသန်းချီကားကြီးကွင်းသို့ ခရီးသည်ယာဉ်ခုနစ်စီး ရောက်ရှိလာ
*စာမျက်နှာ » ၁၁*

## မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကစားရန် တရုတ်နိုင်ငံသို့ ထွက်ခွာ
*စာမျက်နှာ » ၁၂*

## မင်းလှမြို့နယ်၌ ကျောက်မီးသွေးတွင်း မြေပြိုမှုဖြစ်၍ တွင်းတူးလုပ်သား လေးဦး ပိတ်မိနေ
*စာမျက်နှာ » ၁၃*


# ဗီယက်နမ် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲ အဖွင့်ပွဲ မြန်မာအသင်းရှုံးနိမ့်

**ရန်ကုန် ဩဂုတ် ၂၆**

ဥရောပဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးကူညီမှုဖြင့် ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဗီယက်နမ် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ကျင်းပရာ မြန်မာအသင်းသည် အဖွင့်ပွဲ၌ ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ခဲ့ပြီး ခြောက်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်သည် ပြိုင်ပွဲစတင်ခါနီးမှ ပွဲစဉ်များ အပြောင်းအလဲပြုလုပ်ခဲ့ပြီး မြန်မာအသင်းသည် မူလရေးဆွဲထားသည့် ပွဲစဉ်အနေအထားအရ ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သော်လည်း တောင်ကိုရီးယားနှင့် ပြောင်းလဲကစားခဲ့ရခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင် ဗီယက်နမ်၊ ရုရှား၊ တောင်ကိုရီးယားနှင့် မြန်မာအသင်းတို့ ပတ်လည်စနစ်ဖြင့်ကျင်းပနေပြီး မြန်မာအသင်းသည် အုပ်စုလက်ကျန်ပွဲများအဖြစ် ဩဂုတ် ၂၈ ရက်တွင် ဗီယက်နမ်အသင်း၊ ဩဂုတ် ၃၀ ရက်တွင် ရုရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၂၆** - ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**


စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော် ရန်ကုန် - ဗုဒ္ဓဂယာ တိုက်ရိုက် အမှန်အကန် စရိတ်ငြိမ်း ခရီးစဉ်များ

၈ ရက် - ဒေါ်လာ ၆၂၅
၁၀ ရက် - ဒေါ်လာ ၆၇၅
၁၂ ရက် - စရံ (၂) + သိန်း - ဒေါ်လာ ၇၂၅
၁၅ ရက် - ဒေါ်လာ ၇၇၅
၁၅ ရက် (ကိုယ်ကတ္တားပါ) - ဒေါ်လာ ၈၂၅

ယခင်နှစ်အတိုင်း ဈေးနှုန်းမတက်ဘဲ နီပေါနိုင်ငံရှိ ဘုရားရှင်၏ ဓါတ်တော်များ ကိန်းဝပ်တော်မူရာ ရာမဂါမ်စေတီ ကုန်းတော်ရာ နှင့် ရောဟိဏီမြစ် စသည့်ဘုရားဌာနများအား ထပ်မံပို့ဆောင်ပေးပါမည်။ ဝါရင့်ဝန်ထမ်းများနှင့်အတူ ဝန်ဆောင်မှုများထပ်မံတိုးချဲ့ထားပါသည်။ သီတင်းကျွတ်/တန်ဆောင်တိုင်များအတွက် ကြိုတင်နေရာယူနိုင်ပါပြီ။
ရက်တို၊ ဟိုတယ် နှင့် သီးသန့်ခရီးစဉ်များ စီစဉ်ပေးပါသည်။ စရံငွေချေ/ဦးရာလူစနစ်
ရန်ကုန် - ဂယာ - ရန်ကုန် လေယာဉ်လက်မှတ်များလည်း ဝယ်ယူရရှိနိုင်ပါသည်။
ရုံးချုပ် - ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃
ရုံးခွဲ - အမှတ်(၁၁၀)၊ မြေညီထပ်၊ (၃၉)လမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။ ၀၁-၂၄၀၀၄၇၊ ၀၉-၅၃၂၁၀၀၂ ရန်ကုန်မြို့တွင်း Home Service
Website : www.khinnandartravel.com Facebook Page - ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီ Email : khinnandartravels@gmail.com